

# သတ္တုကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း -- အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှု ခွင့်ပြုမိန့် ထုတ်ပေးသည့် လုပ်ငန်းစဉ် တိုးတက်စေရန် အကြံပြုချက်များ

**Sebastian Sahla and Hosana Chay**

အောက်တိုဘာလ ၂၀၁၉

Natural Resource Governance Institute

# မာတိကာ


အနှစ်ချုပ် ...... ၃

အလေ့အကျင့်ကောင်းများ စာရင်း ...... ၈

ရည်ရွယ်ချက်များနှင့် ပါဝင်သည့် အကြောင်းအရာများ ...... ၉

အခန်း ၁။ ။ အသေးစားနှင့် လက်လုပ်လက်စား သတ္တုတူးဖော်ထုတ်လုပ်မှုကဏ္ဍ
ဗဟိုချုပ်ကိုင်မှု လျော့ချသည့် လုပ်ငန်းစဉ် အခြေအနေ ...... ၁၂

အခန်း ၂။ ။ သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ချထားပေးနိုင်သည့် လုပ်ပိုင်ခွင့်
ချထားပေးခြင်းကြောင့် ပေါ်ပေါက်သည့် အခွင့်အလမ်းများနှင့် အခက်အခဲများ ...... ၂၉

အခန်း ၃။ ။ ပြည်နယ်/တိုင်းဒေသကြီးမှ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှု
ခွင့်ပြုမိန့်များ ချထားပေးနေမှု ပုံစံကို အဆင့်မြှင့်ခြင်း ...... ၄၃

အခန်း ၄။ ။ ပြုပြင်ပြောင်းလဲမှုအတွက် အလေးအနက်ထား စဉ်းစားရမည့် ကိစ္စများ ...... ၆၂

နိဂုံး ...... ၆၄

နောက်ဆက်တွဲ ၁။ ပြည်နယ်/တိုင်းဒေသကြီးများတွင် လက်ရှိ ကျင့်သုံးနေသည့်
လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး အသေးစိတ် အချက်အလက်များ ...... ၆၆

နောက်ဆက်တွဲ ၂။ စာရင်းစာအုပ် ပုံစံ ...... ၆၉

နောက်ဆက်တွဲ ၃။ ခွင့်ပြုမိန့် စာရင်းမှတ်တမ်း ပုံစံ ...... ၇၀

နောက်ဆက်တွဲ ၄။ လျှောက်လွှာသုံးသပ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်း ...... ၇၁

နောက်ဆက်တွဲ ၅။ ပုံစံ ၄၀ နမူနာ ...... ၇၄

နောက်ဆက်တွဲ ၆။ ဓာတ်သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်များနှင့် စာချုပ်များ ခွင့်ပြုရာတွင်
ပေါ်ပေါက်လေ့ရှိသည့် အဂတိလိုက်စား ကိစ္စများ ...... ၇၅

ကိုးကားစာရင်း ...... ၇၆


*Cover image: Artisanal copper miner in Sagaing, by Lauren DeCicca for NRGI*

## အဓိက အချက်များ

- အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှု ခွင့်ပြုမိန့် ထုတ်ပေးခွင့်ကို ပြည်နယ်/တိုင်းဒေသကြီးများသို့ လွှဲပြောင်းပေးခဲ့သည်။ ကောင်းစွာ စီမံနိုင်ခဲ့ပါက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် တူးဖော်သူများ၊ ဓာတ်သတ္တု တူးဖော်ခြင်းကြောင့် နစ်နာရသည့် ရပ်ရွာများ လိုလားချက်၊ ပူပန်မှုများနှင့် ပို၍နီးစပ်သည့် အစိုးရ မူဝါဒများကို ဖြစ်ပေါ်စေမည် ဖြစ်သည်။

- ဓာတ်သတ္တုတူးဖော်မှု ကဏ္ဍာတွင် ဖြစ်ပေါ်နေသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်တွင် အလေးအနက် သတိထားရမည့် ကိစ္စများ ထွက်ပေါ်လာသည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် လုပ်ပိုင်ခွင့် အသစ်များ တိုးလာသော်လည်း ၎င်းတာဝန် လုပ်ပိုင်ခွင့်များကို ထိရောက်စွာ အသုံးချနိုင်ရန် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ အားနည်းနေသည်။ ဥပဒေ သတ်မှတ်ချက်များသည် ဝေဝါးပြီး၊ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်။ ဥပမာအားဖြင့် ခွင့်ပြုမိန့် ချပေးရန် ဆုံးဖြတ်ရာတွင် အသုံးပြုသည့် စံသတ်မှတ်ချက်၊ လုပ်ငန်းစဉ်များနှင့် လုပ်ငန်းဌာနများ၏ တာဝန်များကို တိတိကျကျ သတ်မှတ်ထားခြင်း မရှိပါ။ လက်ရှိ အခြေအနေအရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အဂတိလိုက်စားမှုနှင့် မှားယွင်းစီမံမှုများကို ဖြစ်လာစေနိုင်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် လူမှုဝန်းကျင်ဆိုင်ရာ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ် ပေးသည့် သတ်မှတ်ချက်များ မရှိဘဲနှင့် ခွင့်ပြုမိန့်များ ချထားပေးခြင်းကို မြင့်တက်လာစေနိုင်သည်။ အကြီးစား ဓာတ်သတ္တု တူးဖော်ခြင်းနှင့် ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်သည်။ နောက်ဆုံးတွင် ပြည်နယ်/တိုင်းဒေသကြီးအနေဖြင့် အသေးစား၊ လက်လုပ်လက်စား ထုတ်လုပ်သူများနှင့် ရပ်ရွာများ၏ အခြေအနေကို မြှင့်တင်ပေးနိုင်ခွင့် ဆုံးရှုံးနိုင်သည်။

- ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးမှုများကို ရှောင်ရှားရန် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် အလျင်အမြန် လှုပ်ရှားရန် လိုသည်။ လုပ်ထုံးလုပ်နည်းများ၊ ခွင့်ပြုမိန့် ချထားပေးရာတွင် အသုံးပြုသည့် စံနှုန်းများ၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်သည့် ဌာန အစုအဖွဲ့များနှင့် ပတ်သက်ပြီး ရှင်းလင်းစွာ သတ်မှတ်ခြင်း၊ ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များ စီမံခြင်းနှင့် သိမ်းဆည်းခြင်းအတွက် ပို၍ထိရောက်သည့် စနစ်များ ထားရှိခြင်း၊ ပွင့်လင်းမြင်သာမှု အားကောင်းအောင် ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအစိုးရနှင့် နီးနီးကပ်ကပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားဝင်လုပ်ငန်းစဉ် ဖြစ်စေရန် မဟာဗျူဟာ ချမှတ် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရမည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် အလေ့အကျင့်ကောင်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများ ဖြစ်ပေါ်လာစေရန် စောင့်ကြည့် ထိန်းကျောင်းသည့် အစုအဖွဲ့များမှာ အလွန်အရေးပါသည်။

## အတိုကောက်စာလုံးနှင့် အဓိပ္ပာယ်များ

| | |
|---|---|
| ASM - | Artisanal and small-scale mining (အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှု) |
| DGSE - | Department of Geological Survey and Mineral Exploration (ဓာတုဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန) |
| ECC - | Environmental Compliance Certificate (ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်) |
| ECD - | Environmental Conservation Department (ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန) |
| EIA - | Environmental Impact Assessment (ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း) |
| EITI - | Extractive Industries Transparency Initiative (သတ္တု သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး) |
| GAD - | General Administration Department (အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန) |
| GIS - | Geographic information system (ပထဝီ သတင်းအချက်အလက် စနစ်) |
| IEE - | Initial Environmental Examination (ကနဦး ပတ်ဝန်းကျင် ဆန်းစစ်မှု) |
| MMK - | Myanmar kyat (မြန်မာကျပ်ငွေ) |
| MONREC - | Ministry of Natural Resources and Environmental Conservation (သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန) |
| MATA - | Myanmar Alliance for Transparency and Accountability (မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာ မဟာမိတ်အဖွဲ့) |
| MCRB - | Myanmar Centre for Responsible Business (မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြု ဌာန) |
| ME-1 - | Mining Enterprise 1 (အမှတ် ၁ သတ္တုတွင်းလုပ်ငန်း) |
| ME-2 - | Mining Enterprise 2 (အမှတ် ၂ သတ္တုတွင်းလုပ်ငန်း) |
| NRGI - | Natural Resource Governance InstitutePEP - Politically exposed person (နိုင်ငံရေးသြဇာရှိ ပုဂ္ဂိုလ်) |
| TANKS - | Transparency and Accountability Network of Kachin State |
| UTM - | Universal Transverse Mercator |
| VFV Law - | Virgin, Vacant and Virgin Lands Management Law (မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေ) |

# အနှစ်ချုပ်

မကြာသေးမီက ပြင်ဆင်ပြောင်းလဲခဲ့သော သတ္တုကဏ္ဍ ဥပဒေမူဘောင်တွင် အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တုထုတ်လုပ်မှု ခွင့်ပြုမိန့်ချထားခြင်း လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုအစိုးရက ပြည်နယ်/တိုင်းဒေသကြီး ၁၄ ခုသို့ ခွဲပေးခဲ့သည်။ မြန်မာ့ သတ္တုတူးဖော်သည့်ကဏ္ဍ စီမံမှု တိုးတက်လာစေရန် အခွင့်အလမ်းတစ်ခု ဖြစ်နိုင်သကဲ့သို့ နိုင်ငံရေး အပြောင်းအလဲကိုလည်း အထောက်အပံ့ ဖြစ်စေသည်။ လက်ရှိ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်တွင် အခက်အခဲများ ကြုံတွေ့နေရသည်။ အသေးစားနှင့် လက်လုပ်လက်စား ဓတ်သတ္တု ထုတ်လုပ်သူများ၏ အခြေအနေ မြှင့်တင်ပေးနိုင်ရေးနှင့် ဒေသခံ စတိတ်ဟိုဒါများ ပြောရေးဆိုခွင့် ရှိလာအောင် ဆောင်ရွက်နိုင်သည့် အခွင့်အရေးများကို လက်လွတ်နိုင်ရဖွယ် ရှိသည့်သဘော ဖြစ်သည်။ ရင်ဆိုင်ရဖွယ်ရှိသည့် အခက်အခဲများကို ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများနှင့် စောင့်ကြည့်ရေး အစုအဖွဲ့များမှ ရှောင်ရှား ကျော်ဖြတ်ရာတွင် လက်တွေ့ကျသည့် လမ်းညွှန်ချက် တစ်ခုအနေဖြင့် ယခုစာတမ်းကို The Natural Resource Governance Institute (NRGI) မှ ပြုစုရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးကို အဓိက ပံ့ပိုးပေးသည့် ကဏ္ဍဖြစ်သည်။ နှစ်စဉ် ဒေါ်လာသန်းနှင့်ချီ လည်ပတ်နေပြီး လူသန်းပေါင်းများစွာ၏ ဘဝကို အထောက်အပံ့ဖြစ်စေကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ လက်လုပ်လက်စား၊ အသေးစား သတ္တုတူးဖော်မှု အများအပြားရှိသည့် နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း တရားမဝင် ဆောင်ရွက်မှု အများအပြားနှင့် ရင်ဆိုင်နေရသည်။ တူးဖော်သူ အများစုမှာ အစိုးရထံမှ ခွင့်ပြုမိန့် မရပဲ တူးဖော်ကြခြင်း ဖြစ်သည်။ အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှုကဏ္ဍ သဘာဝ ပတ်ဝန်းကျင်၊ လူမှုဝန်းကျင် ဆိုးရွားဝါး နစ်နာမှုများ၊ စီမံမှု ဆိုင်ရာ အခက်အခဲများနှင့် ဆက်နွယ်နေသည်။

ဓာတ်သတ္တုကဏ္ဍ ဥပဒေမူဘောင်ကို အစဉ်အဆက် ဗဟိုမှ တင်းကျပ်စွာ ချုပ်ကိုင်ခဲ့သည်။ အစိုးရမူဝါဒတွင် အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှုကဏ္ဍကို လုံးဝ လျစ်လျူရှုထားသည်။ အခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့်အတူ ၂၀၁၅ ခုနှစ် မြန်မာ့သတ္တုတွင်းဥပဒေ၊ ၂၀၁၈ သတ္တုတွင်းနည်းဥပဒေများသည် အစိုးရ၏ ကဏ္ဍစီမံပုံ အပြောင်းအလဲ ကြီးကြီးမားမား ဖြစ်ပေါ်ခဲ့သည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှုကဏ္ဍ ခွင့်ပြုမိန့်များ ချထားပေးနိုင်ခွင့်နှင့် အခွန်ကောက်ယူခွင့် ရှိလာသည်။

ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် စိစစ်ရေးအဖွဲ့မှ အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တု ထုတ်လုပ်မှု ခွင့်ပြုမိန့်များ ထုတ်ပေးသည်။ ပြည်နယ်/တိုင်းဒေသကြီး သယံဇာတ ဝန်ကြီးများသည် ယင်းအဖွဲ့များ၏ ဥက္ကဋ္ဌဖြစ်သည်။ အဖွဲ့တွင် အစိုးရဌာန အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သည်။ ပြည်ထောင်စုအစိုးရသည် အသေးစားနှင့် လက်လုပ်လက်စား ဓာတ်သတ္တုထုတ်လုပ်မှု ဇုန်ကို သတ်မှတ်ထားပြီး ပြည်နယ်/တိုင်းဒေသကြီးများကို ယင်းဇုန်အတွင်း ကျရောက်သည်များကိုသာ ခွင့်ပြုမိန့် ထုတ်ပေးရန် တိုက်တွန်းထားသည်။ (အတိအကျ သတ်မှတ်ထားခြင်း မရှိပါ) ယင်းသတ်မှတ်ချက်အပြင် ပြည်နယ်/တိုင်းဒေသကြီးအနေဖြင့် ခွင့်ပြုမိန့် ချထားခြင်းနှင့်ပတ်သက်ပြီး ဥပဒေတွင် အနည်းငယ်သာ ဖော်ပြထားသည်။

လက်တွေ့တွင် ခွင့်ပြုမိန့် လျှောက်ထားခြင်း၊ လက်ခံခြင်း လုပ်ငန်းစဉ်တွင် အဆင့်များစွာ ပါဝင်ပြီး၊ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်အဆင့်မှ ဆုံးဖြတ်ချက်ချသူများ ပါဝင်သည်။ လုပ်ငန်းစဉ်များသည် ရှုပ်ထွေးသည်၊ ပွင့်လင်းမှု မရှိပဲ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခုလည်း တူညီမှု မရှိပါ။ ယခု စာတမ်းပြုစုနေစဉ်အတွင်း ဓာတ်သတ္တုထုတ်လုပ်သည့် ပြည်နယ်/တိုင်းဒေသကြီး အများစုသည် လျှောက်လွှာများကို စတင်လက်ခံနေပြီ ဖြစ်သော်လည်း ခွင့်ပြုမိန့် ချထားပေးမှု အပိုင်းတွင် တိုးတက်မှု နှေးကွေးနေဆဲဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသည် ၂၀၁၈ ဩဂုတ်မှ ၂၀၁၉ မတ်လဆန်းပိုင်းထိ လျှောက်လွှာပေါင်း ၄၀၀၀ ကျော်ကို လက်ခံရရှိခဲ့သော်လည်း ၎င်းကာလအတွင်း ခွင့်ပြုမိန့် တစ်ခုမှ ချထားပေးခြင်း မရှိခဲ့ပါ။

ဆုံးဖြတ်ချက်ချခြင်းနှင့် ဥပဒေစည်းကြပ်မှုကို လုပ်ကွက်များနှင့် နီးနီးနားနားတွင် ဆောင်ရွက်နိုင်သည် ဖြစ်သောကြောင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ကဏ္ဍစီမံမှုကို တိုးတက်စေနိုင်သည်။ နိုင်ငံတကာ

အတွေ့အကြုံများအရ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် တရားဝင် တူးဖော်မှုကို လွယ်လွယ်ကူကူနှင့် အလျင်အမြန် ဖြစ်ပေါ်စေ၊ ကုန်ကျစရိတ် သက်သာစေသည်။ နစ်နာရသည့် ရပ်ရွာများ၏ လိုလားချက်နှင့် နီးစပ်သည့် အစိုးရ မူဝါဒများကို ပေါ်ထွက်စေသည်။ သတ္တုတူးဖော်မှုနှင့် ပတ်သက်ပြီး ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် နှစ်ပေါင်းများစွာ ဗဟိုမှ တင်းကျပ်စွာ ချုပ်ကိုင်ထားသည့် အာဏာရှင်စနစ်မှ ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ လွှဲအပ်ပေးသည့် လုပ်ငန်းစဉ် အစိတ်အပိုင်းလည်း ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၏ အရည်အသွေးနှင့် အရင်းအမြစ်များ စုစည်းတည်ဆောက်မှုကို အထောက်အကူပြုသည်။ ရေရှည်တွင် ဆယ်စုနှစ်ချီ ဖြစ်နေသည့် ပြည်တွင်းပဋိပက္ခကို အဆုံးသတ်ရန်အတွက် အဓိက အကြောင်းအရာဖြစ်သော ဖက်ဒရယ်ကို ဦးတည်သည့် လမ်းကြောင်း အတွက် အစပျိုးပေးခြင်း ဖြစ်သည်။

လက်ရှိဆောင်ရွက်နေသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်ပုံစံသည် ဖော်ပြခဲ့ပါ ကောင်းကျိုးရလဒ်များကို လက်လွတ်ရမည့် အနေအထား ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် လုပ်ပိုင်ခွင့် အသစ်များ ရရှိလာသော်လည်း ၎င်းလုပ်ပိုင်ခွင့်များကို ထိရောက်စွာ အသုံးချနိုင်သည့် ကျွမ်းကျင်မှုနှင့် အရင်းအမြစ်များ ရှိမနေပါ။ ဥပဒေ သတ်မှတ်ချက်များသည် တိကျမှုမရှိ၊ တစ်ခုနှင့်တစ်ခု ဖီလာနေပြီး ဌာနဆိုင်ရာများ၏ တာဝန်များကိုလည်း တိတိကျကျ သတ်မှတ်ထားခြင်း မရှိပါ။ ဆုံးဖြတ်ချက် ချသူများကို ထိထိရောက်ရောက် ထောက်ပြ စိစစ်မှုလည်း မရှိသောကြောင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် –

- **အဂတိလိုက်စားမှုနှင့် လူတစ်စု ကောင်းစားရေးကို ဦးတည်စေခြင်း** – ပြည်ထောင်စုအဆင့် သတ္တုတူးဖော်မှုကဏ္ဍ စီမံမှုတွင် အဂတိလိုက်စားမှု ကိစ္စသည် အခက်အခဲတစ်ခု ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းအားဖြင့် ပြည်နယ်နှင့် တိုင်းအဆင့်တွင် ယင်းပြဿနာများကို ထပ်မံဖြစ်ပွားစေ၊ ပို၍ဆိုးသွားစေနိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်သည် ရှုပ်ထွေး နေးကွေးပြီး ပါဝင်သည့် အစုအဖွဲ့ အများအပြား ရှိသည်။ ဌာနများ၏ တာဝန်များနှင့်၊ လျှောက်လွှာသုံးသပ်ရာတွင် အသုံးပြုသည့် စံနှုန်းများမှာ ရှင်းလင်းမှု မရှိပါ။ လျှောက်ထားမှုကို အတည်ပြုရန် တာဝန်ရှိသူများ လာဘ်ငွေတောင်းခြင်းများ ဖြစ်ပွားနိုင်သည်။ မြို့နယ်အဆင့် စိစစ်မှုတွင် အများဆုံး ဖြစ်နိုင်ချေရှိသည်။
- **နှောင့်နှေးမှုနှင့် မှားယွင်းစီမံမှုများကို မြင့်တက်စေခြင်း** – ပြည်နယ်/တိုင်းဒေသကြီးမှ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်သည် အလုပ်မဖြစ်မှုများ၊ မှားယွင်းစီမံမှုများ ဖြစ်ရန် အလားအလာ အလွန်များသည်။ စွမ်းဆောင်ရည် အကန့်အသတ်ရှိခြင်း၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်သူ များခြင်းနှင့် ၎င်းတို့ကြား ညှိနှိုင်းမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။ ခွင့်ပြုမိန့် ရရှိရန် ကာလရှည် စောင့်ရခြင်းကို ဖြေဆိုသူများက တညီတညွတ်တည်း စောဒက တက်ကြသည်။ တရားဝင်တူးဖော်မှု ရှိလာအောင် ဆောင်ရွက်ခြင်းကို စိတ်ဝင်စားစေရန် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း၏ သက်ရောက်မှုများကို အားနည်းသွားစေနိုင်သည်။
- **ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့်ပတ်သက်ပြီး တသမတ်တည်း ဖြစ်ရန် ဆောင်ရွက်မှုကို ရှုပ်ထွေးစေခြင်း** – နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင်မြေပုံစနစ် ပေါ်ပေါက်လာစေရန် စီစဉ်လျက်ရှိသည်။ အစိုးရ၏ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်ကို ပို၍ ပွင့်လင်းမြင်သာစေမည်ဖြစ်ပြီး ထိရောက်မှုလည်း အားကောင်းစေမည်ဖြစ်သည်။ ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးရှိ ဌာနဆိုင်ရာများကြား စနစ်များ မတူညီခြင်းသည် တစ်နိုင်ငံလုံး စနစ်တစ်ခု စုပေါင်း အသုံးပြုရန်အတွက် ရှုပ်ထွေးမှု ဖြစ်စေသည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် ပထဝီ အချက်အလက်စနစ် (GIS) ကို အသုံးမပြုကြသဖြင့် ခွင့်ပြုမိန့် ထပ်ခြင်းများကို ဖြစ်စေနိုင်သည်။
- **ကဏ္ဍကြောင့်ဖြစ်ပေါ်လာသည့် လူမှုဝန်းကျင်၊ သဘာဝဝန်းကျင် ထိခိုက်မှုများ ကုစားနိုင်မှု မရှိခြင်း** – လူမှုဝန်းကျင်၊ သဘာဝဝန်းကျင် ထိခိုက်မှုများ စီမံခြင်းနှင့်ပတ်သက်ပြီး အမှန်တကယ် အသုံးတည့်သည့် ဥပဒေမူဘောင် မရှိပါ။ တူးဖော်သူများအတွက် သတ်မှတ်ထားချက်များမှာ တစ်ခုနှင့် တစ်ခု ဆန့်ကျင်နေသည်၊ လက်တွေ့မဆန်သဖြင့် လျစ်လျူရှု ရှောင်ထိုးခံနေရသည်။ တူးဖော်သူများ အနေဖြင့် နှစ်ရှည် ခွင့်ပြုမိန့်အတွက်ဖြစ်စေ ကျသင့်သည့် အခွန်အခများ၊ အခကြေးငွေများကို တစုတပေါင်းတည်း ပေးစေခြင်းသည် တာဝန်ရှိသူများမှ ၎င်းတို့ ကြီးကြပ်နိုင်သည့် ပမာဏထက် များသည့် ခွင့်ပြုမိန့်များ ထုတ်ပေးခြင်းကို ဦးတည်စေနိုင်သည်။ ပြည်ထောင်စုအဆင့် ပတ်ဝန်းကျင် ထိန်းသိမ်းမှု ဦးစီးဌာနတွင် စွမ်းဆောင်ရည် အကန့်အသတ်ရှိခြင်း၊ ပြည်နယ်/တိုင်းဒေသကြီးတွင် ဖြစ်ပေါ်နေသည့် လုပ်ငန်းစဉ်များနှင့် အချိတ်အဆက်မရှိခြင်းကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အကာအကွယ်ပေးသည့် သတ်မှတ်ချက်များ အလုံအလောက် ပြင်ဆင်ခြင်းမရှိပဲ ခွင့်ပြုမိန့် အများအပြား ထုတ်ပေးခြင်း ဖြစ်နိုင်သည်။

- **အကြီးစား တူးဖော်ထုတ်လုပ်သူများနှင့် ပဋိပက္ခ ဖြစ်ပွားခြင်း** – အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခွင့်ပြုမိန့်ကို ပြည်နယ်/တိုင်းဒေသကြီးမှ ထုတ်ပေးပြီး အလတ်စားနှင့် အကြီးစား ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရမှ ဆက်လက်ချုပ်ကိုင်ထားခြင်းကြောင့် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် လုပ်ငန်းစဉ်မှာ ပို၍ရှုပ်ထွေးရသည်။ အလုပ်ဖြစ်သည့် ညှိနှိုင်းမှု လုပ်ငန်းစဉ်များ မရှိပါက အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများနှင့် အကြီးစား ရင်းနှီးမြှုပ်နှံသူကြား လုပ်ကွက်ထပ်ခြင်းများ ပေါ်ပေါက်လာနိုင်သည်။ ပဋိပက္ခများကို ပေါ်ပေါက်စေနိုင်ပြီး၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကို တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်းကို ထိခိုက်စေနိုင်သည်။ အကြီးစား ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကိုလည်း လျှော့ကျစေနိုင်သည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် လုပ်ငန်းစဉ်ကို ပို၍ထိရောက်စွာ စီမံနိုင်ရန် ပြုပြင်ပြောင်းလဲမှုကြီးများ ပြုလုပ်ရန် လိုသည်။ အစိုးရ အဆင့်ဆင့်ကြား နီးစပ်စွာ ညှိနှိုင်းမှု လိုအပ်ပြီး အချိန်ယူရမည့် ရှုပ်ထွေးသည့် လုပ်ငန်းစဉ်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် ပေါ်ပေါက်လာသည့် အခက်အခဲများကို ဖြေရှင်းရန်အတွက် အချိန်မဆိုင်းပဲ၊ စည်းချက်ညီ ဆောင်ရွက်မှုများကိုလည်း ပြုလုပ်နေရန် လိုသည်။ အောက်တွင် ဖော်ပြထားသည့် လုပ်ငန်းများသည် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများကို လက်ရှိ ဖြစ်ပေါ်နေသည့် ဥပဒေမူဘောင် အကန့်အသတ် အတွင်းမှ ၎င်းတို့ တာဝန်များအား ထိရောက်စွာ၊ ပွင့်လင်းမြင်သာမှုရှိစွာနှင့် ဆောင်ရွက်နိုင်ရန် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။



ကယားပြည်နယ်မှ လက်လုပ်လက်စား သံဖြူ တူးဖော်သူများ။ ဓာတ်ပုံ ယုယုမြင့်သန်း

## သုံးသပ်မှု လုပ်ငန်းစဉ်များ၊ စံနှုန်းများနှင့် ဌာနဆိုင်ရာ တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ပြီး ချပြပါ။

ပြည်နယ်/တိုင်းဒေသကြီးများမှ လျှောက်လွှာများ သုံးသပ်မှု ဆောင်ရွက်ပုံ အတိအကျ သို့မဟုတ် ရှင်းရှင်းလင်းလင်း ဖော်ပြထားချက် လုံလုံလောက်လောက် မရှိပါ။ ထိုအချက်သည် အဂတိလိုက်စားမှု၊ မှားယွင်းစီမံမှုနှင့် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် –

- လျှောက်လွှာသုံးသပ်သည့် လုပ်ငန်းစဉ်အတွက် မူဘောင် သတ်မှတ်ပါ။ ဦးရာလူစနစ်ကို ကျင့်သုံးပါ။ တစ်ချိန်တည်းမှာပင် တရားမဝင် တူးဖော်မှု ပြုလုပ်နေသူများနှင့် ဒေသခံ ရပ်ရွာများကို အကာအကွယ်ပေးသည့် သတ်မှတ်ချက်များကိုလည်း ထည့်သွင်း ပြဋ္ဌာန်းရမည်။
- သုံးသပ်မှု လုပ်ငန်းစဉ် အဆင့်တစ်ခုခြင်းစီတွင် ပါဝင်သည့် လုပ်ငန်းများကို အသေးစိတ် သတ်မှတ်ပါ။ တာဝန်ရှိသူများ ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကို ရှင်းလင်းစွာ ဖော်ပြထားပေးရမည်။ ပြည်နယ်/တိုင်းဒေသကြီးအနေဖြင့် ပါဝင်သည့် အဆင့်များကို လျှော့ချပြီး လုပ်ငန်းစဉ်ကို ရိုးရှင်း

လွယ်ကူအောင် ဆောင်ရွက်သင့်သည်။

- ပါဝင်သည့် ဌာနအစုအဖွဲ့များနှင့် ၎င်းတို့၏ တာဝန်များကို အတိအကျ သတ်မှတ်ပြီး ဆုံးဖြတ်ချက်ချရာတွင် ပါဝင်သူ အရေအတွက်ကို လျော့ချကာ လုပ်ငန်းစဉ်ကို ရိုးရိုးစင်းစင်း ဖြစ်စေရန် ဆောင်ရွက်သင့်သည်။
- သုံးသပ်မှု လုပ်ငန်းစဉ် တဆင့်ခြင်းအလိုက် ပြီးဆုံးရမည့် အချိန်ကာလကို ရှင်းလင်းစွာ သတ်မှတ်ပါ။
- ရှင်းလင်းသည့် ဥပဒေကို အခြေခံ၍ ဓမ္မဓိဌာန်ကျသည့် စံနှုန်းများကို ဖော်ထုတ်သတ်မှတ်ပါ။

## ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များ စီမံရန် နှင့် သိမ်းဆည်းမည့် စနစ်များ သတ်မှတ်ပါ။

လေ့လာမှု ပြုလုပ်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများသည် စာရင်းစာအုပ်၊ အီလက်ထရောနစ်စာရင်းမှတ်တမ်းများ အသုံးပြုပြီး ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို စီမံကြသည်။ ၎င်းသည် အခြေခံကောင်း ဖြစ်သည်။ သို့သော်လည်း ပြည်နယ်/တိုင်းဒေသကြီးသည် ၎င်းတို့ လုပ်ငန်းဆောင်ရွက်ပုံကို ပြည်ထောင်စုအစိုးရ၏ ဆောင်ရွက်ပုံနှင့် လိုက်ဖက်ညီအောင် ဆောင်ရွက်သင့်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် –

- နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်နှင့်အညီ စာရင်းစာအုပ်တွင် လျှောက်လွှာများကို ပုံမှန် မှတ်တမ်းတင်ပါ။ ဦးရာလူစနစ် ကျင့်သုံးနိုင်ရန်အတွက် လျှောက်လွှာ လက်ခံရရှိသည့် အချိန် အတိအကျကိုပါ မှတ်တမ်းတင်ရန် လိုသည်။
- ခွင့်ပြုမိန့် မှတ်တမ်းစာရင်းပုံစံကို နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင်မြေပုံစနစ် သတ်မှတ်ချက်နှင့် ကိုက်ညီစေရန် ဆောင်ရွက်ရမည်။ ခွင့်ပြုမိန့်များ မြေပုံထုတ်ရာတွင် တူညီသည့် GIS ကိုဩဒိနိတ်များ အသုံးပြုခြင်း အပါအဝင် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည်။

## ပွင့်လင်းမြင်သာမှုဆိုင်ရာ လုပ်ငန်းစဉ်များ ပြင်ဆင်ပါ။

ဗဟိုချုပ်ကိုင်မှု လျော့ချခြင်းသည် အဂတိလိုက်စားမှုနှင့် မှားယွင်းစီမံမှုများကို ဖြစ်ပေါ်စေနိုင်သည်။ ပွင့်လင်းမြင်သာမှု ရှိခြင်းဖြင့် ယင်းကိစ္စများကို လျော့ကျစေနိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် –

- သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများ၊ လုပ်ငန်းစဉ် အသေးစိတ်ကို ဖော်ပြထားသည့် စာရွက်စာတမ်းများ၊ သုံးသပ်ရာတွင် အသုံးပြုသည့် စံနှုန်းများနှင့် အချိန်ကန့်သတ်ချက်၊ ဌာနဆိုင်ရာများ၏ တာဝန်များကိုလည်း အများပြည်သူ လေ့လာနိုင်ရန်၊ သဘောပေါက်ရန် စီစဉ်ပေးရမည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် ၎င်းစာရွက်စာတမ်းများကို အတိုချုပ် ပြုစုပြီး၊ ထိထိရောက်ရောက် ဖြန့်ဝေထားရမည်။
- စာရင်းစာအုပ် မိတ္တူ နှင့် ခွင့်ပြုမိန့် မြေပုံများကို အများပြည်သူ လေ့လာနိုင်ရန် ထုတ်ပြန်ရမည်။
- ဆောင်ရွက်ဆဲ ခွင့်ပြုမိန့်၊ လျှောက်ထားသည့် ခွင့်ပြုမိန့်များအတွက် ခွင့်ပြုမိန့် စာရင်းမှတ်တမ်း (spreadsheet) မှ အချက်အလက်များကို အနှစ်ချုပ်၍ ပုံနှိပ် ထုတ်ပြန်ပေးရမည်။
- အခွန်ဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ထားပြီး ပုံနှိပ်ထုတ်ပြန်မှုများ ပုံမှန် ပြုလုပ်ပေးရမည်။ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ပြီး ခွင့်ပြုမိန့် ထပ်နေခြင်း၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများနှင့် အကြီးစား ရင်းနှီးမြှုပ်နှံသူများကြား ပဋိပက္ခ မရှိစေရန် ဆောင်ရွက်ရမည်။ အနာဂတ်တွင် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် (cadaster) က ၎င်းပြဿနာများကို ပြေလည်စေမည်ဖြစ်သည်။

ရေတိုတွင် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် –

- အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပတွင် ခွင့်ပြုမိန့် မထုတ်မီ ပြည်ထောင်စု အစိုးရမှ အတည်ပြုချက် ရယူရမည်
- စမ်းသပ်ရှာဖွေရေး ကုမ္ပဏီများ၊ ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းပြီး အသေးစားနှင့် လက်လုပ် လက်စား ထုတ်လုပ်မှုအတွက် သင့်တော်သည့် နေရာများကို ဖော်ထုတ်ရမည်
- အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုနှင့် အကြီးစား ထုတ်လုပ်သည့် ကုမ္ပဏီများကြား ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ အတူတကွ တူးဖော်ထုတ်လုပ်မှုများ ပြုလုပ်နိုင်ရန် နည်းလမ်းဖော်ထုတ် ရမည်။

## တရားဝင် တူးဖော်မှုကို အားပေးသည့် လုပ်ငန်းစဉ်ကို အရှိန်မြှင့် ဆောင်ရွက်ရန်

တရားဝင်တူးဖော်မှုကိုအားပေးသည့်လုပ်ငန်းစဉ်ကို စိတ်ဝင်စားလာစေရန် ခွင့်ပြုမိန့်ချ ထားပေးသည့် လုပ်ငန်းစဉ်သည် မြန်ဆန်၊ ရိုးရှင်း၊ ငွေကုန်ကြေးကျ သက်သာရမည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ အနေဖြင့် –

- ခွင့်ပြုမိန့် လျှောက်ထားပုံကို တူးဖော်သူများ နားလည်လာစေရန် ထိတွေ့ဆက်ဆံမှုများ ပြုလုပ်ရ မည်၊ အချိန်နှင့် ငွေကြေးကုန်ကျမှုကို လျှော့ချနိုင်သည့် နည်းလမ်းကို အသုံးပြုရမည်။
- တရားဝင် အသိအမှတ်ပြုသည့် လုပ်ငန်းစဉ်ကို အရှိန်မြှင့်ရန် ရေရှည်စီမံချက်များ ချမှတ် အကောင် အထည်ဖော်ရမည်။ လျှောက်လွှာပုံစံများကို ရိုးရှင်းလွယ်ကူအောင် ဆောင်ရွက်ခြင်း၊ စံနှုန်းများနှင့် လျှောက်လွှာတင်သည့် လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ခြင်း၊ တူးဖော်သူများကို စွမ်းဆောင်ရည် မြှင့်တင်ခြင်း အထောက်အပံ့များ ပေးခြင်း၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု သမဝါယမ ဖွဲ့စည်းမှုများကို အားပေးခြင်း အစရှိသဖြင့် ဆောင်ရွက်ရမည်။

သတ္တုတူးဖော်သည့် ကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် မြန်မာနိုင်ငံအတွက် အရေးပါသည့် အခွင့်အလမ်းတစ်ခု ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် ပေါ်ပေါက်လာသည့် အခက်အခဲ များကို နားလည်ပြီး၊ စီမံမှုများ ပြုလုပ်ရန်မှာ မဖြစ်မနေ လိုအပ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စု၊ ဒေသအဆင့် အသီးသီးမှ သက်ဆိုင်ရာ စတိတ်ဟိုဒါများနှင့် နီးနီးကပ်ကပ် ပူးတွဲလုပ်ဆောင်ရန် လိုအပ်သည်။ သို့မဟုတ်ပါက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမှ ရရှိ လာနိုင်သည့် ကောင်းကျိုးများကို လက်လွှတ်ရမည်ဖြစ်သည်။

## အလေ့အကျင့်ကောင်းများ စာရင်း (Good practice checklist)

| | | |
|---|---|---|
| **လုပ်ထုံးလုပ်နည်းများ** | • ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် ခွင့်ပြုမိန့် လျှောက်လွှာများအတွက် ဦးရာလူစနစ်ကို ရှင်းလင်းစွာ သတ်မှတ်ထားခြင်း ရှိပါသလား။<br>• ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် လျှောက်လွှာ သုံးသပ်မှု လုပ်ငန်းစဉ်အတွက် လုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်ထားပါသလား။<br>• သုံးသပ်မှု လုပ်ငန်းစဉ်တွင် ပါဝင်သည့် အစုအဖွဲ့ တစ်ခုခြင်းစီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ထားပါသလား။<br>• လုပ်ငန်းစဉ် တစ်ဆင့်ခြင်းစီ၏ ကြာချိန်ကို ရှင်းလင်းစွာ သတ်မှတ်ထားပါသလား၊ လက်တွေ့ကျသည့် သတ်မှတ်ချက် ဖြစ်ပါသလား။ | • ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများ လျှောက်လွှာ စိစစ်ရာတွင် စာရင်း (checklists) အသုံးပြုပါသလား။<br>• ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များ လိုက်နာမှု ရှိမရှိ စစ်ဆေးပါသလား။<br>• ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် မြေယာ အခွင့်အရေးကို စစ်ဆေးပါသလား (ရိုးရာ ဓလေ့ထုံးတမ်း အခွင့်အရေးများ)<br>• ဦးရာလူစနစ်ဖြင့် ခွင့်ပြုရာတွင် ခွင့်ပြုချက်မရပဲ တူးဖော် နေသည့် တူးဖော်သူများ နှင့်/သို့မဟုတ် ဒေသခံများ အတွက် အကာအကွယ်ပေးသည့် သတ်မှတ်ချက်များ ပါဝင်ပါသလား။<br>• လျှောက်ထားသူများအနေဖြင့် တိုင်ကြားခြင်းများ ပြုလုပ်နိုင်ပါသလား။ |
| **စနစ်များ** | • စာရင်းစာအုပ်တွင် ရေးမှတ်ထားသည့် အချက်အလက်နှင့် ဒစ်ဂျစ်တယ် စာရင်းတွင် ထည့်သွင်းထားမှုသည် နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိပါသလား။<br>• လျှောက်လွှာ လက်ခံပြီးသည်နှင့် တပြိုင်နက် စာရင်းစာအုပ်တွင် မှတ်တမ်းတင်ပါသလား။<br>• လျှောက်လွှာတစ်ခုခြင်းစီအတွက် နံပါတ်စဉ် သို့မဟုတ် ခွင့်ပြုမိန့် နံပါတ် ပေးပါသလား။<br>• လျှောက်လွှာ လက်ခံရရှိသည့် နေရက်၊ အချိန်တို့ကို နာရီ မိနစ်နှင့်တကွ အတိအကျ ရေးမှတ်မှု ရှိပါသလား။ | • လျှောက်လွှာရှင်များကို စာရင်းစာအုပ်တွင် ပြန်လည် လက်မှတ်ရေးထိုးမှု ပြုလုပ်စေပါသလား။<br>• နေရက်နှင့် အချိန် ရိုက်နှိပ်ထားသည့် လက်ခံဖြတ်ပိုင်းကို လျှောက်ထားသူသို့ ထုတ်ပေးပါသလား။<br>• လျှောက်လွှာ လက်ခံပြီးသည်နှင့် တပြိုင်နက် ဒစ်ဂျစ်တယ် ခွင့်ပြုမိန့် စာရင်းတွင် ထည့်သွင်းပါသလား။<br>• ခွင့်ပြုမိန့်ပါ ကိုဩဒိနိတ်များ မှတ်တမ်းတင်ရန် Myanmar 2000 UTM စနစ် မြေပုံကို အသုံးပြုပါသလား။ |
| **ပွင့်လင်းမြင်သာမှု** | • သက်ဆိုင်ရာ ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးတို့၏ ဥပဒေများ၊ စည်းကမ်းများ၊ ကြေညာချက်များ (အပြည့် အစုံ၊ အကျဉ်းချုပ်) ကို အစိုးရ ရုံးများ၊ အွန်လိုင်းတွင် ပြည်သူများ လေ့လာနိုင်ရန် ထုတ်ပြန်ထားပါသလား။<br>• လုပ်ထုံးလုပ်နည်းများ၊ သုံးသပ်မှု စံနှုန်းများ၊ ဌာနအလိုက် တာဝန်များကို အစိုးရ ရုံးများ၊ အွန်လိုင်းတွင် ပြည်သူများ လေ့လာနိုင်ရန် ထုတ်ပြန်ထားပါသလား။<br>• ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် ကိုယ်ကျိုး စီးပွား ပတ်သက်မှု ကင်းရှင်းကြောင်း ကြေညာရန် လိုပါသလား | • စာရင်းစာအုပ်၊ ခွင့်ပြုမိန့်ဆိုင်ရာ မြေပုံများကို သက်ဆိုင်ရာ အစိုးရ ရုံးများတွင် အများပြည်သူ လေ့လာနိုင်ရန် ထုတ်ပြန်ထားပါသလား။<br>• လျှောက်ထားဆဲ ခွင့်ပြုမိန့် ချထားပေးပြီးဖြစ်သော ခွင့်ပြုမိန့်၊ သက်တမ်းလွန် ခွင့်ပြုမိန့်များ စာရင်းကို အစိုးရ ရုံးများနှင့် အွန်လိုင်းတွင် အချိန်မှန် ထုတ်ပြန်မှု ပြုလုပ်ပါသလား။<br>• ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အခွန်ဆိုင်ရာ အချက်အလက်များကို ပုံမှန် မှတ်တမ်းတင် ထုတ်ပြန်မှု ပြုလုပ်ပါသလား။ |
| **ညှိနှိုင်းဆောင်ရွက်မှု** | • လျှောက်လွှာသုံးသပ်မှု မပြုလုပ်မီ ခွင့်ပြုမိန့် လျှောက်ထားသည့် နေရာများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အတွင်း ကျရောက်နေမှု ရှိမရှိကို စစ်ဆေးပါသလား။<br>• အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပသို့ ရောက်ပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် လျှောက်လွှာသုံးသပ်မှု မပြုလုပ်မီ ပြည်ထောင်စု အစိုးရထံမှ ကင်းရှင်းကြောင်း ထောက်ခံချက် ရယူပါသလား။ | • လျှောက်ထားဆဲ ခွင့်ပြုမိန့် ချထားပေးပြီးဖြစ်သော ခွင့်ပြုမိန့်၊ သက်တမ်းလွန် ခွင့်ပြုမိန့် အစရှိသည့် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို ပြည်ထောင်စု အစိုးရသို့ ပေးပို့ပါသလား။<br>• ပြည်ထောင်စုအစိုးရ၊ အကြီးစား ထုတ်လုပ်မှု ကုမ္ပဏီ၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများနှင့် ညှိနှိုင်းပြီး အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အဖြစ် သတ်မှတ်မှု ပြုလုပ်ပါသလား။ |
| **တရားဝင် တူးဖော်မှုကို အားပေးသည့် လုပ်ငန်းစဉ်** | • လုပ်ထုံးလုပ်နည်းများ၊ သုံးသပ်မှု စံနှုန်း၊ ဌာနများ၏ တာဝန်၊ ကုန်ကျစရိတ်နှင့် ကြာချိန်တို့ကို တူးဖော်သူများ သိရှိအောင် ဖိဖိစီးစီး ဖြန့်ချိမှု ပြုလုပ်ပါသလား။<br>• တူးဖော်သူများ လျှောက်လွှာရရှိရန် ဖိဖိစီးစီး ဆောင်ရွက်မှု ရှိပါသလား။ | • ကွင်းဆင်းလေ့လာမှုအတွက် ဌာနဆိုင်ရာမှ ငွေကြေး စိုက်ထုတ် သုံးစွဲပါသလား။ (လျှောက်ထားသူကို ပေးဆောင်စေခြင်းအစား) |

# ရည်ရွယ်ချက်များနှင့် ပါဝင်သည့် အကြောင်းအရာများ

၂၀၀၈ အခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့် လုပ်ကွက်များ ချထားပေးခွင့် ရှိလာသည့် အခင်းအကျင်းအတွက် ရည်ရွယ်၍ ယခုအစီရင်ခံစာကို ပြုစုခြင်းဖြစ်သည်။

စာတမ်းပြုစုရသည့် ရည်ရွယ်ချက် ၃ ခုရှိပါသည်။

- ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များသည် ထပ်တိုးလာသည့် တာဝန်များကို နိုင်ငံအဆင့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ၊ ရှင်းလင်းပြတ်သား၍ ပွင့်လင်းမြင်သာမှု ရှိစွာနှင့် ထမ်းဆောင်လာနိုင်ရန်အတွက် လက်တွေ့ကျသည့် လမ်းညွှန်မှု ပေးနိုင်ရန်

- ပြည်ထောင်စုအစိုးရ နှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများကြား ဟန်ချက်ညီညီဖြင့် ပူးပေါင်းညှိနှိုင်းမှုများ လုပ်ဆောင်ရန် လိုအပ်နေသည်ကို သိရှိလာစေရန်

- တူးဖော်သူများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းကဲ့သို့ စောင့်ကြည့်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် အစုအဖွဲ့များ၊ လွှတ်တော်အမတ်များနှင့် စာနယ်ဇင်းများအနေဖြင့် ပြည့်စုံကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများအကြောင်းကို ပို၍ နားလည်လာစေရန်၊ ထိုမှတဆင့် အစိုးရ ဝန်ထမ်းများ၏ တာဝန်ခံမှုကို ပို၍ထိရောက်စွာ တောင်းဆိုလာနိုင်ရန်

ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များ ချထားပေးနိုင်သည့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်အကြောင်းကို အဓိက အလေးပေးကာ ပြုစုထားသည့် အစီရင်ခံစာ ဖြစ်ပါသည်။ လုပ်ကွက်ချထားပေးသည့် လုပ်ငန်းစဉ်ကို ခွင့်ပြုမိန့် ထားပေးခြင်းဟု အများအားဖြင့် ရည်ညွှန်းသုံးစွဲကြသည်။ ယင်းအသုံးအနှုန်းကို ယခုအစီရင်ခံ စာတမ်း တစ်လျောက်လုံးတွင် သုံးစွဲသွားမည် ဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များ ချပေးနိုင်သည့် အသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့်ကို (subsistence and small-scale) ဟု မြန်မာ့သတ္တုတွင်းဥပဒေ အင်္ဂလိပ်မူတွင် ဖော်ပြထားသည်။ ကဏ္ဍကို ရည်ညွှန်းဖော်ပြရာတွင် နိုင်ငံတကာတွင် ကျယ်ပြန့်စွာ သုံးနှုန်းနေသည့် အသုံးအနှုန်းနှင့် ကိုက်ညီမှုရှိစေရန် (artisanal and small-scale) သို့မဟုတ် ASM ဟု ယခုစာတမ်းတွင် သုံးနှုန်းသွားမည်ဖြစ်ပါသည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့် ခွင့်ပြုမိန့် အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ မြန်မာ့ဥပဒေ အပိုဒ် ၁.၂ တွင် ဖော်ပြထားသည့်အတိုင်းပင် ဖြစ်ပါသည်။

အစိုးရ အာဏာပိုင်များအနေဖြင့် ၂၀၁၅ မြန်မာ့သတ္တုတွင်းဥပဒေ နှင့် ၂၀၁၈ သတ္တုတွင်း နည်းဥပဒေများတွင် ဖော်ပြထားသည့် တာဝန်အသစ်များ အကောင်အထည်ဖော်ရာတွင် အသုံးတည့်သော လက်တွေ့ကျသည့် လမ်းညွှန်မှု ပေးနိုင်ရန်၊ စောင့်ကြည့်သည့် အစုအဖွဲ့များအတွက်လည်း စောင့်ကြည့်ရမည့် ကိစ္စများကို တိတိကျကျ လမ်းညွှန်မှုပေးနိုင်ရန် ရည်ရွယ်ပါသည်။ အောက်ဖော်ပြပါ ကိစ္စများမှာ အစီရင်ခံစာတွင် ပါဝင်ခြင်းမရှိသည့် ကိစ္စများဖြစ်ပါသည်။

- သီးခြားဥပဒေ၊ အစုအဖွဲ့များဖြင့် ကြီးကြပ်သည့် ကျောက်မျက်ကဏ္ဍတွင် ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များမှ ခွင့်ပြုမိန့်[၁] ထားပေးခြင်းကိစ္စ။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ မြို့နယ်[၂] အဆင့်တွင် ထုတ်ပေးသည့် ခွင့်ပြုမိန့်အကြောင်းကို လေ့လာထားခြင်း မရှိပါ။

- အလတ်စားနှင့် အကြီးစားတူးဖော်မှု ခွင့်ပြုမိန့် ချထားပေးခြင်း၊ ခွင့်ပြုမိန့် လုပ်ငန်းစဉ်တွင် တိုင်းနှင့်

၁ Paul Shortell and Maw Htun Aung. *Mineral and Gemstone Licensing in Myanmar* (Natural Resource Governance Institute, 2016), 3. resourcegovernance.org/analysis-tools/publications/mineral-and-gemstone-licensing-myanmar.

၂ Su Myat Mon, "Sackings, Secrecy and a Surprise Visit: A Quarry Dispute Turns Nasty in Kayin State," Frontier Myanmar, 4 May 2018. frontiermyanmar.net/en/sackings-secrecy-and-a-surprise-visit-a-quarry- dispute-turns-nasty-in-kayin-state.

ပြည်နယ်အဆင့် ဌာနများ၏ နယ်မြေအနေအထားအရ လွှမ်းမိုးမှု[၃]

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များ၊ စောင့်ကြည့်မှုနှင့် တွင်းပိတ်ပြီးနောက်ပိုင်း ပြန်လည်ကုစားမှုနှင့်ဆိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ တာဝန်များ

- မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားပြိုင်နေသည့် ဒေသများတွင် သတ္တုတူးဖော်ရေး ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့်ဆိုင်သည့် ကိစ္စ။ စာတမ်းတွင် ဖော်ပြထားသည့် အကြံပြုချက်များသည် မည်သည့်အခြေအနေအတွက်မဆို အကြုံးဝင်သည်ဖြစ်သော်လည်း သတ္တုတူးဖော်ခြင်းသည် ပဋိပက္ခဖြစ်စေသည့် အကြောင်းရင်းခံ ဖြစ်မသွားစေရန် အထူး စဉ်းစားသုံးသပ်မှုများ ပြုလုပ်ရန် လိုသည်။

- ဥပဒေပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ပြုလုပ်ရန် ရေရှည်သဘောဆောင်သည့် သတ်မှတ်ချက်များ ရှိထားရမည်။ အခန်း ၄ တွင် ယင်းကိစ္စနှင့်ပတ်သက်ပြီး လေးလေးနက်နက် သုံးသပ် တင်ပြထားပါသည်။ ယခု အစီရင်ခံ စာတမ်း၏ အဓိက ရည်ရွယ်ချက်မှာ လက်ရှိဥပဒေများကို အကောင်းဆုံး အသုံးချနိုင်ရန်အတွက် ချက်ခြင်း အသုံးချနိုင်၊ လက်တွေ့ကျသည့် လမ်းညွှန်ချက်များ ပေးနိုင်ရန် ဖြစ်သည်။

- သတ္တုကဏ္ဍနှင့်ပတ်သက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဥပဒေပြုနိုင်သည့် အခွင့်အာဏာ အတိုင်းအတာ သုံးသပ်ချက်များ ပါဝင်ခြင်း မရှိပါ။

စာတမ်းပြုစုရာတွင် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ဒေသအဆင့် အရာရှိများ၊ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်သူများ၊ အကြီးစား သတ္တုတူးဖော်ရေး ကုမ္ပဏီများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာမှ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် မေးမြန်းမှုပေါင်း ၄၀ ကျော် ပြုလုပ်ခဲ့ပါသည်။[၄] စာတမ်းပြုစုရာတွင် စစ်ကိုင်း၊ မန္တလေး နှင့် ကချင်ကို အဓိကထား လေ့လာခဲ့ပါသည်။ (ပုံ ၄ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး မြေပုံကို ဖော်ပြထားပါသည်) ယင်းနေရာများသည် အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှုလုပ်ငန်း အများဆုံး ရှိရာဒေသများဖြစ်ပြီး၊ စာတမ်းပြုစုစဉ်ကာလတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့် တာဝန်အသစ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသည့် ဒေသများ ဖြစ်သည်။ ရှမ်းပြည်နယ်မှ ပြည်နယ်အဆင့်၊ ဒေသအဆင့် အရာရှိများနှင့် မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ နေပြည်တော်နှင့် ရန်ကုန်တွင် နိုင်ငံအဆင့် စတိတ်ဟိုဒါများ၊ ကျွမ်းကျင်သူများနှင့် မေးမြန်းမှုများပြုလုပ်ခဲ့သည်။ Myanmar Alliance for Transparency and Accountability (MATA) မှ မုံရွာ၊ Transparency and Accountability Network of Kachin State (TANKS) မှ မြစ်ကြီးနား၊ Extractive Industries Transparency Initiative (EITI) ရှမ်းပြည်နယ် ဌာနခွဲမှ တောင်ကြီး၊ Myanmar Centre for Responsible Business (MCRB) မှ မုံရွာတို့တွင် ပြုလုပ်ခဲ့သည့် စတိတ်ဟိုဒါ အလွှာစုံ ပါဝင်သည့် ဆွေးနွေးပွဲ၊ လူထုအမြင် စုဆောင်းသည့် လုပ်ငန်းများမှ ဆွေးနွေးချက်များ၊ ရလဒ်များကို စာတမ်းပြုစုရာတွင် ထည့်သွင်း အသုံးပြုခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သယံဇာတ စီမံမှုနှင့် ခွင့်ပြုမိန့် ချထားပေးခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို အစဉ်အဆက် သုတေသန ပြုနေသည့် NRGI ၏ သုတေသနများကို အခြေ

၃ Sebastian Sahla, Andrew Bauer and Natalie Kirk. *Natural Resource Federalism: Considerations for Myanmar* (Natural Resource Governance Institute, 2018), 21. resourcegovernance.org/analysis-tools/publications/natural-resource-federalism-considerations-myanmar.

၄ မေးခွန်းတစ်ခုတည်းကို လူအများအား မေးမြန်းခြင်း၊ ဆင်ဆင်တူသည့် မေးခွန်းများကို လူအများအား မေးမြန်းခြင်းများကို ပြုလုပ်ခဲ့ပါသည်။ လျှို့ဝှက်ထားရမည့် အခြေအနေ ရှိသောကြောင့် အချို့သော ဖြေဆိုသူများ အမည်ကို လျှို့ဝှက်ထားပါသည်။

တည်ကာ အစီရင်ခံစာ ပြုစုခြင်းဖြစ်သည်။[၅]

အစီရင်ခံစာ –

အခန်း ၁ တွင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ချထားခွင့်နှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်အာဏာ ခွဲဝေမှုများ ပြုလုပ်လျက်ရှိသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်၏ လက်ရှိ အခြေအနေကို ဖော်ပြထားသည်။

အခန်း ၂ တွင် ယင်းသို့ လုပ်ပိုင်ခွင့်အာဏာ ခွဲဝေ ပေးခြင်းကြောင့် ပေါ်ပေါက်လာနိုင်သည့် အခွင့်အလမ်းများနှင့် အခက်အခဲများကို သုံးသပ်ထားသည်။

အခန်း ၃ တွင် ပြည်နယ်နှင့် ဒေသအဆင့် အရာရှိများအနေဖြင့် ၎င်းတို့ တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် လက်တွေ့ကျသည့် အကြံပြုချက်များကို ဖော်ပြထားပေးသည်။

အခန်း ၄ တွင် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်ပြီး လေးလေးနက်နက် အကြံပြုချက်များကို ဖော်ပြထားသည်။

နောက်ဆက်တွဲတွင် မှတ်တမ်းတင် စာရင်းသွင်းသည့် ပုံစံ၊ ခွင့်ပြုမိန့် အချက်အလက်ဆိုင်ရာ ပုံစံများ၊ စိစစ်ဆေးမှု ပြုလုပ်ရာတွင် အသုံးပြုရမည့် ပုံစံများ၊ နမူနာ ခွင့်ပြုမိန့် လျှောက်လွှာပုံစံ၊ ခွင့်ပြုမိန့် ချထားပေးရာတွင် အဓိကအားဖြင့် ကြုံတွေ့ရလေ့ရှိသည့် အဂတိလိုက်စားမှု ဆိုင်ရာ သုံးသပ်ချက်တို့ ပါဝင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ အာဏာပိုင်များသည် ၎င်းတို့တာဝန် လုပ်ပိုင်ခွင့်အသစ်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် ယင်းပုံစံများကို အသုံးပြုနိုင်သည်။ ဖော်ပြထားသည့် စာရွက်စာတမ်းများသည် သရုပ်ပြရန်အတွက် ရည်ရွယ်သည့် နမူနာများဖြစ်ပြီး၊ ဥပဒေနှင့် လိုက်ဖက်ညီစေရန်အတွက် သုံးသပ်ပြုပြင်မှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

၅ On subnational resource governance see for example: Sahla, Bauer and Kirk, *Natural Resource Federalism;* Andrew Bauer, Lorenzo Delesgues and Paul Shortell. *Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues* (Natural Resource Governance Institute, 2016). resourcegovernance.org/analysis-tools/publications/sharing-wealth-roadmap-distributing-myanmars-natural-resource-revenues; Rebecca Iwerks and Varsha Venugopal. *It Takes a Village: Routes to Local- Level Extractives Transparency* (Natural Resource Governance Institute, 2016). resourcegovernance.org/analysis-tools/publications/it-takes-village-routes-local-level-extractives-transparency; Andrew Bauer et al. *Natural Resource Revenue Sharing* (Natural Resource Governance Institute and United Nations Development Program, 2016). resourcegovernance.org/analysis-tools/publications/natural-resource- revenue-sharing; Varsha Venugopal. *Assessing Mineral Licensing in a Decentralized Context: The Case of Indonesia* (Natural Resource Governance Institute, 2015). resourcegovernance.org/analysis-tools/publications/assessing-mineral-licensing-decentralized-context-case-indonesia. On broader permitting good practices see for example: Natural Resource Governance Institute, *Natural Resource Charter: Second Edition* (2014), Precept 3. resourcegovernance.org/sites/default/files/NRCJ1193_natural_resource_charter_19.6.14.pdf; Natural Resource Governance Institute, *Primer: Granting Rights to Natural Resources* (2015). resourcegovernance.org/analysis-tools/publications/primer-granting-rights-natural-resources; Natural Resource Governance Institute and *Open Contracting Partnership, Open Contracting for Oil, Gas and Mineral Rights: Shining a Light on Good Practice* (2018). resourcegovernance.org/sites/ default/files/documents/open-contracting-for-oil-and-gas-mineral-rights.pdf.

# အခန်း ၁။ ။ အသေးစား နှင့် လက်လုပ်လက်စား သတ္တုတူးဖော်ထုတ်လုပ်မှု ကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျော့ချသည့် လုပ်ငန်းစဉ် အခြေအနေ

အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှုကဏ္ဍ စီမံပုံနှင့်ပတ်သက်ပြီး ကြီးမားသည့် အပြောင်းအလဲများကို ပြုလုပ်နေသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ခွင့်ပြုမိန့်များ ချထားပေးခြင်း၊ အခွန်ကောက်ယူခြင်းများကို စတင် ဆောင်ရွက်နေကြပြီ ဖြစ်သည်။

အခန်း ၁.၁ တွင် အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ကဏ္ဍ၏ စီးပွားရေးအရ အရေးပါပုံနှင့် စီမံပိုင်းဆိုင်ရာ၊ ကဏ္ဍနှင့် ဆက်စပ်ဖြစ်ပေါ်သည့် သဘာဝဝန်းကျင်ဆိုင်ရာ၊ လူမှုဝန်းကျင်ဆိုင်ရာ အဓိက အချက်အလက်များကို ခြုံငုံသုံးသပ်ထားသည်။

အခန်း ၁.၂ တွင် အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ကဏ္ဍ စီမံမှု လုပ်ပိုင်ခွင့် ခွဲဝေမှု၏ ဥပဒေပိုင်းဆိုင်ရာများကို ဖော်ပြထားသည်။


အခန်း ၁.၃ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လက်ရှိ ကျင့်သုံးနေသည့် ခွင့်ပြုမိန့် ချထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သုံးသပ်ထားသည်။

## ၁.၁ ။ ။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍ ခြုံငုံသုံးသပ်ချက်


မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေး ကဏ္ဍတွင် အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ကဏ္ဍသည် အရေးပါသည့်နေရာမှ ပါဝင်သည်။ မြန်မာ EITI စာရင်းအရ ၂၀၁၆ – ၂၀၁၇ ခုနှစ်တွင် ခွင့်ပြုခဲ့သည့် အသေးစားနှင့် လက်လုပ်လက်စား သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်သည် ယင်းနှစ်အတွင်း အစိုးရ တရားဝင် ခွင့်ပြုခဲ့သည့် ခွင့်ပြုမိန့် ပမာဏ၏ ၉၀ ရာခိုင်နှုန်း ရှိသည်။ (ပုံ ၁ ကိုကြည့်ပါ) Pact မှ မကြာသေးမီက ပြုလုပ်ခဲ့သည့် လေ့လာမှုအရ ရွှေ၊ သံဖြူ နှင့် စက်မှု သတ္တုထုတ်လုပ်မှုသည် အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ကဏ္ဍတွင် အများဆုံးဖြစ်သည်။ (ပုံ ၂ ကိုကြည့်ပါ) ကဏ္ဍမှ လူထောင်ပေါင်းများစွာကို အလုပ်အကိုင် ရရှိစေပြီး၊ လူသန်းပေါင်းများစွာ၏ ဘဝများကို ထောက်ပံ့ပေးလျက်ရှိသည်။ ရွှေ လုပ်သား ၉၅ ရာခိုင်နှုန်း၊ သံဖြူ လုပ်သား ၈၀ ရာခိုင်နှုန်းကို အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ကဏ္ဍမှ ခန့်ထားခြင်း ဖြစ်သည်။ (ပုံ ၃ ကိုကြည့်ပါ) အသေးစားနှင့် လက်လုပ်လက်စား သတ္တုတူးဖော်မှုကို နိုင်ငံအနှံ့အပြားတွင် ဆောင်ရွက်ကြသော်လည်း ကချင်၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်း နှင့် တနင်္သာရီတို့တွင် အများဆုံး တွေ့မြင်ရသည်။[၆] (ပုံ ၄ ကိုကြည့်ပါ)

၆ Dylan McFarlane and Rebecca Villalobos. *The State of Artisanal Mining in Myanmar – Draft* (Pact, 2019), 13-15, 68.

ပုံ ၁။ တရားဝင် ထုတ်လုပ်ခွင့်လိုင်စင် အရေအတွက် နှင့် အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ခွင့်ပြုမိန့် အချိုးအစား[၇]





ပုံ ၂။ မြန်မာနိုင်ငံမှ တရားဝင် ထုတ်လုပ်မှု စုစုပေါင်းပမာဏ နှင့် အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှုမှ ထုတ်လုပ်မှု အချိုးအစား[၈]




၇ Myanmar Extractive Industries Transparency Initiative (MEITI), *The Fourth Myanmar EITI Report for the Period 1 April 2016 to 31 March 2017* (2019). မှ လိုင်စင် အချက်အလက်များ ပေါ်တွင် အခြေခံ ထားပါသည်။ အခြားသတ္တုများအတွက် အချက်အလက်များကို ခနောက်စိမ်း၊ သံရိုင်း၊ သွပ်၊ ခဲ၊ နီကယ်၊ ကြေးနီ တို့အတွက် MEITI ထုတ်ပြန်ချက်ပေါ်တွင် အခြေခံသည်။ MEITI ပါ ရွှံ့၊ ထုံးကျောက်၊ စကျင်ကျောက်၊ ဂရင်နိုက်၊ ကျောက်သင်ပုန်း အချက်အလက်များဖြင့် တွက်ချက်ပါသည်။

၈ Myanmar Extractive Industries Transparency Initiative (MEITI), *The Fourth Myanmar EITI Report for the Period 1 April 2016 to 31 March 2017* (2019). မှ လိုင်စင် အချက်အလက်များ ပေါ်တွင် အခြေခံ ထားပါသည်။ အခြားသတ္တုများအတွက် အချက်အလက်များကို ခနောက်စိမ်း၊ သံရိုင်း၊ သွပ်၊ ခဲ၊ နီကယ်၊ ကြေးနီ တို့အတွက် MEITI ထုတ်ပြန်ချက်ပေါ်တွင် အခြေခံသည်။ MEITI ပါ ရွှံ့၊ ထုံးကျောက်၊ စကျင်ကျောက်၊ ဂရင်နိုက်၊ ကျောက်သင်ပုန်း အချက်အလက်များဖြင့် တွက်ချက်ပါသည်။


## ပုံ ၃။ အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှုတွင် ပါဝင်လုပ်ကိုင်နေသည့် အလုပ်သမား အချိုးအစား[၉]




၉ McFarlane and Villalobos, State of Artisanal Mining.

## ပုံ ၄။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမပြုမီ အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်ခွင့် ခွင့်ပြုမိန့် ချထားပေးမှု အခြေအနေ[၁၀]

လက်လုပ်လက်စား　　　　အသေးစား




လက်လုပ်လက်စား လုပ်ကွက်၊ အသေးစား သတ္တုတူးဖော်မှု လုပ်ကွက် အများအပြားရှိသည့် နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံသည်လည်း တရားမဝင် ဆောင်ရွက်မှု အများအပြားနှင့် ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံရှိ သတ္တုတူးဖော်မှု ၉၀ ရာခိုင်နှုန်းကျော်သည် တရားမဝင် ဖြစ်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းသည်။[၁၁] သတ္တုတွင်းဆိုင်ရာ နည်းဥပဒေများ အတည်မပြုမီ၊ လုပ်ပိုင်ခွင့် ခွဲဝေမှုများ မပြုလုပ်မီ ၂၀၁၈ ဇန်နဝါရီတွင် နိုင်ငံတစ်ဝှမ်း တရားဝင် ချထားပေးသည့် လက်လုပ်လက်စား လုပ်ကွက်၊ အသေးစား သတ္တုတူးဖော်မှု လုပ်ကွက် ၈၀၀ ကျော်ရှိသည်။[၁၂] ရွှေထုတ်လုပ်သည့် လက်လုပ်လက်စား

၁၀ Myanmar Centre for Responsible Business. မှ ၂၀၁၈ ဇန်နဝါရီ ၃၁ တွင် ထုတ်ပြန်သည့် အချက်အလက်။ ထုံး၊ ရွှေ၊ သံဖြူ တူးဖော်မှု ကဏ္ဍတစ်ခုလုံး သုံးသပ်ချက် (၂၀၁၈) *Sector-wide Impact,* စာမျက်နှာ ၃၄ www.myanmar-responsiblebusiness.org/swia/mining.html. လက်လုပ်လက်စား လုပ်ကွက်၊ အသေးစား သတ္တုတူးဖော်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အခန်း ၁.၂ တွင် အသေးစိတ် ဖော်ပြထားပါသည်။

၁၁ McFarlane and Villalobos, *State of Artisanal Mining, 7.*

၁၂ Myanmar Centre for Responsible Business, *Sector-wide Impact, 34.*

လုပ်ကွက်၊ အသေးစား သတ္တုတူးဖော်မှု လုပ်ကွက်အများဆုံးရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်း မြို့နယ်တွင် တရားမဝင် တူးဖော်နေသည့် ရွှေလုပ်ကွက် ၁၀၀၀ မှ ၁၀၀၀၀ ကြား ရှိမည်ဟု မကြာသေးမီက ပြုလုပ်ခဲ့သည့် လေ့လာမှုတွင် ခန့်မှန်းထားသည်။[၁၃]



စစ်ကိုင်းတိုင်း ဒေသရှိ လက်လုပ်လက်စား နှင့် ကြေးနီတူးဖော်သူများ
ဓါတ်ပုံ – Lauren DeCicca

ဥပဒေနှင့် စနစ်တကျ ဆောင်ရွက်မှု အားနည်းခြင်းကလည်း ဆိုးကျိုးများကို ကြီးမားစေသည်။ ခွင့်ပြုမိန့်နှင့် တူးဖော်သူ အနည်းငယ်သာ ရှိသည်။ ဒေသခံ အာဏာပိုင်များ၊ ရပ်ရွာ သို့မဟုတ် ဘာသာရေး ခေါင်းဆောင်များကို ပေးကမ်း၍ တရားမဝင် တူးဖော်ခွင့် ရယူခြင်းမှာ ဖြစ်ရိုးဖြစ်စဉ် ဖြစ်သည်။[၁၄] အချို့သောနေရာများတွင် လက်နက်ကိုင်များသည် ခွင့်ပြုမိန့် ချထားပေးခြင်း၊ အခွန် ကောက်ခြင်းများကို တရားမဝင် ဆောင်ရွက်ကြသည်။[၁၅] သတ္တုတူးဖော်ခြင်းသည် ရေညစ်ညမ်းခြင်း၊ မြေအရည်အသွေး ကျဆင်းခြင်းနှင့် သစ်တောပြုန်းတီးမှု အပါအဝင် ဆိုးရွားသည့် သဘာဝဝန်းကျင် ထိခိုက်မှုများကို ဖြစ်စေသည်။ အဓိက စိုးရိမ်ရသည့်ကိစ္စမှာ ရွှေတူးဖော်ရာတွင် မာကျူရီ (ပြဒါး) အသုံးပြုခြင်း ဖြစ်သည်။ ထိုသို့ အသုံးပြုခြင်းသည် သဘာဝ ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်။ အလုပ်သမားအခွင့်အရေး ချိုးဖောက်ခြင်း နှင့် မူးယစ်ဆေးဝါး ပြဿနာ ကဲ့သို့သော လူမှုရေးဆိုင်ရာ ပြဿနာများသည်လည်း သတ္တုတူးဖော်ခြင်း ကဏ္ဍနှင့် ဆက်စပ်ကာ ဖြစ်ပေါ်နေသည်။[၁၆]

## ၁.၂ ။ ။ လက်လုပ်လက်စား လုပ်ကွက်၊ အသေးစား သတ္တုထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးခြင်းနှင့် ဆိုင်သည့် ဥပဒေမူဘောင်

ယခင်က ဗဟိုချုပ်ကိုင်မှု အကြီးအကျယ် တင်းကျပ်ခဲ့သည့် သတ္တုတူးဖော် ထုတ်လုပ်ရေးကဏ္ဍ စီမံမှု ဥပဒေမူဘောင်တွင် လက်လုပ်လက်စား လုပ်ကွက်၊ အသေးစား သတ္တုတူးဖော်မှုနှင့် ဆိုင်ပြီး ဖော်ပြထားမှု မရှိသလောက် ဖြစ်သည်။ ထို့ကြောင့် တရားမဝင် တူးဖော်မှု များပြားလာခဲ့သည်။ ထိရောက်သည့် စောင့်ကြည့်မှု၊ နည်းဥပဒေများလည်း သတ်မှတ်ထားနိုင်ခြင်း မရှိပါ။

၂၀၀၈ ခုနှစ် အခြေခံဥပဒေတွင် အာဏာခွဲဝေရေး လုပ်ငန်းစဉ်၏ အခြေခံကို ဖော်ပြထားသည်။

၁၃ Graham Prescott, *Gold, Farms and Forests: Enforcement and Alternative Livelihoods Are Unlikely to Disincentivize Informal Gold Mining – Draft* (Conservation Biology, 2019), 17.

၁၄ Ibid., 13.

၁၅ Sahla, Bauer and Kirk, *Natural Resource Federalism,* 21 and 36.

၁၆ Myanmar Center for Responsible Business, *Sector Wide Impact Assessment.*

(အကွက် ၁ ကိုကြည့်ပါ) အခြေခံဥပဒေ ဇယား ၂ တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည်။ ဇယား ၅ တွင် အခွန်အခ ကောက်ယူခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို ဖော်ပြထားသည်။ သတ္တုတွင်းကဏ္ဍ စီမံမှုနှင့်ပတ်သက်ပြီး အခြေခံဥပဒေတွင် ဖော်ပြထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အခန်းကဏ္ဍမှာ မည်ကာမတ္တသာ ဖြစ်သည်။ ၂၀၁၅ တွင် ပြုလုပ်ခဲ့သည့် အခြေခံဥပဒေ ပြုပြင်မှုက အပြောင်းအလဲ ဖြစ်စေခဲ့သည်။ အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် လက်လုပ်လက်စား လုပ်ကွက်၊ အသေးစား သတ္တုတူးဖော်မှု လုပ်ကွက်များ ခွင့်ပြုမိန့် ချထားပေးနိုင်လာပြီး အခွန်များလည်း ကောက်ယူနိုင်လာသည်။ အခြေခံဥပဒေ ပြင်ဆင်မှုကြောင့် သတ္တုတွင်း လုပ်သားများ ဘေးကင်းရေး၊ သဘာဝ ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ ကိစ္စများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်မှ ဆောင်ရွက်လာနိုင်ခဲ့သည်။[၁၇] ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရမည်ဟု အခြေခံဥပဒေတွင် ဖော်ပြထားသည်။[၁၈] ပြည်ထောင်စု ဥပဒေများ၊ နည်းဥပဒေများ နှင့် ထုတ်ပြန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟု သတ်မှတ်ထားခြင်း ဖြစ်သောကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်များကို အကန့်အသတ် ဖြစ်စေသည်။[၁၉]

### အကွက် ၁။ ဗဟိုချုပ်ကိုင်မှု လျော့ချရေး လုပ်ငန်းစဉ် အခြေအနေ

ဗဟိုချုပ်ကိုင်မှု လျော့ချခြင်း ဆိုသည်မှာ ဗဟိုအစိုးရမှ ပြည်နယ်အစိုးရများသို့ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ချထားပေးခြင်း ဖြစ်သည်ဟု ယေဘုယျအားဖြင့် သတ်မှတ်ထားကြသည်။ ၂၀၀၈ အခြေခံဥပဒေတွင် ဗဟိုချုပ်ကိုင်မှု လျော့ချရေး လုပ်ငန်းစဉ်အတွက် မူဘောင်ကို ဖော်ပြပေးထားသည်။[၂၀] ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ၅ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ၁ ခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် တို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံကို ဖွဲ့စည်းထားသည်။ ဗဟိုချုပ်ကိုင်မှု လျော့ချမှု ပြုလုပ်ရာတွင် ပြည်ထောင်စုအစိုးရမှ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ လုပ်ပိုင်ခွင့် အာဏာများ လွှဲပြောင်းပေးခြင်းကို အဓိကထားသည်။ အခြေခံဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ ၁၄ ခု ရှိပြီး အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးများကို ဆောင်ရွက်နိုင်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များမှ ပြည်ထောင်စု သမ္မတက ရွေးချယ်တင်မြှောက်သည့် ဝန်ကြီးချုပ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေး မဏ္ဍိုင်ကို ဦးဆောင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်က ရွေးချယ်ခန့်အပ်သည်။ ယင်းဝန်ကြီးများသည် သက်ဆိုင်ရာ တာဝန်အမျိုးမျိုးကို ထမ်းဆောင်ရလေ့ရှိသည်။ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၏ ပြည်နယ်အဆင့် ရုံးများကို ၎င်းဝန်ကြီးများက ကြီးကြပ်ရလေ့ရှိသည်။ ထို့ကြောင့် ဌာနမရှိသည့် ဝန်ကြီးများကို ပေါ်ပေါက်စေပြီး တာဝန်ခံမှုအတွက်လည်း ၂ နေရာသို့ အစီရင်ခံရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးဌာနများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝန်ကြီးများသို့ အစီရင်ခံရသကဲ့သို့ နေပြည်တော်မှ မိခင်ဌာနဖြစ်သော ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနသို့လည်း အစီရင်ခံရသည်။ ဥပမာအားဖြင့် သတ္တုတူးဖော်မှု ကဏ္ဍတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သတ္တုတွင်း ဦးစီးဌာနသည် ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာန၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း သဘာဝ သယံဇာတ စောင့်ကြည့်ရေးနှင့်ပတ်သက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝန်ကြီးသို့လည်း အစီရင်ခံရသည်။ ပုံ ၅ ကိုကြည့်ပါ။ ပြည်ထောင်စုအဆင့်မှ ချုပ်ကိုင်ထားမှုသည် အားကောင်းနေဆဲ ဖြစ်သော်လည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝန်ကြီးများသည် ၎င်းတို့ စီမံမှုအောက်ရှိ ဌာနများပေါ်တွင်

၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ အခြေခံဥပဒေ ၂၀၀၈ ခုနှစ်၊ သတ္တုတူးဖော်ရေး လုပ်သားများ ဘေးကင်းရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ပြန်လည်ပြုပြင်ရေးနှင့် ပတ်သက်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်မှာ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များအတွက်သာ သို့မဟုတ် သတ္တုတူးဖော်မှု အားလုံးအတွက် သက်ရောက်မှု ရှိမရှိကို ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။

၁၈ Ibid.

၁၉ ရန်ကုန်အခြေစိုက် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရှေ့နေနှင့် မေးမြန်းချက်

၂၀ Asia Foundation. *State and Region Governments in Myanmar: Policy Brief (2018).* asiafoundation.org/wp-content/uploads/2018/10/State-and-Region-Governments-in-Myanmar-2018-Policy-Brief_Eng.pdf, 2-4.

ဦးစီး ဆောင်ရွက်မှုများကို တိုး၍ ပြုလုပ်လာကြသည်။[၂၁]

ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်အောက်တွင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက် နှင့် ကျေးရွာ အုပ်စုများ ရှိသည်။ အစိုးရအဆင့်များတွင် ၎င်းအဆင့်အတွက် ကိုယ်စားပြုမှု မရှိပါ။ ပြည်ထောင်စုအစိုးရသည် ဒေသအဆင့်တွင် ခိုင်ခိုင်မာမာ နေရာယူထားသည်။ အစိုးရ ဌာနပေါင်း ၃၀ ကျော်သည် မြို့နယ်အဆင့်ထိ ရုံးများ ဖွင့်ထားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဌာနများ၊ မြို့နယ်အဆင့် စီမံမှုများသည် ပြည်ထောင်စုအဆင့် ဝန်ကြီးများနှင့် ပြည်နယ်နှင့် တိုင်းအဆင့်အစိုးရ ၂ ခုလုံးသို့ တာဝန်ခံမှု ၂ မျိုးရှိသော ရှုပ်ထွေးသည့် စနစ်ကို ဖြစ်ပေါ်စေသည်။[၂၂]

အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အဓိကကျသည့် အစုအဖွဲ့ ဖြစ်သည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်ထောင်စု အစိုးရရုံး ဝန်ကြီးလက်အောက်မှ ဌာနတစ်ခုဖြစ်သည်။ ပြည်နယ်နှင့် တိုင်းအဆင့် လုပ်ငန်းဌာနများနှင့် ပြည်ထောင်စု အစိုးရကို အဓိက ချိတ်ဆက်ပေးသည့် ဌာနအဖြစ်နှင့် သမိုင်းတစ်လျှောက် ရပ်တည်လာခဲ့သည်။ ၎င်း၏ လုပ်ပိုင်ခွင့်မှာ ကျယ်ပြန့်သည်။ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအဆင့် ဌာနများကို စီမံခြင်း၊ စောင့်ကြည့်ခြင်းတို့ အပါအဝင် တာဝန် လုပ်ပိုင်ခွင့် အများအပြား ရှိသည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်တွင်လည်း အဓိကကျသည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးမှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အကြီးအကဲသည် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရ၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ဌာနမရှိသည့် ဝန်ကြီးများကို ကူညီပေးသည်။ ဝန်ကြီးများနှင့် ၎င်းတို့ ကြီးကြပ်သည့် ဌာနကြား အဓိက ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် တာဝန်ယူ ဆောင်ရွက်သည်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ပြည်နယ်အဆင့်များသို့ ပြည်ထောင်စုအစိုးရ၏ ဩဇာ သက်ရောက်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် ဖြစ်ခဲ့သော်လည်း လက်ရှိတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဖွဲ့စည်းပုံသည် ဗဟိုချုပ်ကိုင်မှုမှ တဖြည်းဖြည်း ကင်းလွတ်၍ ၎င်းတို့ တည်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရသို့ တာဝန်ခံမှု ပို၍ တိုးလာသည်။[၂၃]

၂၀၁၅ မြန်မာ့သတ္တုတွင်း ဥပဒေပြင်ဆင်ချက်၊ ၂၀၁၈ ဖေဖော်ဝါရီတွင် သတ္တုတွင်း နည်းဥပဒေထုတ်ပြန်မှုတို့သည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍတွင် ခွင့်ပြုမိန့်များ ချထားနိုင်သည့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဖြစ်လာစေရန် ဥပဒေမူဘောင်၊ စည်းကမ်း ထိန်းကျောင်းရေးမူဘောင်များကို ဖြစ်ပေါ်စေခဲ့သည်။ ၎င်းဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး လုပ်ကွက်စိစစ်ရေးဘုတ်အဖွဲ့သည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍတွင် ခွင့်ပြုမိန့် ချထားပေးနိုင်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ထုတ်ပြန်ချက်အရ ဘုတ်အဖွဲ့တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာန၊ သတ္တုတွင်း ဦးစီးဌာနများမှ ကိုယ်စားလှယ် တစ်ဦးကျစီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရမှ ထည့်သွင်းသည့် ကိုယ်စားလှယ် တစ်ဦးတို့ ပါဝင်မည်ဖြစ်သည်။ ဝန်ကြီးသည် ဘုတ်အဖွဲ့ ဥက္ကဋ္ဌဖြစ်ပြီး သတ္တုတွင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးသည် အတွင်းရေးမှူးဖြစ်သည်။[၂၄] စာတမ်းပြုစုနေစဉ် ကာလတွင် သတ္တု အဓိကထုတ်လုပ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လုပ်ကွက်စိစစ်ရေး ဘုတ်အဖွဲ့များကို ဖွဲ့စည်းထားပြီး ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် ၎င်းတို့ နှစ်သက်သည့် အရာရှိတစ်ဦးကို ဘုတ်အဖွဲ့တွင် ထည့်သွင်းနိုင်သည် ဖြစ်သောကြောင့် ယင်းဘုတ်အဖွဲ့များ စုစည်းမှုမှာ ထပ်တူ မဟုတ်ပဲ အနည်းငယ် ကွဲပြားနိုင်ပါသည်။


၂၁ Ibid., 13.

၂၂ Ibid., 4.

၂၃ Asia Foundation. *State and Region Governments in Myanmar,* 54.

၂၄ ပြည်ထောင်စုမြန်မာနိုင်ငံ၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ထုတ်ပြန်ကြေညာချက် ၁၁/၂၀၁၈ (၂၀၁၈)

ပုံ ၅။ ပြည်နယ်နှင့် တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ရုံးများ၏ တာဝန်ခံမှု လမ်းကြောင်း ၂ ခု




သတ္တုတွင်းဥပဒေတွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အသေးစား တူးဖော်မှု ဆိုသည်မှာ ငွေရင်းနှီး အနည်းငယ်ဖြင့် ပမာဏ အနည်းငယ်ကို ကုမ္ပဏီများမှ စီးပွားဖြစ် ထုတ်ယူခြင်းဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။[၂၅] သာမန် လက်သုံးကိရိယာများ၊ သာမန် စက်ကိရိယာများသာ အသုံးပြုပြီး သတ္တုများကို အသုံးပြု၍ ထုတ်လုပ်သူကို လက်လုပ်လက်စား ဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။[၂၆]

သတ္တုတွင်းများ အမျိုးအစား ခွဲရာတွင် အဓိက အရေးအကြီးဆုံးမှာ ခွင့်ပြုသည့် ဧက ဖြစ်သည်။ အကွက် ၁ တွင် ခွင့်ပြုမိန့် အမျိုးမျိုး၏ ဧက အကန့်အသတ်များကို ဖော်ပြထားသည်။[၂၇] အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် သက်တမ်းမှာ ၅ နှစ်မှ ၁၀ နှစ် ဖြစ်သည်။ ထုတ်လုပ်သည့် သတ္တုပေါ် မူတည်ပြီး တစ်ကြိမ် သက်တမ်းတိုးလျှင် အများဆုံး ၂ နှစ်ထိ တိုးနိုင်သည်။ သတ္တုတွင်း နည်းဥပဒေများအရ ပြည်နယ်နှင့် တိုင်းဒေသကြီး စိစစ်ရေးအဖွဲ့များသည် ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းမှု ပြုလုပ်ပြီး သက်တမ်းတိုးပေးနိုင်သည်။ သို့သော် လည်း အသေးစိတ် ဆောင်ရွက်ရမည့် အဆင့်များနှင့် ကုန်ကျစရိတ်များကို ဖော်ပြထားခြင်း မရှိပါ။[၂၈] လက်လုပ်လက်စား ခွင့်ပြုမိန့် သက်တမ်းမှာ ၁ နှစ်တည်းသာ ဖြစ်သည်။ လက်လုပ်လက်စား ခွင့်ပြုမိန့် သက်တမ်းတိုးနိုင်သည်ဟု ဖော်ပြထားသော်လည်း အသေးစိတ် အချက်များကို ဖော်ပြထားခြင်း မရှိပါ (ဥပမာ သက်တမ်းတိုးကာလ)[၂၉] သတ္တုတွင်း နည်းဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ သည် အသေးစား ဓာတ်သတ္တု ရှာဖွေရေး ခွင့်ပြုမိန့်ကိုလည်း ချထားပေးနိုင်သည်။[၃၀]

၂၅ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၇၂/၂၀၁၅၊ (စ) (၅) ငွေရင်းနှီးပမာဏ သို့မဟုတ် ထုတ်လုပ်မှု ပမာဏအတွက် ကိန်းဂဏန်းဖြင့် ဖော်ပြထားခြင်း မရှိပါ။

၂၆ မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ၇၂/၂၀၁၅၊ (စ) (၃)

၂၇ ခွင့်ပြုမိန့်များကို အကွက် ၁ ပါအတိုင်း အမျိုးအစား ၃ မျိုးဖြင့်သာ ခွဲခြားထားသော်လည်း အစိုးရသည် သီးသန့် သတ္တုများအတွက် ခွင့်ပြုမိန့်များ ချပေးသည်။

၂၈ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေ ၂၀၁၈၊ ၈၆၊ ၈၉ – ၉၂

၂၉ နည်းဥပဒေ ၉၆၊ ၉၈

၃၀ နည်းဥပဒေ ၂၂

## ဇယား ၁။ ၂၀၁၈ သတ္တုတွင်း နည်းဥပဒေတွင် သတ်မှတ်ထားသည့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုဧက နှင့် သက်တမ်း

| ခွင့်ပြုမိန့် အမျိုးအစား | အမြင့်ဆုံး ခွင့်ပြုနိုင်သည့် ပမာဏ | ခွင့်ပြုမိန့် သက်တမ်း |
|---|---|---|
| **အသေးစား ထုတ်လုပ်မှု** | | |
| ရွှေ နှင့် အခြားအဖိုးတန် သတ္တုများ | ၄ ဧက | ၅ နှစ်မှ ၁၀ နှစ် (သက်တမ်းတိုး ၂ နှစ်) |
| အခြား သတ္တုများ | ၁၀ ဧက | |
| စက်မှုတွင်းထွက် ကုန်ကြမ်းများ | ၂၀ ဧက | |
| **လက်လုပ်လက်စား ထုတ်လုပ်မှု** | | |
| ရွှေ နှင့် အခြားအဖိုးတန် သတ္တုများ | ၁ ဧက | ၁ နှစ် (သက်တမ်းတိုးနိုင်သော်လည်း သက်တမ်းတိုးပေးမည့် ကာလကို အတိအကျ ဖော်ပြထားခြင်း မရှိပါ။) |
| အခြား သတ္တုများ | ၃ ဧက | |
| စက်မှုတွင်းထွက် ကုန်ကြမ်းများ | ၅ ဧက | |

ခွင့်ပြုမိန့် လျှောက်ထားရာတွင် လိုအပ်သည့် အချက်အလက်များကို သတ္တုတွင်း ဥပဒေနှင့် နည်းဥပဒေတို့တွင် အသေးစိတ် ဖော်ပြထားသည်။ (နောက်ဆက်တွဲ ၁.၃ ကိုကြည့်ပါ) ယင်းသတ်မှတ်ချက်များအားလုံး အထူးသဖြင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် ရရှိအောင် ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သလောက် ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် လျှောက်လွှာများ စိစစ်သုံးသပ်သည့်အခါတွင် နည်းပညာပိုင်းဆိုင်ရာ သတ်မှတ်ထားချက်များ လိုက်နာမှု ရှိမရှိကို ပုံမှန် စစ်ဆေးနိုင်ခြင်းမရှိပါ။ (အခန်း ၁.၃ ကိုကြည့်ပါ)

ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ် အသွားအလာ အသေးစိတ်ကို ဥပဒေမူဘောင်တွင် အသေးစိတ်ဖော်ပြချက်မှာ အနည်းငယ်သာ ရှိသည်။ သတ္တုတွင်း နည်းဥပဒေအရ အသေးစား ရှာဖွေတူးဖော်ခွင့်ခွင့်ပြုမိန့် ချထားပေးရာတွင် ဦးရာလူ စနစ်ဖြင့် ချထားပေးသည်။ အရည်အသွေးပြည့်မီသည့် လျှောက်လွှာများအနက်မှ အစောဆုံးတင်သွင်းသည့် လျှောက်လွှာကို ပေးခြင်းဖြစ်သည်။ စီးပွားဖြစ် ထုတ်ယူနိုင်သည့်နေရာအတွက် ကုမ္ပဏီ အများအပြားက လျှောက်လွှာတင်သည့် ကိစ္စမျိုးအတွက်မူ ချွင်းချက်ထားဆောင်ရွက်သည်။ ယင်းကဲ့သို့ နေရာများမှ လုပ်ကွက်များကို အပြိုင်အဆိုင် လေလံဖြင့် ချထားပေးသည်။[၂၁] လေလံလုပ်ငန်းစဉ် အသေးစိတ် ဆောင်ရွက်ပုံကို နည်းဥပဒေတွင် ဖော်ပြထားခြင်း မရှိပါ။ (ဥပမာ လျှောက်လွှာ စိစစ်ရာတွင် အသုံးပြုမည့် နည်းပညာ သတ်မှတ်ချက် သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်) ထို့ပြင် ပြည်ထောင်စုအဆင့် သတ္တုတွင်း ဦးစီးဌာနမှ အရာရှိတစ်ဦးက ရွှေလုပ်ကွက် လျှောက်ထားရာတွင် ရှာဖွေစမ်းသပ်မှု မပြုလုပ်ဘဲနှင့် လုပ်ကွက် လျှောက်ထားနိုင်သည်ဟု NRGI သို့ ပြောပြခဲ့သည်။ (ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ အများဆုံး ချထားပေးသည့် ခွင့်ပြုမိန့်အမျိုးအစား) ၎င်းခွင့်ပြုမိန့် ချထားပေးခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းသည့် ဥပဒေသတ်မှတ်ချက် မရှိပါ။ ဦးရာလူစနစ်ဖြင့် ချထားပေးသည့် စနစ်ကို ဆက်လက်ကျင့်သုံးမှု ရှိမရှိကိုလည်း အတိအကျ မသိရှိရပါ။[၂၂] လက်လုပ်လက်စား ခွင့်ပြုမိန့်နှင့်ပတ်သက်ပြီး ဦးရာလူစနစ် သို့မဟုတ် လေလံစနစ် မည်သည့်စနစ်ဖြင့် ချထားပေးမည်နှင့်ပတ်သက်ပြီး နည်းဥပဒေတွင် အသေးစိတ် ဖော်ပြထားခြင်း မရှိပါ။[၂၃]

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများအနေဖြင့် လျှောက်လွှာများ လက်ခံနေပြီဖြစ်သော်လည်း စာတမ်းပြုစုနေချိန်အထိ ချထားပေးသည့် ခွင့်ပြုမိန့် အရေအတွက်မှာ အနည်းငယ်သာ ရှိသည်။ ပုံ ၆ ကိုကြည့်ပါ။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသည် ၂၀၁၈ ဩဂုတ်မှ ၂၀၁၉ မတ်လအထိ လျှောက်လွှာပေါင်း ၄၀၀၀ ကျော် လက်ခံရရှိခဲ့သည်။ စာတမ်းပြုစုရန် ကွင်းဆင်းလေ့လာမှု ပြုလုပ်ချိန်တွင် ထုတ်ပြန်ပေးထားသည့် ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရှိသေးသော်လည်း မတ်လကုန်ပိုင်းတွင် ၁၀၀


၂၁ နည်းဥပဒေ ၂၄၊ ဂ၊ ဃ

၂၂ လုပ်ကွက်တစ်ခုအတွက် လျှောက်ထားသူ တစ်ဦးထက်ပိုပါက၊ စမ်းသပ်ရှာဖွေခွင့် ရထားသူမှ ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိပါက အပြိုင်အဆိုင် စနစ်ဖြင့် ဆောင်ရွက်ရမည်ဟု သတ္တုတွင်း နည်းဥပဒေတွင် ဖော်ပြထားသည်။ နည်းဥပဒေ ၈၂ ဃ ကိုကြည့်ပါ။

၂၃ နည်းဥပဒေ အခန်း ၉

**နီးပါး ထုတ်ထားပေးခဲ့သည်။**[၂၆]

## ပုံ ၆။ ၂၀၁၉ ဖေဖော်ဝါရီ/မတ် အထိ ထုတ်ပေးခဲ့သည့် ခွင့်ပြုမိန့် အရေအတွက်[၂၇]






မန္တလေးတိုင်း ဒေသကြီးရှိ အသေးစား မြေအောက် ရွှေတွင်း လုပ်ငန်းခွင် တစ်နေရာ

ဓာတ်ပုံ – Andre Malerba

**အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များသည် ကိုယ်ပိုင် သတ္တုတွင်းဥပဒေများ ရေးဆွဲခြင်းဖြင့် ၎င်းတို့၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ပိုင်ခွင့် တာဝန်အသစ်များကို အကောင်အထည် ဖော်နေ**

၂၆ စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနမှ MCRB သို့ ထုတ်ပြန်ပေးသည့် အချက်အလက်ဖြစ်သည်။ သတ္တုတွင်းဦးစီးဌာန ပြည်ထောင်စုအဆင့်မှ ထပ်မံရရှိသည့် အချက်အလက်များအရ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ၂၀၁၉ မေလထိ ခွင့်ပြုမိန့်ပေါင်း ၃၀၀ နီးပါး ထုတ်ပေးခဲ့ပြီဖြစ်သည်။ အသေးစိတ်ကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။

၂၇ ကချင်နှင့် မန္တလေးမှ အချက်အလက်များကို ၂၀၁၉ ဖေဖော်ဝါရီတွင် ပြုလုပ်ခဲ့သည့် မေးမြန်းချက်မှ စုစည်းထားပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဆိုင်သည့် အချက်အလက်များကို ၂၀၁၉ မတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနမှ MCRB သို့ ထုတ်ပြန်ပေးသည်များပေါ်တွင် အခြေခံပါသည်။

ကြသည်။[၃၆] ပြည်နယ်အဆင့် ဥပဒေများသည် သတ္တုတွင်းဦးစီးဌာန ပြည်ထောင်စုအဆင့်မှ ပြင်ဆင်ထားသည့် ပုံစံပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။ ဥပဒေမူကြမ်းကို NRGI မှ သုံးသပ်မှု ပြုလုပ်ခဲ့ရာတွင် ပြည်ထောင်စုအဆင့် သတ္တုတွင်းဥပဒေ၏ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရ လုပ်ပိုင်ခွင့်များအခန်းမှ ပြဋ္ဌာန်းချက် အများအပြား ပါဝင်နေသည်ကို တွေ့ရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသည်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဟု အခြေခံဥပဒေတွင် သတ်မှတ်ထားသည်ဖြစ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ပြဋ္ဌာန်းသည့် ဥပဒေသည် ပြည်ထောင်စု အဆင့်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ နှင့် ထုတ်ပြန်ချက်များနှင့် ကွာခြားမှု မည်မျှရှိမည်ကို NRGI မှ မေးမြန်းမှု ပြုလုပ်ခဲ့သည့် ဥပဒေကျွမ်းကျင်သူများ အနေဖြင့်လည်း ရှင်းလင်းစွာ မသိကြသည်ကို တွေ့ရှိရသည်။ ယင်းသို့ ရေးဆွဲထားသည့် သီးခြားဥပဒေများ၏ ရည်ရွယ်ချက်မှာလည်း ရှင်းလင်းမှု မရှိပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် ဥပဒေပြုခွင့် အာဏာကို ကျင့်သုံးပါက မည်သို့ဖြစ်လာနိုင်သည်မှာလည်း ရှင်းလင်းမှု မရှိပါ။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်ကို ပြည်ထောင်စုမှ မည်သည့် အတိုင်းအတာထိ အပြောင်းအလဲ လုပ်မည် သို့မဟုတ် အနုတ်အသိမ်း လုပ်မည်ကိုလည်း ရှင်းလင်းစွာ မသိရပါ။[၃၇]

## ၁.၃ ။ ။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍတွင် လက်ရှိ ကျင့်သုံးနေသည့် ခွင့်ပြုမိန့် ချထားပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်ဆောင်ရွက်ပုံ အတိအကျ၊ ပါဝင်မည့် အစုအဖွဲ့များ၊ လျှောက်လွှာ အတည်ပြုခြင်း သို့မဟုတ် ပယ်ချရာတွင် အသုံးပြုသည့် စံများနှင့် ပတ်သက်ပြီး ဥပဒေမူဘောင်တွင် အနည်းငယ်ကိုသာ လမ်းညွှန်ဖော်ပြထားသည်။ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး အစိုးရ၊ လုပ်ငန်းရှင်၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ ပြောပြချက်များမှာ တစ်ခုနှင့်တစ်ခု အကြီးအကျယ် ကွဲလွဲနေသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုအတွင်းမှာပင် ပြောပြချက်များမှာ အမျိုးမျိုး ဖြစ်နေသည်။ ခွင့်ပြုမိန့် လုပ်ငန်းစဉ်သည် စာတမ်းပြုစုနေစဉ် ကာလထိ အဓိပ္ပာယ်သတ်မှတ်ချက် အတိအကျ မရှိ၊ တည်ငြိမ်မှု မရှိသေးသည့် သဘောဖြစ်သည်။

ကွဲလွဲမှု အများအပြား ရှိသည့်တိုင်အောင် တူညီစွာ ဖြေဆိုကြသည့် အခြေခံအဆင့်များ၊ ပါဝင်သည့် အစုအဖွဲ့များလည်း ရှိသည်။ ယခုအခန်းတွင် ယင်းအဆင့်များကို ဖော်ပြသွားမည်ဖြစ်သည်။ သို့သော်လည်း အမှန်တကယ် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်သည် ရေးသားဖော်ပြထားသည်ထက် ပို၍ ရှုပ်ထွေးနိုင်သည်။ အကွက် ၂ တွင် အဓိက ပါဝင်သည့် အစုအဖွဲ့များကို ဖော်ပြထားသည်။ ပုံ ၇ တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အသေးစား ရွှေတူးဖော်ခွင့် ခွင့်ပြုမိန့် လျှောက်ထားခြင်း လုပ်ငန်း စဉ် အဆင့်ဆင့်ကို လောလောလတ်လတ် ခွင့်ပြုမိန့် ရထားသည့် လုပ်ငန်းရှင်မှ ရှင်းပြသည့်အတိုင်း အသေးစိတ် ခြုံငုံသုံးသပ်ထားသည်။ အစိုးရ၊ အရပ်ဘက် လူ့အဖွဲ့အစည်းမှ ပြောပြချက်များနှင့် ကွဲပြားနေသကဲ့သို့ အခြား လျှောက်လွှာရှင်များ၏ အတွေ့အကြုံနှင့်လည်း ထပ်တူကျချင်မှ ကျမည်ဖြစ်သည်။ ခွင့်ပြုမိန့် လုပ်ငန်းစဉ် အသေးစိတ်ကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားပါသည်။

၃၆ ကယား၊ စစ်ကိုင်း၊ ရှမ်း နှင့် ကချင်တို့သည် ဥပဒေမူကြမ်းများ ရေးဆွဲနေကြပြီ ဖြစ်သည်။ စတိတ်ဟိုဒါများနှင့် ညှိနှိုင်းမှုတွင်တော့ ကွာခြားချက်များ ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးတွင် သီးခြားဥပဒေ ရေးဆွဲရန် အစီအစဉ် ရှိကြသည်မဟုတ်ပါ။ မန္တလေးတိုင်းဒေသကြီး အစိုးရအနေဖြင့် ပြည်ထောင်စုအဆင့် ဥပဒေသည် လုံလောက်မှု ရှိသည်ဟု ယူဆသောကြောင့် သီးခြားဥပဒေ ရေးဆွဲမှု မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည် ဟု NRGI သို့ ပြောပြသည်။

၃၇ ပြည်ထောင်စု အစိုးရအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ ခွင့်ပြုမိန့် ထုတ်ပေးနိုင်ခွင့်ရှိသည့် သတ္တု အမျိုးအစားကို ပြန်လည်သတ်မှတ်ခြင်း၊ လျှော့ချခြင်း မပြုလုပ်ရန် အာမခံချက်ပေးသည့် ဥပဒေ အာမခံချက် တစ်စုံတစ်ရာ မရှိကြောင်း ရန်ကုန်အခြေစိုက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရှေ့နေ အဆိုအရ သိရသည်။

အကွက် ၂။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးရာတွင် ပါဝင်သည့် အစိုးရ အစုအဖွဲ့ စတိတ်ဟိုဒါများ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုအဆင့်** – သတ္တုထုတ်လုပ်မှုကဏ္ဍ အလုံးစုံ စီမံမှု တာဝန်ယူထားသည့် အစုအဖွဲ့ ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ လိုက်နာရမည့် သတ္တုတူးဖော်ခြင်း နှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင်များ ရေးဆွဲသည့် တာဝန်ယူထားသည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးခြင်းတွင် တိုက်ရိုက် တာဝန်ရှိသည့် အစုအဖွဲ့များမှာ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု လုပ်ကွက်ဇုန် သတ်မှတ်သည့် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာန၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု လုပ်ကွက်ဇုန် ပြင်ပသို့ ရောက်နေသည့် လုပ်ကွက်လျှောက်လွှာများနှင့် ထပ်နေသည့် လျှောက်လွှာများကို စိစစ်သည့် သတ္တုတွင်း ဦးစီးဌာန၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်လက်မှတ် ထုတ်ပေးသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ဖြစ်သည်။

**ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး လုပ်ကွက်စိစစ်ရေး ဘုတ်အဖွဲ့** – အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်လျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်းကို တာဝန်ယူထားသည်။ ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးအဆင့် ဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည်။ အဖွဲ့ဖွဲ့စည်းပုံမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကွဲပြားသည်။


**ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး သယံဇာတ ဝန်ကြီး** – ခွင့်ပြုမိန့် လျှောက်လွှာများကို လက်ခံသည်။ လုပ်ကွက် စိစစ်ရေးအဖွဲ့ ဥက္ကဌ ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် သတ္တုတွင်းဦးစီးဌာန၊ နိုင်ငံတော်ပိုင် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို တစ်စိတ်တစ်ပိုင်းကြီးကြပ်သည်။

**ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် သတ္တုတွင်းဦးစီးဌာန** – ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် အတွင်းရေးမှူး ဖြစ်သည်။ လျှောက်လွှာသုံးသပ်မှု လုပ်ငန်းစဉ်ကို ညှိနှိုင်းပေးသည်။ ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်သည်၊ စီမံသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး သယံဇာတ ဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်ထောင်စုအဆင့်သို့ အစီရင်ခံသည်။

**ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့** – သတ္တုတွင်း နည်းဥပဒေများတွင် ၎င်း၏ တာဝန် လုပ်ပိုင်ခွင့်များကို ဖော်ပြထားခြင်း မရှိသော်လည်း ခွင့်ပြုမိန့် ချထားပေးရာတွင် အရေးပါသည့် အစုအဖွဲ့ ဖြစ်သည်။

**မြို့နယ်အဆင့် စိစစ်ရေးအဖွဲ့** – ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့် ဦးစီးဌာနအများအပြား ပါဝင်သည်။ ခွင့်ပြုမိန့် ချထားပေးစဉ် ကာလအတွင်း ကွင်းဆင်း လေ့လာမှုများပြုလုပ်သည်။ ပုံမှန်အားဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဥက္ကဌအဖြစ် တာဝန်ယူသည်။ အချို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ရပ်ရွာ ကိုယ်စားလှယ်များ ပါဝင်လျက် ကွင်းဆင်းမှုများ ပြုလုပ်သည်။

## ပုံ ၇။ လုပ်ငန်းရှင်တစ်ဦးမှ ရှင်းပြသည့် စစ်ကိုင်းတိုင်း ဒေသကြီးရှိ အသေးစား ရွှေလုပ်ကွက် ခွင့်ပြုမိန့် လျှောက်ထားမှု လုပ်ငန်းအဆင့်ဆင့်




## က။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရသို့ လျှောက်လွှာတင်ခြင်း

မူအရ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် သယံဇာတ ဝန်ကြီးသို့ လျှောက်လွှာတင်ရသည်။[၃၈] ပြည်နယ်/တိုင်းဒေသကြီးများတွင် လက်တွေ့ ဆောင်ရွက်နေမှုများ ကွဲပြားနေသည်ကို သုံးသပ်မှုများ ပြုလုပ်ရာတွင် တွေ့ရှိရသည်။ စစ်ကိုင်းနှင့် မန္တလေးတွင် ဆပ်ကော်မတီ ထံသို့ လျှောက်လွှာတင်ရသည်။ တိုင်းဒေသကြီး ၂ ခုရှိ ဆပ်ကော်မတီ အရွယ်အစား နှင့် ဖွဲ့စည်းပုံမှာ ကွဲပြားသည်။ လျှောက်လွှာ အရေအတွက်နှင့် ဝန်ထမ်းအင်အား အသုံးပြုနိုင်မှုပေါ် မူတည်ပြီး အပြောင်းအလဲ ဖြစ်ပေါ်လေ့ရှိသည်။ ဝန်ကြီးရုံး၊ သတ္တုတွင်း ဦးစီးဌာန၊ အစိုးရ ဌာနများ သို့မဟုတ် နိုင်ငံတော်ပိုင် လုပ်ငန်းမှ ကိုယ်စားလှယ်များ ပါလေ့ရှိသည်။[၃၉] ကချင်ပြည်နယ်တွင် သတ္တုတွင်း ဦးစီးဌာနသို့ တိုက်ရိုက် လျှောက်ထားရသည်။

ယခုအဆင့်တွင် အရာရှိများက အခြေခံအကျဆုံး အဆင့်အနေနှင့် လျှောက်လွှာ ဘောင်ဝင် မဝင် စစ်ဆေးသည်။ စစ်ဆေးမှု လုပ်ငန်းစဉ် အသေးစိတ်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကွဲပြားမှုရှိသည်။ စစ်ကိုင်းနှင့် မန္တလေးတွင် လိုအပ်သည့် စာရွက်စာတမ်း စုံလင်မှု ရှိမရှိကိုသာ စစ်ဆေးသည်။ ကချင်တွင် ချထားပြီးဖြစ်သော လုပ်ကွက်နှင့် ထပ်နေမှု ရှိမရှိ၊ ဆိုင်းငံ့ထားသည့် ခွင့်ပြုမိန့် ပါမပါကို ပဏာမ စစ်ဆေးသည်။ စစ်ဆေးမှု ပြုလုပ်ရာတွင် လူအင်အားဖြင့်၊ မြေပုံများ အသုံးပြုပြီး စစ်ဆေးသည်။ လျှောက်လွှာသုံးသပ်မှု ပြုလုပ်သည့်အခါတွင် ဦးရာလူစနစ်ကို ကျင့်သုံးသည်ဟု NRGI သို့ ပြောပြသည်။ အခန်း ၂.၂ တွင် အသေးစိတ် ဆွေးနွေးထားသကဲ့သို့ပင် ဦးရာလူစနစ်ကို တသမတ်တည်း ကျင့်သုံးနိုင်

၃၈ အသေးစား ထုတ်လုပ်မှုအတွက် လျှောက်လွှာပုံစံ ၃၁၊ လက်လုပ်လက်စားအတွက် ပုံစံ ၄၀

၃၉ စစ်ကိုင်း၏ ဆပ်ကော်မတီတွင် အမှတ် ၁ နှင့် ၂ သတ္တုတွင်းလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ သတ္တုတွင်း ဦးစီးဌာနတို့ ပါဝင်သည်ဟု ဖြေဆိုသူများက NRGI သို့ ပြောသည်။ (အမှတ် ၂ သတ္တုတွင်းလုပ်ငန်း ဆက်လက်ပါဝင်ခြင်း မရှိဟု ဖြေဆိုသူတစ်ဦးက ပြောသည်။) မန္တလေး၏ ဆပ်ကော်မတီတွင် တိုင်းဒေသကြီး ဝန်ကြီးရုံးမှ အရာရှိ၊ သတ္တုတွင်းဦးစီးဌာန၊ အမှတ် ၂ သတ္တုတွင်းလုပ်ငန်းမှ တာဝန်ရှိသူများ ပါဝင်သည်။

ရန် လုပ်ငန်းစဉ်နှင့် စနစ်များ ပြင်ဆင်ထားနိုင်ခြင်း မရှိပါ။

အခြေခံအချက်များ ပြည့်စုံပါက မှတ်တမ်းစာအုပ်တွင် စာရင်းသွင်းသည်။[၄၀] မှတ်တမ်းစာအုပ်မှာ ပြည်ထောင်စုအဆင့် သတ္တုတွင်း ဦးစီးဌာနမှ သတ်မှတ်ထားသည့် ပုံစံပေါ်တွင် အခြေခံထားပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် သတ္တုတွင်း ဦးစီးဌာနမှ စာရင်းရေးသွင်းသည်။

လျှောက်လွှာ လက်ခံမှု ပုံစံမှာ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကွဲပြားမှု ရှိသည်။ မန္တလေးတွင် စာတိုက်မှ ပေးပို့ခြင်းကိုသာ လက်ခံခဲ့သည်။ ကချင်တွင်မူ စာတိုက်ဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း မြစ်ကြီးနားသို့ သွားရောက် ပေးပို့နိုင်သည်။ စစ်ကိုင်းတွင် တိုင်းဒေသကြီး၏ မြို့တော်တွင် တစ်ပတ်တစ်ကြိမ် လျှောက်လွှာ လက်ခံသည်။ စာတိုက်မှ လျှောက်လွှာတင်ခြင်းနှင့် ပတ်သက်ပြီး ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အခက်အခဲများကို အခန်း ၂.၂ တွင် ဖော်ပြထားသည်။

## ၁။ ပဏာမအဆင့် ဆန်းစစ်မှု

ခွင့်ပြုမိန့် လုပ်ငန်းစဉ် ဒုတိယအဆင့်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး လုပ်ကွက်စိစစ်ရေး အဖွဲ့မှ လုပ်ကွက်ထပ်မှု ရှိမရှိ စစ်ဆေးသည်။ လျှောက်လွှာတွင် ဖော်ပြထားသည့် ကိုဩဒိနိတ် နှင့် ဌာနရှိမြေပုံများကို တိုက်ဆိုင်ပြီး စစ်ဆေးလေ့ရှိသည်။ လုပ်ကွက်ထပ်မှု ရှိမရှိ စစ်ဆေးရန်အတွက် GIS သုံးလေ့မရှိပါ။ အဖွဲ့ဝင်များမှ တွေ့ရှိချက်များကို စိစစ်ရေးအဖွဲ့သို့ တင်ပြပြီး မြို့နယ်အဆင့်တွင် အသေးစိတ်သုံးသပ်မှုများ ပြုလုပ်ရန် လိုမလိုကို ဆုံးဖြတ်သည်။ လုပ်ငန်းရှင်တစ်ဦး အဆိုအရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ၎င်းဆုံးဖြတ်ချက်ကို အတည်ပြုပေးရန် လိုသည်။

လျှောက်ထားသည့် နေရာသည် လက်လုပ်လုပ်စား နှင့် အသေးစား ထုတ်လုပ်မှု ဇုန်အတွင်း ရှိမရှိကို ဆုံးဖြတ်ရာတွင် သတ္တုတွင်း ဦးစီးဌာနသည် အဓိကကျသည်။ အကွက် ၃ ကို ကြည့်ပါ။ လုပ်ကွက်နေရာထပ်နေမှု ရှိမရှိ သို့မဟုတ် ဆိုင်းငံ့ခွင့်ပြုမိန့် နေရာ ဟုတ်မဟုတ်ကိုလည်း အာဏာပိုင်များက စစ်ဆေးသည်။ စာတမ်းအတွက် မေးမြန်းမှု ပြုလုပ်ခဲ့သည့် အာဏာပိုင်များက ဦးရာလူစနစ်ဖြင့် ချပေးသည်ဟု ဆိုသော်လည်း ၎င်းမူအတိုင်း တသမတ်တည်း အကောင်အထည်ဖော်ရန်အတွက် စနစ်များ၊ လုပ်ငန်းစဉ်များ ရှိမနေသည်ကို တွေ့ရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးပေါ် မူတည်ပြီး အခြားဌာနများ သို့မဟုတ် နိုင်ငံတော်ပိုင် လုပ်ငန်းများ (ဥပမာ အမှတ် ၂ သတ္တုတွင်းလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန) တို့ကလည်း လုပ်ကွက်ထပ်မှု ရှိမရှိကို ၎င်းတို့ဌာနရှိ မြေပုံနှင့် တိုက်ဆိုင်စစ်ဆေးသည်။ ဘုတ်အဖွဲ့အနေနှင့် ပယ်ချသင့်သည် သို့မဟုတ် ရွေးချယ်သင့်သည်ဟု အကြံပြုရာတွင် အသုံးပြုသည့် သတ်မှတ်ချက်မှာ ရှင်းလင်းမှု မရှိကြောင်းကို မေးမြန်းမှုများ ပြုလုပ်ရာတွင် တွေ့ရှိရသည်။

### အကွက် ၃။ အသေးစားနှင့် လက်လုပ်လက်စားထုတ်လုပ်မှု ဇုန်သတ်မှတ်ချက်

ပြည်ထောင်စုအစိုးရသည် အလတ်စားနှင့် အကြီးစား ခွင့်ပြုမိန့် စီမံပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးခွင့်ရှိလာသဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်သည် ပို၍ ရှုပ်ထွေးရသည်။ လုပ်ကွက်များ ထပ်နိုင်ချေ မြင့်တက်လာသည်။

ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနသည် ရန်ကုန်မှအပ ကျန်ရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးတွင် သတ္တုတူးဖော်မှု လုပ်ငန်းအဆင့် အမျိုးမျိုးအတွက် ဇုန်များ သတ်မှတ်ခဲ့သည်။ စာတမ်းပြုစုစဉ် ကာလအထိ တစ်နိုင်ငံလုံးတွင် လက်လုပ်လက်စား နှင့် အသေးစား ထုတ်လုပ်မှုဇုန် ၆၂ ခု ရှိသည်။ အများစုမှာ ရွှေလုပ်ကွက်များ ဖြစ်သည်။ အသေးဆုံး ဇုန်မှာ ချင်းပြည်နယ်မှ ထုံးကျောက်ဇုန် ဖြစ်ပြီး ၀.၀၂ စတုရန်းကီလိုမီတာ သာ

၄၀ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုမှ အာဏာပိုင်များက အခြေခံသတ်မှတ်ချက် ပြည့်မီခြင်း ရှိမရှိကို မစစ်ပဲ ပေးပို့လာသည့် လျှောက်လွှာအားလုံးကို စာရင်းသွင်းသည်ဟု ပြောပြသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး စိစစ်မှုကော်မတီများမှ သတ်မှတ်ချက် မပြည့်မီသည့် လျှောက်လွှာ အများအပြားကို ဖယ်ထုတ်ရသည် ဖြစ်သောကြောင့် နှောင့်နှေးမှု အကြီးအကျယ် ဖြစ်ပေါ်စေသည်။

ရှိသည်။ ဘောလုံးကွင်း ၃ ကွင်းစာနီးပါး အကျယ် ဖြစ်သည်။ စက်မှုတွင်းထွက် ကုန်ကြမ်း လက်လုပ်လက်စား တူးဖော်ရန် ၅ ဧက အကျယ် လုပ်ကွက် ၁ ကွက်စာသာ ရှိသည်။ အကြီးဆုံး အနေဖြင့် စစ်ကိုင်းတိုင်းမှ ရွှေလုပ်ကွက်ဇုန် ဖြစ်ပြီး စတုရန်းကီလိုမီတာ ၁၀၀၀၀ ရှိသည်။ သို့မဟုတ် တိုင်းဒေသကြီးတစ်ခုလုံး အကျယ်အဝန်း၏ ၁၀ ရာခိုင်နှုန်း ရှိသည်။ ၎င်းဇုန်သည် ၁ ဧကအကျယ် လက်လုပ်လက်စား ရွှေတူးဖော်ခွင့် ခွင့်ပြုမိန့် ၂.၄ သန်း သို့မဟုတ် ၄ ဧက အကျယ် အသေးစား ရွှေတူးဖော်မှု ခွင့်ပြုမိန့် ၆၀၀၀၀၀ ခန့် ချထားပေးနိုင်သည်။ (ယင်းဇုန်၏ နေရာအများစုသည် လက်တွေ့တွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် သင့်တော်မှုမရှိသည့် နေရာများ ဖြစ်သည်)[၄၁]

မူအရ တူးဖော်လိုသူများသည် မိမိနှစ်သက်ရာ နေရာကို လျှောက်ထားနိုင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အတွင်း ကျရောက်သည့် လျှောက်လွှာများကိုသာ ခွင့်ပြုမိန့် ထုတ်ပေးရန်အတွက် ပြည်ထောင်စုအစိုးရက ပို၍ လိုလားသည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အတွင်း ကျရောက်ပါက ပြည်ထောင်စု အစိုးရနှင့် ညှိနှိုင်းခြင်းမရှိပဲ ဆောင်ရွက်နိုင်သည်။ ပြည်ထောင်စုအဆင့်မှ စီမံသည့် အလတ်စား သို့မဟုတ် အကြီးစား ထုတ်လုပ်မှုဇုန် (သို့မဟုတ် ရတနာ နယ်မြေ) အတွင်း ကျရောက်နေပါက အလိုအလျောက် ပယ်ချခံရလေ့ရှိသည်။ ကြားနေရာများတွင် ကျရောက်နေသည် ဆိုပါက ပြည်နယ်နှင့် တိုင်းဒေသကြီးသည် ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး လုပ်ကွက်ထပ်နေမှု ရှိမရှိ စစ်ဆေးပြီး ပြည်ထောင်စုအဆင့်မှ မီးစိမ်းပြပါက ဆက်လက်ဆောင်ရွက်သည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပမှ လုပ်ကွက်များကို သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ပယ်ချလေ့ရှိသည်ဟု ပြည်ထောင်စုအဆင့် သတ္တုတွင်း ဦးစီးဌာနနှင့် မေးမြန်းချက် အရ သိရသည်။

## ဂ။ မြို့နယ်အဆင့် စိစစ်သုံးသပ်ချက်

ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် စိစစ်ရေးအဖွဲ့မှ ပဏာမ အတည်ပြုပြီးပါက မြို့နယ်အဆင့် သုံးသပ်မှု ပြုလုပ်ရန် လွှဲပေးသည်။ မြို့နယ်အဆင့်တွင် အဂတိလိုက်စား၊ ကြန့်ကြာမှုများ ဖြစ်နိုင်ချေများကြောင်း၊ လုပ်ငန်းစဉ် ဆောင်ရွက်မှုမှာလည်း ရှင်းလင်းမှု မရှိကြောင်း မေးမြန်းမှုကို ဖြေကြားသူများက ပြောပြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရက ဖွဲ့စည်းထားပေးသည့် မြို့နယ်အဆင့် စိစစ်မှု အဖွဲ့သည် လုပ်ငန်းစဉ် ယခုအဆင့်ကို ဦးဆောင်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်၊ မြို့နယ်အလိုက် စုဖွဲ့မှုပုံစံ ကွဲပြားသည်။ ပုံမှန်အားဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် ဥက္ကဋ္ဌ နေရာမှ ဦးဆောင် လေ့ရှိပြီး အချို့သော အဖွဲ့များတွင် သတ္တုတွင်းဦးစီးဌာန သို့မဟုတ် အမှတ် ၂ သတ္တုတွင်းလုပ်ငန်းက ဦးဆောင်သည်။ ဌာနအစုအဖွဲ့ ၈ ခုနီးပါးဖြင့် စုဖွဲ့ထားပြီး ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ မြို့နယ်အဆင့် ရုံးများမှ အရာရှိများနှင့် စုဖွဲ့ထားသည်။ စုဖွဲ့မှု အသေးစိတ်ကို နောက်ဆက်တွဲ ၁.၄ တွင် ဖော်ပြထားပါသည်။ ယင်းအစုအဖွဲ့ အများစုသည် ပြည်ထောင်စု အစိုးရသို့လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရသို့လည်းကောင်း တာဝန်ခံရသည်။ (အကွက် ၁ ကိုကြည့်ပါ)

ခွင့်ပြုမိန့် လျှောက်ထားသည့်နေရာကို ယင်းအဖွဲ့မှ အဖွဲ့ဝင်များက ကွင်းဆင်း စစ်ဆေးသည်။ အခြား ပုံစံဖြင့် အသုံးချနေမှု မရှိနေစေရန် အဓိကထား၍ ကွင်းဆင်းခြင်း ဖြစ်သည် (ဥပမာ လူနေရိယာ) အခြားလျှောက်လွှာ သတ်မှတ်ချက် (ဥပမာ ရေအရင်းအမြစ်မှ ခြားထားရမည့် အနိမ့်ဆုံး အကွာအဝေး) စစ်ဆေးသင့်သည့် အချက်အလက်နှင့်ဆိုင်သည့် အသေးစိတ် အချက်အလက်များကို နောက်ဆက်တွဲ ၁.၄ တွင် ဖော်ပြထားသည်။ ရပ်ရွာခေါင်းဆောင်၊ လုပ်ငန်းရှင်များ၊ လွှတ်တော်အမတ်များက ပါဝင်ကာ ကွင်းဆင်းလေ့ရှိသည်။ ပြည်သူများနှင့် စနစ်တကျ ဆွေးနွေး အကြံယူခြင်း မရှိပါ။

၄၁ ၂၀၁၉ ခုနှစ် မတ်လတွင် ပြည်ထောင်စုအဆင့် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ NRGI သို့ ပေးပို့ခဲ့သည့် အချက်အလက်များ ဖြစ်ပါသည်။

မြို့နယ်အဆင့် အဖွဲ့ဝင်များက လျှောက်လွှာနှင့်ပတ်သက်ပြီး သဘောထား ပေးသည်။ ၎င်းတို့ကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး စိစစ်ရေးအဖွဲ့သို့ ပေးပို့သည်။ (ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း သုံးသပ်မှု ပြုလုပ်သည်ဟု လုပ်ငန်းရှင်တစ်ဦးက ပြောသည်။)

ယခုအဆင့်သည် အရေးကြီးသည့် အဆင့်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး စိစစ်ရေး ဘုတ်အဖွဲ့သည် မြို့နယ်အဆင့်မှ အပြုသဘောဆောင်သည့် သဘောထား မပါပဲနှင့် ခွင့်ပြုမိန့် ချထားပေးရန် မဖြစ်နိုင်သည့် သဘောဖြစ်သည်။ ယခုအဆင့်သည် ပွင့်လင်းမြင်သာမှု မရှိဆုံး အဆင့်ဖြစ်သည်။ ဆုံးဖြတ်ချက်များ ပြုလုပ်ရာတွင် မည်သည့်စံနှုန်းများဖြင့် တိုင်းတာသည်၊ မည်သူများ ပါဝင်သည်ကို အတိအကျ ရှင်းလင်းစွာ ရေးသားထားမှု အနည်းငယ်သာ ရှိသည်။ မြို့နယ်အဆင့် သုံးသပ်မှုသည် ၃ လ သို့မဟုတ် ၎င်းထက်ပိုနိုင်သည်ဟု ဖြေဆိုသူတစ်ဦးက မှတ်ချက်ပေးသည်။ အာဏာပိုင်များ ခွင့်ပြုမိန့်နေရာ ကွင်းဆင်းမှုအတွက် ကုန်ကျစရိတ်များကို လျှောက်ထားသူက ကျခံပေးရသည်။ ၎င်းနှင့်ပတ်သက်ပြီး ဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားမှု မရှိပါ။ လျှောက်ထားသူများသည် မြို့နယ်အဆင့်မှ ဌာနတစ်ခုခြင်းစီနှင့် တိုက်ရိုက် ချိတ်ဆက်ရန် လိုအပ်သည် ထိုသို့ တွေ့ဆုံခွင့်ရရန် ရံဖန်ရံခါ အဂတိလိုက်စားမှု ဖြစ်ပွားသည်ဟု ဖြေဆိုသူတစ်ဦးက ပြောပြသည်။ အဂတိ လိုက်စားမှုနှင့်ပတ်သက်ပြီး အသေးစိတ်ကို အခန်း ၂.၂ တွင် ဖော်ပြထားသည်။

## ဃ။ ခွင့်ပြုမိန့် မြေပုံ အတည်ပြုခြင်း

စိစစ်ရေး ဘုတ်အဖွဲ့ (နှင့် အစိုးရအဖွဲ့လည်း ပါဝင်နိုင်) သည် မြို့နယ်အဆင့် စိစစ်မှုမှ တွေ့ရှိချက်များနှင့်ပတ်သက်ပြီး ကျေနပ်သည်ဆိုပါက သတ္တုတွင်းဦးစီးဌာနသည် အခြားဌာနများနှင့် ကွင်းဆင်းပြီး ခွင့်ပြုမိန့် မြေပုံကို အတည်ပြုပေးသည်။[၆၂] မြေပုံအချော်ကြို အတည်ပြုပေးရန် စိစစ်ရေးအဖွဲ့မှ အစည်းအဝေးပြုလုပ် တွေ့ဆုံသည်။ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း မြေပုံကို အတည်ပြုပေးရသည်ဟု စစ်ကိုင်းမှ လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

## င။ နောက်ဆုံးအဆင့် အတည်ပြုခြင်း နှင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်း

မြေပုံ အတည်ပြုပြီးပါက လျှောက်ထားသူသည် အခွန်များ၊ အခကြေးငွေများကို ပေးသွင်းရန် လိုအပ်သည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှု ခွင့်ပြုမိန့်ကြား ပေးသွင်းရသည့် ပမာဏ ကွဲပြားသည်။ သတ္တုအမျိုးအစား တစ်ခုနှင့်တစ်ခုကြားလည်း ကွဲပြားသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက်လည်း ပမာဏ ကွဲပြားသည်။ ဇယား ၂ တွင် ကချင်နှင့် စစ်ကိုင်းမှ ရွှေ ခွင့်ပြုမိန့် နှုန်းထားကို ယှဉ်ပြထားသည်။ ခွင့်ပြုမိန့်သက်တမ်း တလျှောက်လုံးအတွက် ပေးသွင်းမှုများ အားလုံးကို အလုံးအရင်းနှင့် ပေးသွင်းရမည်ဖြစ်သည်။[၆၃] ဥပမာ ၅ နှစ်သက်တမ်းရှိ အသေးစား ရွှေ ထုတ်လုပ်မှု ခွင့်ပြုမိန့် ရရှိထားသူသည် ၅ နှစ်အတွက် ပေးသွင်းရမည့် အခွန်များနှင့် အခကြေးများကို တစ်ကြိမ်တည်း အပြီးပေးသွင်းရသည်။ အခွန် အမျိုးအစားလိုက်ပြီး ပမာဏ ဆုံးဖြတ်မှု တာဝန်ယူသူများမှာလည်း ကွဲပြားသည်။ အချို့သော အခွန်များကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက သတ်မှတ်သည်၊ အချို့ကို ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆုံးဖြတ်သည်။ ပမာဏ တွက်ချက်မှုနှင့်ပတ်သက်ပြီး တွက်ချက်ပုံ အခြေခံကို ရှင်းလင်းစွာ မသိရပါ။ အခွန်များနှင့် အခကြေးငွေများကို ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရမှ ဖွင့်ထားသည့် စာရင်းသို့ လွှဲပြောင်းပေးသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် လျှောက်ထားသူသည် တိုင်းဒေသကြီး အစိုးရ ဖွင့်ထားသည့် ဘဏ်စာရင်း ၃ ခု ပေးသွင်းရသည်။ တွင်းပိတ်ခြင်းနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရံပုံငွေအတွက် စာရင်း ၁ ခု၊ လူမှုဝတ္တရား ရံပုံငွေအတွက် စာရင်း ၁ ခုနှင့် အခြား ပေးသွင်းမှုများအတွက် စာရင်း ၁ ခု ဖြစ်သည်။ သတ်မှတ်ထားသည့် ရံပုံငွေမှ သုံးစွဲမှု အပါအဝင် အခွန်ငွေ အဝင်အထွက် စီးဆင်းမှု စောင့်ကြည့်ရေးကို မည်သည့် အစုအဖွဲ့က တာဝန်ယူထားသည်မှာ ရှင်းလင်းမှု မရှိပါ။

၆၂ ယင်းအဆင့်ကို သတ္တုတွင်းဦးစီးဌာနမှ ဦးဆောင်ပြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ သတ္တုတွင်းလုပ်ငန်းတို့က ဝိုင်းဝန်းပံ့ပိုးသည်။ ကချင်နှင့် မန္တလေးတွင် အလားတူ ဆောင်ရွက်မှု ရှိမရှိ စုံစမ်းမရပါ။

၆၃ ယခုဖော်ပြထားသည့် လုပ်ငန်းအဆင့်များသည် ရွှေ ခွင့်ပြုမိန့်အတွက် ဖြစ်သည်။ စာတမ်းပြုစုနေစဉ်ကာလ သုံးသပ်လေ့လာမှုများ ပြုလုပ်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများတွင် ရွှေ မဟုတ်သည့် အခြားထုတ်လုပ်မှု လျှောက်လွှာ လက်ခံရရှိမှု အနည်းငယ်သာ ရှိသည်ဖြစ်သောကြောင့် အခြားထုတ်လုပ်မှုအတွက်လည်း အလားတူ ဆောင်ရွက်မှု ရှိမရှိကို ဆုံးဖြတ်နိုင်ခြင်း မရှိပါ။

ခွင့်ပြုမိန့် မရမီ နောက်ဆုံးအဆင့် အနေဖြင့် လျှောက်ထားသူသည် ပဏာမ ပတ်ဝန်းကျင် ဆန်းစစ်မှု Initial Environmental Examination (IEE) ပြုလုပ်ရန် ကတိပြု လက်မှတ်ရေးထိုးရသည်။ ရွှေခွင့်ပြုမိန့်အတွက် ပြဒါးအသုံးပြုခွင့် လိုင်စင် လျှောက်ထားရန် လိုသည်။[၄၄] စိစစ်ရေး ကော်မတီနှင့် အစိုးရအဖွဲ့မှ နောက်ဆုံးခွင့်ပြုပြီး ခွင့်ပြုမိန့် စာရွက်စာတမ်းကို တိုင်းဒေသကြီး အစိုးရမှ အခမ်းအနားဖြင့် ပေးအပ်သည်ဟု စစ်ကိုင်းတိုင်း ဒေသကြီးမှ လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။ ခွင့်ပြုမိန့် ထုတ်ပေးပြီးပါက ခွင့်ပြုမိန့်ပါ အချက်အလက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ သတ္တုတွင်း ဦးစီးဌာနတွင် အီလက်ထရောနစ် ပုံစံဖြင့် သိမ်းဆည်းသည်။



မန္တလေးတိုင်း ဒေသကြီးရှိ အသေးစား ထုတ်လုပ်မှု လုပ်ငန်းခွင်မှ မြေအောက် ကျင်း မြင်ကွင်း

ဓာတ်ပုံ – Andre Malerba

ဇယား ၂။ ၁ နှစ်သက်တမ်း လက်လုပ်လက်စား ထုတ်လုပ်မှု၊ ၅ နှစ်သက်တမ်း အသေးစား ရွှေ ထုတ်လုပ်မှု ခွင့်ပြုမိန့်အတွက် အခွန်သတ်မှတ်ချက်။ (ကချင် နှင့် စစ်ကိုင်းတိုင်း)[၄၅] (ကျပ်ငွေ)

| အခွန် အမျိုးအစား | လက်လုပ်လက်စား | | အသေးစား ထုတ်လုပ်မှု | |
|---|---|---|---|---|
| | စစ်ကိုင်း | ကချင် | စစ်ကိုင်း | ကချင် |
| နှုန်းသေ မြေငှားရမ်းခ | ၁၂၁၄၀ | ၁၂၁၄၁ | ၄၈၅၆၃ | ၄၈၅၆၃ |
| ထုတ်လုပ်မှု ဝေစုနှင့် တွင်းဝခွန် | ၁၀၀၀၀၀၀ | ၁၀၅၀၀၀၀ | ၇၀၀၀၀၀၀ | ၄၂၀၀၀၀၀ |
| ခွင့်ပြုမိန့်ကြေး | ၆၀၀၀၀ | ၆၀၀၀၀ | ၂၀၀၀၀၀ | ၂၀၀၀၀၀ |
| လျှောက်လွှာကြေး | ၇၅၀၀၀ | – | ၃၀၀၀၀၀ | ၃၀၀၀၀၀ |
| တံဆိပ်ခေါင်းခွန် | – | – | – | ၁၀၀၀၀၀ |
| တွင်းပိတ်သိမ်းမှု ရံပုံငွေ | – | – | ၂၀၀၀၀၀၀ | – |
| သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရံပုံငွေ | – | – | ၂၀၀၀၀၀၀ | – |
| လူမှုဝတ္တရား ရံပုံငွေ (CSR) | – | – | ၄၀၀၀၀၀ | ၂၀၀၀၀၀ |
| **စုစုပေါင်း** | **၁၁၄၇၁၄၀** | **၁၁၂၂၁၄၁** | **၁၁၉၄၈၅၆၃** | **၅၀၄၈၅၆၃** |

၄၄ စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန နှင့် ဆွေးနွေးမှုပေါ်တွင် အခြေခံကာ ဖော်ပြထားခြင်း ဖြစ်သည်။ အခြား ပြည်နယ်/တိုင်းဒေသကြီးများတွင် အလားတူ ဆောင်ရွက်မှု ရှိမရှိကို စုံစမ်း အတည်ပြုနိုင်ခြင်း မရှိပါ။

၄၅ ၂၀၁၉ မတ်လနှင့် ဖေဖော်ဝါရီလအတွင်း စစ်ကိုင်းနှင့် ကချင်တွင် ပြုလုပ်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ အာဏာပိုင်များနှင့် မေးမြန်းရာမှ ရရှိလာသည့် အချက်အလက်

# အခန်း ၂။ ။ သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ချထားပေးနိုင်သည့် လုပ်ပိုင်ခွင့် ချထားပေးခြင်းကြောင့် ပေါ်ပေါက်သည့် အခွင့်အလမ်းများ နှင့် အခက်အခဲများ

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားနိုင်သည့် လုပ်ပိုင်ခွင့်များ ပေးလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ သယံဇာတ စီမံမှုကို တိုးတက်စေလာနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်နိုင်သည်။ သို့သော်လည်း လက်ရှိအစိုးရ ဆောင်ရွက် အကောင်အထည်ဖော်နေသည့် ပုံစံသည် ဆိုးကျိုးများ ပေါ်ပေါက်နိုင်သည့် အနေအထား ဖြစ်သည်။ ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည့် အခွင့်အလမ်းများနှင့် အခက်အခဲများကို ယခုအခန်းတွင် သုံးသပ်ထားပါသည်။ လက်ရှိအချိန်ထိ ဆောင်ရွက်နေသည့် ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် လုပ်ငန်းစဉ် လေ့လာမှု၊ နိုင်ငံတကာ ဖြစ်စဉ်များမှ အတုယူရမည့် ကိစ္စများအပေါ်တွင် အခြေခံကာ သုံးသပ်မှု ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

## ၂.၁။ ။ ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည့် အခွင့်အလမ်းများ

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးခြင်းနှင့်ပတ်သက်ပြီး ဗဟိုချုပ်ကိုင်မှု လျှော့ချထားသည့် နိုင်ငံ အများအပြား ရှိသည်။ အစိုးရ လုပ်ငန်းများကို လက်တွေ့ တူးဖော်နေသည့် မြေပြင် အနေအထားနှင့် နီးစပ်စေခြင်း၊ အမှန်တကယ် ထိခိုက်ခံစားရသည့် စတိတ်ဟိုဒါများနှင့် နီးစပ်မှုများ ရှိလာစေခြင်းတို့ကြောင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် သယံဇာတ စီမံမှုကို အဆင်ပြေ တိုးတက်စေသည်။[၄၆] ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည့် အခွင့်အလမ်းများကို ယခုအခန်းတွင် ဖော်ပြထားပါသည်။

### တရားဝင် တူးဖော်မှုကို အားပေးဆောင်ရွက်ခြင်း

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်နေသူများကို တရားဝင် အခွန်ကောက်နိုင်သည့် စီးပွားရေး အဝန်းအဝိုင်း ထည့်သွင်းခြင်း ဖြစ်သည်။ သတ္တုတူးဖော်သူများ တရားဝင် ခွင့်ပြုမိန့်ဖြင့် တူးဖော်နေခြင်း ဖြစ်စေရန် ဆောင်ရွက်ခြင်းသည် ယင်းလုပ်ငန်းစဉ်၏ အရေးကြီးသည့် အပိုင်းဖြစ်သည်။ ခွင့်ပြုမိန့် ချထားခြင်းဖြင့် မည်သူက မည်သည့်နေရာတွင် တူးဖော်နေသည်ကို အစိုးရက သိနိုင်မည် ဖြစ်သည်။ အခွန်ကောက်ခြင်း၊ သဘာဝ ဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုများကို စီမံနိုင်ရန်အတွက် ယင်းအချက်အလက်များ သိရှိထားရန် လိုသည်။ တရားဝင် ဥပဒေမူဘောင် အတွင်းမှ ဆောင်ရွက်ခြင်းသည် ဘေးကင်း၊ တည်ငြိမ်မှု ရှိသည့် လုပ်ငန်းခွင် ဖန်တီးပေးနိုင်သည်ဖြစ်သောကြောင့် တူးဖော်သူများအတွက် အကျိုးရှိသည်။ လုပ်ကွက် ပိုင်ဆိုင်မှု ခိုင်မာစေသည်၊ တရားဥပဒေ အကာအကွယ် ရရှိစေသည်၊ လာဘ်ယူထားသည့် အာဏာပိုင်များ သို့မဟုတ် အာဏာပွဲစားများ ခေါင်းပုံဖြတ်ခြင်းကို လျှော့နည်းစေသည်။ ချေးငွေများ၊ ဘူမိဆိုင်ရာ အချက်အလက်များကဲ့သို့သော အထောက်အပံ့များကို ရရှိစေသည်ဖြစ်သောကြောင့် ဥပဒေဘောင်ဝင်အောင် ဆောင်ရွက်ခြင်းသည် စားဝတ်နေရေးကို ပို၍ ဖူလုံစေသည်။ တူးဖော်သူများအနေဖြင့်လည်း ၎င်းတို့ တူးဖော်ရရှိသည်များကို တရားဝင် အလွယ်တကူ ရောင်းချနိုင်မည်ဖြစ်သည်။[၄၇]

*ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် ခွင့်ပြုမိန့် ရရှိရန်အတွက် ပထဝီနေရာ ဝေးကွာခြင်း၊ အုပ်ချုပ်စီမံမှုပိုင်း အတားအဆီး၊ ဘဏ္ဍာရေး အတားအဆီးများကို လျှော့ချပေးသဖြင့် တရားဝင် တူးဖော်မှု ရှိလာအောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေသည်။*

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် ခွင့်ပြုမိန့် ရရှိရန်အတွက် ပထဝီနေရာ ဝေးကွာခြင်း၊ အုပ်ချုပ် စီမံမှုပိုင်း

၄၆ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် တရားဝင် ဥပဒေနှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ရာတွင် အထောက်အပံ့ ဖြစ်စေပုံကို မွန်ဂိုလီးယား၊ ကိုလံဘီယာ၊ ကွန်ဂိုနိုင်ငံများမှ ဥပမာနှင့်တကွ ဖော်ပြချက်ကို Patience Singo and Kady Seguin. *Best Practices: Formalization and Due Diligence in Artisanal and Small-Scale Mining* (IMPACT, 2018), 21. www.africaportal.org/publications/best-practices-formalization-and-due-diligence-artisanal-and-small- scale-mining. တွင် လေ့လာနိုင်ပါသည်။

၄၇ UNITAR and UN Environment. *Handbook for Developing National ASGM Formalization Strategies within National Action Plans* (2018). www.unitar.org/cwm/portfolio-projects/artisanal-and-small-scale-gold- mining-asgm.

အတားအဆီး၊ ဘဏ္ဍာရေး အတားအဆီးများကို လျှော့ချပေးသဖြင့် တရားဝင် တူးဖော်နိုင်အောင် ဆောင်ရွက်သည့် လုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေသည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်သူများသည် ဝေးလံသည့် ဒေသများတွင် တူးဖော်ကြခြင်းဖြစ်ပြီး ဘဏ္ဍာရေးအရလည်း အကန့်အသတ် ရှိသည်။ ခွင့်ပြုမိန့် ရရန်အတွက် လျှောက်ထားရာတွင် အကုန်အကျ များသည်၊ ခက်ခဲသည် ဆိုပါက တရားမဝင် တူးဖော်မှုများ ပြုလုပ်ကြမည် ဖြစ်သည်။[၄၈] မွန်ဂိုလီးယား၊ ကိုလံဘီယာ၊ ကွန်ဂို၊ ဖိလစ်ပိုင်၊ တန်ဇန်နီးယား အပါအဝင် ကမ္ဘာအနှံ့မှ နိုင်ငံ အများအပြားတွင် တရားဝင် ဥပဒေမူဘောင်အောက် ရောက်စေရန် ဆောင်ရွက်သည့် မဟာဗျူဟာ အမျိုးမျိုးအနက် ခွင့်ပြုမိန့် ချထားပေးခွင့်ကို ပြည်နယ်အဆင့်သို့ အာဏာခွဲဝေပေးခြင်းသည် အရေးပါသည့် ကိစ္စတစ်ခုဖြစ်သည်။[၄၉]

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်သည် တရားဝင် တူးဖော်မှု ဖြစ်အောင် ဆောင်ရွက်ခြင်းကို အထောက်အကူ ဖြစ်စေနိုင်သည်။ မြန်မာနိုင်ငံရှိ  တူးဖော်သူ အများစုမှာ တရားဝင် ခွင့်ပြုမိန့် မရှိဘဲနှင့် ဆောင်ရွက်နေကြခြင်း ဖြစ်သည် (အခန်း ၁.၁ ကိုကြည့်ပါ)။ စစ်ကိုင်းတိုင်း ရွှေလုပ်ကွက် နေရာများတွင် သုတေသန ဆောင်ရွက်ခဲ့သူ တစ်ဦး၏ အဆိုအရ တရားဝင် လုပ်ကွက်ရရှိမည်၊ အာဏာပိုင်များ ဝင်ရောက်စစ်ဆေး၍ ဆတ်ကြေးကောက်ခြင်းများ လျှော့ချနိုင်ခဲ့မည် ဆိုပါက ရွှေ တူးဖော်သူများသည် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ပတ်သက်ပြီး လိုလိုလားလား ရှိကြသည်။ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်သည် ကြာလွန်း၊ အကုန်အကျများ သို့မဟုတ် ရှုပ်ထွေးမည် ဆိုပါက တူးဖော်သူများသည် တရားမဝင် တူးဖော်မှုများ ဆက်လက် ပြုလုပ်ကြမည်ဖြစ်ကြောင်း ၎င်းဖြေဆိုသူက ထပ်၍ ပြောကြားခဲ့သည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် ခွင့်ပြုမိန့် လျှောက်လွှာတင်ရန်အတွက် ခရီးဝေး သွားလာရမှုကို လျှော့ချနိုင်မည်ဖြစ်သောကြောင့် ခွင့်ပြုမိန့် လုပ်ငန်းစဉ်ကို အကုန်အကျ သက်သာ၊ မြန်ဆန်စေမည်ဖြစ်သည်။ ခွင့်ပြုမိန့် ချထားပေးခြင်းကို နေပြည်တော်မှသာ ဆောင်ရွက်ခဲ့ပြီး တူးဖော်လိုသူများသည် အစိုးရဌာန အမျိုးမျိုးမှ ခွင့်ပြုချက်များ ရရှိအောင် လွန်းထိုးသွားလာရသည်။ ၂၀၁၈ သတ္တုတွင်း နည်းဥပဒေများ ထုတ်ပြန်ပြီးနောက်ပိုင်းတွင် ခွင့်ပြုမိန့် လျှောက်သူများသည် ပြည်နယ်/တိုင်းဒေသကြီး မြို့တော်သို့ သွားကာ လျှောက်လွှာတင်နိုင်လာကြသည်။[၅၀] သို့သော်လည်း  ဘဏ္ဍာရေးဆိုင်ရာ၊ ခရီးသွားလာရေး ဆိုင်ရာ အတားအဆီးများ ရှိနေဆဲ ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်သည် လက်ရှိတွင် နှေးကွေးလွန်းပြီး၊ တရားဝင်လုပ်ငန်းအဖြစ် ပြောင်းလဲစေရန် ဆွဲဆောင်မှု မရှိပဲ ကုန်ကျစရိတ် များပြားနေဆဲ ဖြစ်သည်ဟု မေးမြန်းမှု ဖြေဆိုသူများက တူညီသည့် သဘောထား ပေးခဲ့ကြသည် (အခန်း ၂.၂ ကိုကြည့်ပါ)။

*ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် တူးဖော်နိုင်သည့် နေရာများအား ဆုံးဖြတ် သတ်မှတ်ရာတွင် ဒေသ၏ အသံကို ထည့်သွင်းစေနိုင်ပါသည်*

ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းဖြင့် အစိုးရ မူဝါဒများသည် သတ္တုတူးဖော်သူများ လိုလားချက်နှင့် ပို၍ နီးစပ်စေသောကြောင့် တရားဝင် အတည်ပြုပေးသည့် လုပ်ငန်းကို အထောက်အကူ ဖြစ်စေသည်။ တရားဝင် အတည်ပြုပေးသည့် လုပ်ငန်းစဉ် အမှန်တကယ် အလုပ်ဖြစ်ရန်အတွက် သတ္တုတူးဖော်သူများ တရားဝင် လုပ်ငန်းဆောင်ရွက်ရန်အတွက် အတားအဆီးဖြစ်စေသည့် ကိစ္စများကို အစိုးရအနေဖြင့် နားလည်ထားရမည်ဖြစ်ပြီး၊ ၎င်းအခက်အခဲများကို ဖြေရှင်းရန်အတွက် အစီအစဉ်များ စီစဉ်ထားရမည်။ ပြည်နယ်/တိုင်းဒေသကြီးအလိုက် အခက်အခဲများ၊ ဖြေရှင်းပုံများ ကွဲပြားနိုင်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ရလာဒ်ကောင်းများကို ထွက်ပေါ်လာစေနိုင်သည့် နည်းလမ်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ

၄၈ Intergovernmental Forum on Mining, Minerals, Metals and Sustainable Development (IGF). *Global Trends in Artisanal and Small-scale Mining (ASM): A Review of Key Numbers and Issues* (IISD, 2017). www.iisd.org/library/global-trends-artisanal-and-small-scale-mining-asm-review-key-numbers-and-issues.

၄၉ ဥပမာ singo and Seguin. *Formalization and Due Diligence,* 11-19; Philippines Extractive Industries Transparency Initiative. *Volume II of the PH-EITI Country Report 2015* (2015), 85-86. eiti. org/sites/default/files/documents/volume-ii_of_the_ph-eiti_country-report_2015_1.pdf; Willison Mutagwaba, John Bosco Tindyebwa, Veronica Makanta, Delphinus Kaballega, and Graham Maeda, *Artisanal and Small-Scale Mining in Tanzania – Evidence to Inform an 'Action Dialogue'* (IIED, 2018), 61- 62. pubs.iied.org/pdfs/16641IIED.pdf.

၅၀ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းတွင် အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များသည် တိုင်းဒေသကြီး မြောက်ဘက် ဝေးလံသည့်နေရာတွင် အများစု ရှိသည်။ တိုင်းဒေသကြီး မြို့တော်ဖြစ်သော မုံရွာသို့သွား၍ လျှောက်လွှာတင်ရန် သတ္တုတူးဖော်သူများသည် ရေလမ်း သို့မဟုတ် ကုန်းလမ်းမှ ၂ ရက်ကြာ လာရမည် ဖြစ်သည်။ သို့မဟုတ် တစ်ပတ် ၂ ကြိမ် ပျံသန်းသည့် လေယာဉ်ကို ဈေးကြီးပေးစီး၍ လာရမည်ဖြစ်သည်။

တွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့်ကို ဒေသခံ ဘုတ်အဖွဲ့များက ထုတ်ပေးသည်။ ယင်းဘုတ်အဖွဲ့တွင် ဗဟို၊ ပြည်နယ်အဆင့် အစိုးရ အာဏာပိုင်၊ လုပ်ငန်းရှင် ကိုယ်စားလှယ်၊ အရပ်ဘက် လူ့အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တရားမဝင် တူးဖော်မှုပြဿနာ ဖြေရှင်းရန် အားထုတ်နေရသော်လည်း South Cotabato ခရိုင်သည် တရားဝင် သတ်မှတ်ပေးသည့် လုပ်ငန်းစဉ်ကို ဆန်းသစ်သည့် နည်းပညာများ အသုံးပြုကာ ဆောင်ရွက်ခြင်းကြောင့် နာမည်ရနေသည်။ ခရိုင်အစိုးရသည် သတ္တုတူးဖော်သူများ၏ စာရင်းသွင်း မှတ်တမ်းတင်သည့် စနစ်ကို ကျင့်သုံးသည်။ ကျန်းမာရေး၊ လုပ်ငန်းခွင် ဘေးကင်းရေး၊ သဘာဝ ဝန်းကျင် စီမံမှု အစရှိသည့် ကိစ္စများအတွက် သင်တန်းများကို စာရင်းသွင်းသည့် လုပ်ငန်းစဉ်၏ မလုပ်မနေရ အဆင့်တစ်ခုအနေဖြင့် တက်ရောက်ရသည်။ ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းများအတွက် ခွင့်ပြုမိန့် ထုတ်ပေးရမှု သိသိသာသာ တိုးတက်လာသည်၊ အစိုးရ အခွန်ရရှိမှုလည်း သိသာစွာ မြင့်တက်လာသည်။[၅၁]

## ရပ်ရွာ၏ လိုလားချက်များကို အစိုးရ မူဝါဒတွင် ပေါင်းစပ်ခြင်း

အသေးစားနှင့် လက်လုပ်လက်စား သတ္တုထုတ်လုပ်မှုသည် တူးဖော်မှု ပြုလုပ်သည့် နေရာတစ်ဝိုက် နေထိုင်သည့် ရပ်ရွာများကို ဆိုးကျိုးကြီးများ ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံတွင်တော့ ရှေးဦးမဆွ နေထိုင်လာခဲ့သည့် ဒေသခံများနှင့် ရွှေ့ပြောင်းလာသည့် တူးဖော်သူများကြားတွင် တင်းမာမှုများ ရှိသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် တရားဝင် အတည်ပြုပေးသည့် လုပ်ငန်းစဉ် ဆောင်ရွက်မည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အကူ ဖြစ်စေနိုင်သကဲ့သို့ တူးဖော်သူများ အတွက်သာမက တူးဖော်မှုကြောင့် နစ်နာရသည့် ရပ်ရွာများ လိုလားချက်များနှင့် ကိုက်ညီသည့် လုပ်ငန်းဆောင်ရွက်ချက်များကို ပေါ်ပေါက်စေနိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များသည် ဒေသခံ စတိတ်ဟိုဒါများပေါ် တာဝန်ခံမှုပိုင်းတွင် နေပြည်တော်မှ အာဏာပိုင်များထက် ပို၍ နီးစပ်မှု ရှိမည်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့် ဖိလစ်ပိုင်နိုင်ငံ၊ South Cotabato ဖြစ်စဉ်သည် ကဏ္ဍနှင့်ဆိုင်သည့် ကိစ္စများတွင် စတိတ်ဟိုဒါ ပေါင်းစုံ၏ အမြင်များ ပါဝင်စေသည့် ဥပမာတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံ အခြေအနေအရ ခွင့်ပြုမိန့်သုံးသပ်မှု လုပ်ငန်းစဉ်တွင် မြို့နယ်အဆင့် အာဏာပိုင်များ၊ ရပ်ရွာခေါင်းဆောင်များ ပါဝင်စေခြင်းသည် မူအရ ကြည့်လျှင် ဆုံးဖြတ်ချက် ချသည့် လုပ်ငန်းစဉ်တွင် ဒေသခံများ၏ သဘောထားများ ပါဝင်စေခြင်း ဖြစ်သည်။ သို့သော်လည်း ၂.၂ တွင် တင်ပြခဲ့သကဲ့သို့ပင် ယင်းလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်ဖြစ်သော ဒေသခံများ သဘောထား ထင်ဟပ်စေရန် ဟူသော ကိစ္စမှာ လက်ရှိ အနေအထားအရ ရှုပ်ထွေးလွန်း၊ နှေးကွေးလွန်းနေဆဲ ဖြစ်သည်။ အထူးသဖြင့် လက်လုပ်လက်စား တူးဖော်မှုအတွက် ဖြစ်သည်။ ခွင့်ပြုမိန့် တစ်ခုခြင်းစီအတွက် ဆုံးဖြတ်မည့်အစား တူးဖော်မှုများ ပြုလုပ်သင့်သည့်နေရာ မပြုလုပ်သင့်သည့်နေရာ ဟု ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ရာတွင် ရပ်ရွာ သဘောထားကို ရယူခြင်းက ပို၍ ထိရောက်မှု ရှိမည်ဖြစ်သည်။

၅၁ Philippines Extractive Industries Transparency Initiative. *Volume II of the PH-EITI Country Report* 2015, 85-86.



ကချင်ပြည်နယ်မှ လက်လုပ်လက်စား ရွှေ တူးဖော်သူတစ်ဦး
ဓာတ်ပုံ – မင်းဇေယျာဦး

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် စောင့်ကြည့်ရေး၊ ဥပဒေစိုးမိုးရေး တာဝန်ယူထားသည့် အာဏာပိုင်များ လုပ်ငန်းဆောင်ရွက်ရန် သွားလာရသည့် ခရီးအကွာအဝေးကို လျှော့ကျသွားစေသည်။ ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ရန်အတွက် ကုန်ကျသည့်စရိတ်၊ အချိန်ကိုလည်း လျှော့ပေးနိုင်သည်။ နစ်နာရသည့် စတိတ်ဟိုဒါများ အနေဖြင့်လည်း သဘာဝ ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ နစ်နာမှုများကို ပို၍ လွယ်ကူစွာ တင်ပြနိုင်မည်ဖြစ်သည်။ နိုင်ငံရေးအမြင်မှ သုံးသပ်လျှင်လည်း ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များသည် ဒေသခံများ လိုလားမှုနှင့် ပို၍နီးစပ်ကာ၊ စောင့်ကြည့်ထိန်းကျောင်းမှု အင်တိုက်အားတိုက် ဆောင်ရွက်ရန် ပို၍ တက်ကြွကြသည်။ မြန်မာနိုင်ငံတွင်မူ စတိတ်ဟိုဒါပေါင်းစုံ ပါဝင်သည့် ဒေသအဆင့် စောင့်ကြည့်ရေးကော်မတီများ ဖွဲ့စည်းခြင်းသည် လမ်းကြောင်းမှန်သို့ တစ်ဆင့် တက်လှမ်းခြင်း ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် အစိုးရသည် မြို့နယ်အဆင့် စောင့်ကြည့်ရေးကော်မတီကို ဖွဲ့စည်းထားသည်။ အစိုးရဌာန အမျိုးမျိုး ပါဝင်သကဲ့သို့ ရပ်ရွာကိုယ်စားလှယ်၊ လုပ်ငန်းရှင်ကိုယ်စားလှယ်များလည်း ပါဝင်သည်။[၅၂]

## ပြည်နယ်/တိုင်းဒေသကြီး စတိတ်ဟိုဒါများအား လုပ်ပိုင်ခွင့် ပိုမိုလွှဲပေးခြင်းကို ဆောင်ရွက်ရန်

သတ္တုတူးဖော်မှု ကဏ္ဍတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အာဏာလွှဲပြောင်းပေးမှု လုပ်ငန်းစဉ်ကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။[၅၃] ဆယ်စုနှစ်ပေါင်းများစွာ ဗဟိုချုပ်ကိုင်မှု အလွန် တင်းကျပ်သည့် အာဏာရှင် စနစ်ဖြင့် အုပ်ချုပ်လာသည့် မြန်မာ့နိုင်ငံရေး အပြောင်းအလဲအတွက် အရေးပါသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးမှ ဌာနများအတွင်း နည်းပညာပိုင်း၊ လူသားအရင်းအမြစ်ပိုင်း တိုးတက်မှုများ ပေါ်ပေါက်လာစေရန် သတ္တုတူးဖော်မှု ကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့်လည်း တဖက်တလမ်းမှ ဆောင်ရွက်နိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များ လုပ်ငန်းဆောင်ရွက်မှုများ ပို၍ ထက်မြက်၊ ထိရောက်စေရန် အကူအညီ ဖြစ်စေနိုင်ပါသည်။ ခွင့်ပြုမိန့် ချထားခြင်းနှင့် ဆက်စပ်ပြီး ရရှိလာသည့် အခွန်အခများကို စီမံခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ဘဏ္ဍာ စီမံမှုစနစ်များ တိုးတက်လာနိုင်သည်။ (ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် အခွန်ကောက်ခြင်းတွင် အားနည်းချက်အချို့ ရှိနိုင်သည့်တိုင်အောင် တိုးတက်မှုများ ရှိနိုင်ပါသည်။ အခန်း ၂.၂ တွင် တင်ပြထားပါသည်)

၅၂ ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာနမှ ပြောပြချက်အရ ၎င်းကော်မတီများသည် ခြောက်လတစ်ကြိမ် ကွင်းဆင်းစစ်ဆေးရန် ဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်ချက်များ လမ်းညွှန်နိုင်ရန် စောင့်ကြည့်ရမည့် ကိစ္စများ စာရင်းတစ်ခု ပြုစုရန် စီစဉ်လျက်ရှိသည်။

၅၃ Asia Foundation, *State and Region Governments.*

ပြည်နယ်/တိုင်းဒေသကြီးမှ စတိတ်ဟိုဒါများကို လုပ်ပိုင်ခွင့်များ ပေးအပ်ခြင်းသည် မြန်မာ့ ပြည်တွင်း ပဋိပက္ခများ အဆုံးသတ်ရန်အတွက်လည်း အရေးပါသည်။ ၂၀၁၇ မေတွင် ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် တပ်မတော် နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် အနာဂတ်တွင် ချုပ်ဆိုမည့် ငြိမ်းချမ်းရေး စာချုပ်အတွက် အခြေခံမူများကို သဘောတူနိုင်ခဲ့ကြသည်။ ဖက်ဒရယ် ဒီမို ကရေစီ စနစ် ကျင့်သုံးရန်လည်း ပါဝင်သည်။ ဖက်ဒရယ် စနစ်တွင် အစိုးရအနေဖြင့် သတ္တုတွင်းကဏ္ဍ ကို မည်သို့မည်ပုံ စီမံမည်နှင့်ပတ်သက်ပြီး တိုက်ရိုက် ဖော်ပြထားခြင်း မရှိသော်လည်း သဘာဝ သယံ ဇာတကို ဒေသအဆင့်မှ ထိန်းချုပ်စီမံခွင့် ပိုမို၍ပေးရန် တိုင်းရင်းသား ကိုယ်စားလှယ် အများအပြားက တောင်းဆိုထားသည်။[၃၄] အနာဂတ် ဖက်ဒရယ် နိုင်ငံတော်တွင် ဖြစ်ပေါ်လာမည့် အာဏာ ခွဲဝေမှု၏ ရှေ့ပြေးအနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းဖြင့် လမ်းစဖော်ထားနိုင်သည်။


## ၂.၂။ ပေါ်ပေါက်လာနိုင်သည့် အခက်အခဲများ

ပြည်ထောင်စု အစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များ၊ စောင့်ကြည့်သည့် အစုအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း မရှိပါက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းများကြောင့် ဖြစ်လာသည့် သဘာဝ ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ အုပ်ချုပ်စီမံမှုဆိုင်ရာ ပြဿနာများကို ပို၍ ဆိုးရွားစေနိုင်သည်။ အခန်း ၁.၁ ကိုကြည့်ပါ။ ခွင့်ပြုမိန့် ချထားခွင့်နှင့်ဆိုင်သည့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမှ ပေါ်ပေါက်လာနိုင်သည့် အခက်အခဲများကို ယခုအခန်းတွင် ဖော်ပြထားပါ သည်။

### အဂတိ လိုက်စားမှု နှင့် လူတစ်စု ကောင်းစားရေး


မြန်မာ့စီးပွားရေးတွင် အဂတိလိုက်စားခြင်း ကိစ္စသည် အဓိက ပြဿနာဖြစ်သည်။ မကြာသေးမီ နှစ်များ အတွင်း တိုးတက်မှုများ ရှိလာသော်လည်း နိုင်ငံတကာ အုပ်ချုပ်စီမံမှုဆိုင်ရာ သတ်မှတ်ချက်များတွင် ဒေသတွင်း နိုင်ငံများနောက်တွင် ကျန်ရစ်နေဆဲဖြစ်သည်။ ပုံ ၈ နှင့် ၉ ကိုကြည့်ပါ။

ပုံ ၈။ Transparency International ၏ အဂတိလိုက်စားမှု အဆင့်သတ်မှတ်ချက်




၃၄ Sahla, Bauer and Kirk, *Natural Resource Federalism, 9-10.*

ပုံ ၉။ ကမ္ဘာ့ဘဏ်၏ အုပ်ချုပ်မှုဆိုင်ရာ အဆင့်သတ်မှတ်ချက် - အဂတိလိုက်စားမှု ထိန်းချုပ်နိုင်မှု




ခွင့်ပြုမိန့် ချထားပေးရာတွင် အဂတိလိုက်စားမှု အထူးသဖြင့် ပေါ်ပေါက်လေ့ရှိသည်။ (နောက်ဆက်တွဲ ၆ တွင် သတ္တုတူးဖော်ရေးကဏ္ဍ ခွင့်ပြုမိန့် ချထားပေးရာတွင် ပေါ်ပေါက်လေ့ရှိသည့် အဂတိလိုက်စားမှုနှင့်ဆိုင်ပြီး နိုင်ငံတကာ အခြေအနေ ခြုံငုံသုံးသပ်ချက်ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။) ပြည်ထောင်စုမှ ဦးဆောင်သည့် ခွင့်ပြုမိန့်များ ချထားပေးရာတွင်လည်း အဂတိလိုက်စားမှုသည် အဓိက အခက်အခဲ ဖြစ်သည်။[၃၃] ခွင့်ပြုမိန့် လုပ်ငန်းစဉ်တွင် ပါဝင်သည့် ဌာနများ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ လျှောက်လွှာ သုံးသပ်ရာတွင် အသုံးပြုသည့် လုပ်ထုံးလုပ်နည်း၊ စံနှုန်းများ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ဆုံးဖြတ်ချက် ရလာဒ်များနှင့်ပတ်သက်ပြီး ပွင့်လင်းမှု မရှိခြင်းတို့ကြောင့် ဖြစ်သည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချလိုက်ခြင်းဖြင့် ယင်း အဂတိလိုက်စားမှု ပြဿနာ အားလုံး မဟုတ်သည့်တိုင် အချို့သည် ပြည်ထောင်စုအဆင့်မှ ပြည်နယ်/တိုင်းဒေသကြီးအဆင့်သို့ ရောက်လာနိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် လုပ်ငန်းစဉ်များ၏ ရှုပ်ထွေးမှု၊ အစုအဖွဲ့ အများအပြား ပါဝင်ပတ်သက်နေမှု (အခန်း ၁.၃ ကိုကြည့်ပါ) သည် အဂတိလိုက်စားမှုကို ပို၍ ဆိုးလာစေနိုင်သည်။ သုံးသပ်မှု လုပ်ငန်းစဉ်တွင် မြို့နယ်အဆင့် ဌာနများ ပါဝင်နေမှုနှင့်ပတ်သက်ပြီး ဖြေဆိုသူများက လေးလေးနက်နက် ထောက်ပြကြသည်။ မြို့နယ်အဆင့် တရားမဝင် ပေးသွင်းရသည့် ပမာဏသည် တရားဝင် သတ်မှတ်ထားသည့် သတ်မှတ်ချက်ထက် များစွာ ကျော်လွန်နေကြောင်း လုပ်ငန်းရှင်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်များက ပြောပြသည်။ အပြုသဘောဆောင်သည့် သဘောထားများ ရရှိရန်အတွက် အစိုးရ အရာရှိများနှင့် ရပ်ရွာခေါင်းဆောင်များကို ကြိမ်ဖန်များစွာ ပေးကမ်းရသည်ဟု လုပ်ငန်းရှင်များက ပြောပြသည်။ မြို့နယ်အဆင့် ခွင့်ပြုချက် ရရှိရန်အတွက် အရာရှိများ ကွင်းဆင်းစရိတ်ကို လျှောက်ထားသူမှ ကျခံရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းမှု မရှိခြင်းကြောင့် အဂတိလိုက်စားမှုကို အလွယ်တကူ ပြုလုပ်နိုင်သည်။ အဂတိလိုက်စားမှုကို ခရီးစရိတ်အဖြစ် ခေါင်းစဉ်တပ်၍ ပြုလုပ်နိုင်သည်။ လျှောက်လွှာ သုံးသပ်ရာတွင် အသုံးပြုသည့် စံနှုန်းများ ရှင်းလင်းမှု မရှိခြင်း၊ သုံးသပ်မှု အချိန်ကာလ သတ်မှတ်ချက် အတိအကျ မရှိခြင်းသည်လည်း အဂတိလိုက်စားမှုကို ပို၍ ဆိုးရွားစေသည်။ လျှောက်လွှာများကို မှန်မှန်ကန်ကန်၊ ကျောသားရင်သား မခွဲခြားပဲ စိစစ်မှု ဖြစ်စေရန် ဆောင်ရွက်မှုကို ခက်ခဲသွားစေသည်။

*ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ငွေကြေးတတ်နိုင်သူများ (သို့) နိုင်ငံရေး အချိတ်အဆက် ရှိသူများသာ ခွင့်ပြုမိန့် ရရှိသွားခြင်းကို ဖြစ်သွားစေနိုင်ပါသည်*

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ထုံးလုပ်နည်းတွင် လျှောက်လွှာလက်ခံ ရရှိသည့် အချိန် အတိအကျကို မှတ်တမ်းတင်ထားခြင်း၊ လျှောက်လွှာ လက်ခံရရှိသည့် အချိန်ကို ဖော်ပြထားသည့် ဖြတ်ပိုင်း ထုတ်ပေးခြင်း ကဲ့သို့သော ကောင်းမွန် ပြည့်စုံသည့် လုပ်ထုံးလုပ်နည်း စံနှုန်းများ မရှိခြင်းကလည်း အဂတိလိုက်စားမှုကို ပိုဆိုးစေနိုင်သည်။ လျှောက်လွှာအမှတ်စဉ်ပေါ်မူတည်ပြီး လျှောက်လွှာများကို ဆုံးဖြတ်မည်ဟု အာမခံချက် မရှိသဖြင့် အာဏာပိုင်များသည် ဆိုင်ရာပိုင်ရာ အချိတ်အဆက် ရှိသူများ၏ လျှောက်လွှာကို ဦးစားပေး စိစစ်ခြင်းများ ပြုလုပ်နိုင်သည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ခွင့်ပြုမိန့် ချထားပေးရာတွင် ရှုပ်ထွေးမှု ရှိခြင်း၊ အကုန်အကျ များခြင်း

၃၃ Myanmar Centre for Responsible Business, *Sector Wide Impact Assessment, 11.*

တို့ကြောင့် အဆက်အသွယ်ရှိသည့် လူများသာ အကျိုးရှိခြင်းကို ဖြစ်စေသည်။ ခွင့်ပြုမိန့် လုပ်ငန်းစဉ် အဆင်ပြေစေရန် နိုင်ငံရေးအရ အဆက်အသွယ်ရှိသည့် ပွဲစားများကို ငှားရမ်း လုပ်ကိုင်သည်မှာ မဆန်းသည့် ကိစ္စဖြစ်သည်ဟု စစ်ကိုင်းမှ အရပ်ဘက် လူ့အဖွဲ့အစည်း ကိုယ်စားလှယ်တစ်ဦးက NRGI သို့ ပြောပြသည်။ ယင်းသို့ ဆောင်ရွက်နေမှုသည် မည်သည့် အတိုင်းအတာထိ ကျယ်ပြန့်နေသည်ကို မသိရသော်လည်း အဂတိလိုက်စားမှု ပြဿနာကြီး ဖြစ်လာနိုင်သည်။ နောက်ဆက်တွဲ ၆ တွင်ကြည့်ပါ။ အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် အများစုကို မုံရွာ ကဲ့သို့သော မြို့မှ စီးပွားရေးသမားများက ရရှိထားပြီး ဒေသခံများကို တရားမဝင် ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဆပ်ကန်ထရိုက် ချပေးခြင်းများကို ပြုလုပ်ကြသည်ဟု အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ် အများအပြားနှင့် ဟုမ္မလင်းတွင် တူးဖော်နေသူ အများအပြားက NRGI သို့ ပြောပြသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ဘဏ္ဍာရေး အခြေအနေ တောင့်တင်း၊ နိုင်ငံရေး အချိတ်အဆက် ရှိသူများသာ ခွင့်ပြုမိန့် ရနေသည့် အစဉ်အလာကို အားပေးသကဲ့သို့ ဖြစ်နေမည်ကို စိုးရိမ်ကြောင်းလည်း ပြောပြသည်။

စိစစ် ထောက်ပြမှုများ မရှိပါက ခွင့်ပြုမိန့်ဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုစီတိုင်းသည် ဒေသခံ အာဏာပိုင်များ အဂတိလိုက်စားမှု ပြုလုပ်ရန်၊ တစ်ကိုယ်ရေ ကောင်းစားရေး ဆောင်ရွက်ရန် အခွင့်အလမ်းများ ဖြစ်သွားနိုင်သည်။ အင်ဒိုနီးရှားတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အဂတိလိုက်စားမှု၏ ရေသောက်မြစ် ဖြစ်သွားခဲ့သည်။ ကောင်းမွန်သည့် အုပ်ချုပ်စီမံမှု (good governance) လုပ်ထုံးလုပ်နည်းများကို ပစ်ပယ်လျှက် ခွင့်ပြုမိန့် အများအပြား ချထားပေးရန် တွန်းအား ဖြစ်စေခဲ့သည်။ အကွက် ၄ ကိုကြည့်ပါ။

### အကွက် ၄။ အင်ဒိုနီးရှားနိုင်ငံ သတ္တုတူးဖော်မှုကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း

အင်ဒိုနီးရှားနိုင်ငံသည် ၁၉၉၀ – ၂၀၀၀ နှစ် အစောပိုင်းကာလများတွင် တင်းကျပ်သည့် ဗဟိုချုပ်ကိုင်မှု စနစ်မှ ဒီမိုကရေစီ စနစ်သို့ ပြောင်းလဲခြင်းနှင့်အတူ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် သတ္တု ခွင့်ပြုမိန့် ချနိုင်သည့် လုပ်ပိုင်ခွင့်ကို ခရိုင်ခွဲများသို့ ခွဲဝေပေးခဲ့သည်။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အခက်အခဲကြီးများကို ဖြစ်စေခဲ့သည်။ အာဏာပိုင်များသည် သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ထောင်နှင့်ချီပြီး ချထားပေးခဲ့သည်။ အဓိကအားဖြင့် အသေးစား တူးဖော်သည့် ကုမ္ပဏီများကို ချထားပေးခဲ့သည်။ ချထားပေးသည့် ခွင့်ပြုမိန့် တစ်ခုခြင်းစီတိုင်းသည် အာဏာပိုင်များအတွက် ဝင်ငွေရပေါက်များ ဖြစ်ခဲ့သည်။ (တံစိုးလာဘ်ဆောင်များမှ ချမ်းသာလာကြသည်) ခွင့်ပြုမိန့် လုပ်ငန်းစဉ်ကို တသမတ်တည်း ဖြစ်စေရန်၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန် ချမှတ်ထားသည့် စနစ်များ မရှိပဲနှင့် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ပြည်နယ်အဆင့် အစိုးရများသည် မတူညီသည့် လုပ်ထုံးလုပ်နည်းများဖြင့် ခွင့်ပြုမိန့်များ ချထားပေးခဲ့သည်။ မြေပုံထုတ်ပေးသည့်စနစ်၊ ကုတ်နံပါတ်ပေးသည့် စနစ်များမှာလည်း ပြည်နယ် တစ်ခုနှင့်တစ်ခု တူညီမှုမရှိပါ။ လုပ်ကွက်ထပ်ခြင်း၊ ဦးပိုင် အမည်ပေါက် ခိုင်မာမှု မရှိခြင်းများကို ဖြစ်ပေါ်စေခဲ့သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချမှု ပြုလုပ်ခဲ့သည့် ၁ နှစ်တာ ကာလအတွင်း အကြီးစား ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ကျသွားသည်။ ၂၀၁၃ ခုနှစ်တွင် စွမ်းအင်၊ တွင်းထွက် သယံဇာတ ဝန်ကြီးဌာနသည် သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်ပေါင်း ၁၀၀၀၀ ကျော်ကို ပြန်လည်သုံးသပ်ခဲ့ရာ တစ်ဝက်ခန့်သာလျှင် ထပ်နေခြင်းမရှိပဲ၊ သတ္တုတွင်း ဥပဒေအတိုင်း အပြည့်အဝ လိုက်နာဆောင်ရွက်နေသည်ကို တွေ့ခဲ့ရသည်။[၃၆]

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အခြား မြေယာအသုံးပြုမှု ပုံစံများကိုလည်း ထိခိုက်မှုများ ဖြစ်စေခဲ့သည်။ အနောက် ကလီမာတန် ခရိုင်တွင် သတ္တုတူးဖော်မှု လုပ်ကွက်အကျယ် ဟက်တာ ၁၃၄၀၀၀ သည် သစ်တောနယ်မြေနှင့် ထပ်နေသည်။ စားအုံးဆီ စိုက်ခင်း၊ သစ်တော သို့မဟုတ် ကျွန်းလုပ်ကွက်များနှင့် ထပ်နေသည့် ဟက်တာ ၂ သန်းနီးပါး ရှိသည်။[၃၇] ၂၀၁၄ ခုနှစ်တွင်

၃၆ Venugopal, *Assessing Mineral Licensing,* 10. See also Enrique Ortega Girones, Alexandra Pugachevsky and Gotthard Walser. *Mineral Rights Cadastre: Promoting Transparent Access to Mineral Resources* (World Bank, 2009), 30. documents.worldbank.org/curated/en/574121468159912093/Mineral-rights-cadastre-promoting-transparent-access-to-mineral-resources.

၃၇ Iwerks and Venugopal. *It Takes a Village,* 29.

ခွင့်ပြုမိန့် ချထားပေးခွင့်ကို ခရိုင်ခွဲအဆင့်မှ ခရိုင်အဆင့်သို့ ပြောင်းလဲ သတ်မှတ်ခြင်းဖြင့် ဖြေရှင်းခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံရှိ စွန့်ပစ်ထားသည့် သတ္တုတွင်းဟောင်း တနေရာ
ဓာတ်ပုံ – Andrew Bauer

## မှားယွင်းစီမံမှုများ နှင့် စွမ်းရည် မပြည့်မှုတို့ကြောင့် အချိန်ကြာ နှောင့်နှေးမှု ဖြစ်ပေါ်ခြင်း

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်းတွင် မှားယွင်းစီမံမှု၊ စွမ်းရည်မပြည့်မှုများ ဖြစ်ရန် အလားအလာ များသည်။ တရားဝင် အတည်ပြုသည့် လုပ်ငန်းစဉ်ကို နှောင့်နှေးစေပြီး အန္တရာယ် ဖြစ်စေနိုင်သည်။ တိတိကျကျ သတ်မှတ်ထားသည့် လုပ်ငန်းစဉ် မရှိခြင်း၊ ပါဝင်ပတ်သက်သည့် အစုအဖွဲ့ များပြားခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များ အတွေ့အကြုံ နည်းခြင်း၊ အရင်းအမြစ် အကန့်အသတ် ရှိခြင်းတို့ကြောင့် အခက်အခဲများ ဖြစ်ပေါ်နေရသည်။

ခွင့်ပြုမိန့် လုပ်ငန်းစဉ် နှေးကွေးမှုနှင့်ပတ်သက်ပြီး လုပ်ငန်းရှင်များက တောက်လျှောက် စောဒကတက်လာခဲ့ကြသည်။ လက်ရှိ ခွင့်ပြုမိန့် လုပ်ငန်းစဉ်သည် ယခင် ဗဟိုချုပ်ကိုင်မှု စနစ်ထက် ပို၍ နှေးကွေးကြောင်း အသေးစား တူးဖော်သည့် လုပ်ငန်းရှင်တစ်ဦးက NRGI ကို ပြောပြသည်။ ၂၀၁၈ ဩဂုတ်မှ ၂၀၁၉ မတ်လအထိ စစ်ကိုင်းတိုင်းတွင် အစိုးရမှ ခွင့်ပြုမိန့် ထုတ်ပေးမှု မရှိခဲ့ပါ။ ကချင်ပြည်နယ်တွင် ခွင့်ပြုမိန့် တစ်ခုရရန် ပျမ်းမျှ ၆ လခန့် ကြာသည်ဟု အရာရှိတစ်ဦးက NRGI ကို ပြောသည်။ လုပ်ငန်းစဉ် နှေးကွေးခြင်းကြောင့် ခွင့်ပြုမိန့် မရှိဘဲ တူးဖော်ခြင်းများ ဖြစ်နိုင်ချေကို မြင့်တက်စေသည်။ အခွန်အခများ၊ အခကြေးငွေများ အားလုံး ပေးသွင်းပြီးသည့်တိုင်အောင် ခွင့်ပြုမိန့် လက်ဝယ်ရရှိရန် လနှင့်ချီ စောင့်ရသည်များ ရှိသည်။

ထိရောက်လျှင်မြန်သည့် လုပ်ထုံးလုပ်နည်း ဖော်ထုတ်နိုင်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများတွင် နားလည်သဘောပေါက်မှု မရှိခြင်းသည် နှောင့်နှေးရသည့် အဓိက အကြောင်းရင်းကြီး ဖြစ်သည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ရေး ခွင့်ပြုမိန့်များကို ဦးရာလူ စနစ် သို့မဟုတ် လေလံစနစ်၊ မည်သည့်စနစ် အသုံးပြုကာ ချထားပေးမည်ကို သတ္တုတွင်းဥပဒေနှင့် နည်းဥပဒေများတွင် ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။ ဘူမိဗေဒဆိုင်ရာ အချက်အလက်များ အနည်းငယ်သာ ရရှိသည့်နေရာ၊ အပြိုင်အဆိုင် နည်းသည့် နေရာတွင် ဦးရာလူစနစ်ဖြင့် ချထားပေးခြင်းသည် အထိရောက်ဆုံး နည်းလမ်းအဖြစ် လက်ခံထားကြသည်။ စီမံမှု ပြုလုပ်ရန် အလွန်လွယ်ကူသည် ဖြစ်သောကြောင့် အစိုးရ၏ စွမ်းဆောင်ရည် အကန့်အသတ်ရှိသည့် အခြေအနေမျိုးအတွက်လည်း သင့်တော်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။ လျှောက်ထားသူများမှာ ဘဏ္ဍာရေး အကန့်အသတ် ရှိကြပြီး ဘဏ္ဍာရေးအရ တစ်ဦးနှင့်တစ်ဦး အကြိတ်အနယ် ယှဉ်ပြိုင်ရန် အခြေအနေမျိုး မရှိသည့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ကဏ္ဍအတွက် ဦးရာလူစနစ်သည် လေလံစနစ်ထက် ပို၍ သင့်တော်သည်။ လေလံစနစ်သည် ဘဏ္ဍာရေးအခြေအနေ တောင့်တင်း၊ အချိတ်အဆက် ကောင်းမွန်သည့် လျှောက်လွှာရှင်များကို ပို၍ အကျိုးဖြစ်ထွန်းစေနိုင်သည်။ (အခန်း ၃.၁ တွင် တင်ပြထားသည့်အတိုင်း ဦးရာလူ စနစ်တွင်လည်း အမြတ်ထုတ်မှု မရှိအောင် အကာအကွယ်ချထား ဆောင်ရွက်ရန် လိုသည်)

ခွင့်ပြုမိန့်များကို ဦးရာလူစနစ်ဖြင့် ချပေးသည်ဟု ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက ပြောကြသော်လည်း မှန်မှန်ကန်ကန် ဆောင်ရွက်မှု ဖြစ်ပေါ်စေရန် စစ်ဆေးသည့် စနစ်များ၊ လုပ်ငန်းစဉ်များ မရှိသည်မှာ အထင်အရှား ဖြစ်သည်။[၅၈] ဥပမာ ပြည်နယ်/တိုင်းဒေသကြီး သတ္တုတွင်း ဦးစီးဌာနသည် လျှောက်လွှာများကို မှတ်တမ်းစာအုပ်တွင် ရေးသွင်းသော်လည်း လျှောက်လွှာ လက်ခံရရှိသည့် အချိန်အတိအကျကို မှတ်တမ်းတင်ခြင်း သို့မဟုတ် လက်ခံဖြတ်ပိုင်း ထုတ်ပေးခြင်း မရှိပါ။ လျှောက်လွှာများကို နံပါတ်အစဉ်လိုက် ဆောင်ရွက်မှု ရှိမရှိ သိရှိရန် အခက်အခဲ ဖြစ်စေသည်။ မှတ်တမ်းစာအုပ်ကို သတ္တုတွင်း ဦးစီးဌာနတွင် ထားပြီး လျှောက်လွှာများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရရုံးတွင် တင်ပြရသည်။ စာတိုက်မှတဆင့် လျှောက်ထားခြင်းများသည်လည်း လုပ်ငန်းစဉ်ကို ရှုပ်ထွေးစေသည်။

လုပ်ကွက်တစ်နေရာကို စိတ်ဝင်စား လျှောက်ထားသူ အများအပြား ရှိနေပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် လျှောက်ထားသူများကြား ၎င်းတို့ သဘောရှိတိုင်း ဖြေရှင်းရန် ခွင့်ပြုသည်ဟု သိရသည်။[၅၉] ခွင့်ပြုမိန့် လျှောက်ထားသည့် နေရာနှင့်ပတ်သက်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များ ရှိခြင်း မရှိခြင်းနှင့် မဆိုင်ပဲ ထိုကဲ့သို့ ဖြေရှင်းခြင်းဖြစ်သည်။ အပြိုင်အဆိုင် လျှောက်ထားခြင်းအတွက် မှန်ကန်သည့် ဖြေရှင်းမှု မဟုတ်ယုံသာမက ဦးရာလူစနစ်နှင့်လည်း ဆန့်ကျင်နေသည်။ လျှောက်ထားသူများကြား မျှတသည့်၊ ဓမ္မဓိဌာန်ကျသည့် ဖြေရှင်းမှု ဖြစ်လာစေရန် အာမခံချက်လည်း မရှိပါ။ လျှောက်ထားသူများကြားတွင် ဖြေရှင်းနိုင်ခြင်း မရှိပါက အစိုးရသည် လေလံခေါ်ကာ ဖြေရှင်းသည်။ ယင်းသို့ ဖြေရှင်းရသည့် ကိစ္စပေါ်ပေါက်ခြင်း မရှိသေးပါ။ လျှောက်လွှာ တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်ရာတွင် အသုံးပြုသည့် စံနှုန်းမှာလည်း ရှင်းလင်းမှု မရှိပါ။

*လုပ်ငန်းစဉ်တလျှောက် ဆုံးဖြတ်ချက်ချသူ များပြားခြင်းသည် အလုပ်မတွင်ကျယ်မှုနှင့် နှောင့်နှေးမှုများ ဖြစ်ပေါ်စေပါသည်*

ဝန်ထမ်းအင်အား လုံလောက်မှု မရှိခြင်း၊ ပြည်နယ်/တိုင်းဒေသကြီး ဌာနများအတွင်း စွမ်းဆောင်ရည် ပြည့်မီမှု မရှိခြင်းတို့ကြောင့်လည်း နှောင့်နှေးမှုများ၊ လုပ်ငန်းမတွင်ကျယ်မှုများ ဖြစ်ရသည်။[၆၀] ခွင့်ပြုမိန့် ချထားပေးရာတွင် အစုအဖွဲ့ အများအပြား ပါဝင်ခြင်းကလည်း ယင်းပြဿနာကို ပို၍ ဆိုးစေသည်။ လျှောက်လွှာ တစ်ခုခြင်းစီအတွက် မြို့နယ်အဆင့် ဌာနပေါင်းစုံ ပါဝင်လျက် ကွင်းဆင်းလေ့လာမှု ပြုရခြင်းသည် အစိုးရ အရာရှိများ၏ အချိန် ဆုံးရှုံးစေပြီး ခွင့်ပြုမိန့် လုပ်ငန်းစဉ်ကိုလည်း သိသိသာသာ နှေးကွေးသွားစေသည်။ (အထက်တွင် တင်ပြခဲ့သည့် ကွင်းဆင်းခြင်းနှင့် ဆက်စပ်ဖြစ်ပေါ်သည့် အဂတိလိုက်စားမှုများအပြင်) ၁ နှစ်သက်တမ်းသာ ရှိသော လက်လုပ်လက်စား ခွင့်ပြုမိန့်များအတွက် ၎င်းကိစ္စသည် အလွန်မှပင် ဝန်ပိစေသည့် ကိစ္စဖြစ်သည်။

ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အစိုးရ ဌာနများကြား ညှိနှိုင်းမှု မရှိခြင်းကလည်း နှောင့်နှေးမှုများကို ပို၍ အခြေအနေ ဆိုးရွားစေသည်။ မူအရ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ အနေဖြင့် ၎င်းခွင့်ပြုမိန့် ချထားခွင့်ရှိသည့် ဇုန်အတွင်း ကျရောက်သည့် လျှောက်လွှာများကို စိစစ်နိုင်သည်ဖြစ်သော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ အတည်ပြုမှုအတွက် လျှောက်လွှာကို နေပြည်တော်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနမှ သုံးသပ်ရမည်ဖြစ်သည်။ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း ခွင့်ပြုချက်ကို အတည်ပြု ထုတ်ပေးရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနတွင် စွမ်းဆောင်ရည် အကန့်အသတ်ရှိသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း မပြုမီကပင် သုံးသပ်မှု ပြုလုပ်ရန်အတွက် ဆိုင်းငံ့ထားသည့် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း တင်ပြချက်များ တိုးလာနိုင်ခြေ ရှိပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနတွင် အကျပ်အတည်းများ ရှိနိုင်သည်။[၆၁] ပြည်နယ်အဆင့်တွင် လုပ်ငန်းစဉ်များ တွင်ကျယ်အောင်

၅၈ Enrique Ortega, *Myanmar Mineral and Gemstone Cadastre System Conceptual Design: Final Report* (Myanmar Extractive Industries Transparency Initiative, 2018), 10.

၅၉ စစ်ကိုင်းနှင့် မန္တလေးမှ သတ္တုတွင်းဦးစီးဌာန ကိုယ်စားလှယ်များနှင့် မေးမြန်းချက်

၆၀ ဌာနတွင်း စွမ်းဆောင်ရည် အားနည်းခြင်း၊ ခွင့်ပြုမိန့် ချထားပေးခြင်း သဘောတရားနှင့် နည်းလမ်းများကို နားမလည်ခြင်းက အဓိက အခက်အခဲဖြစ်ကြောင်း မြန်မာနိုင်ငံ မြေယာမှတ်ပုံတင်လုပ်ငန်း အဖြေရှာသည့် စာတမ်းတွင် ဖော်ပြထားသည်။ Ortega, Myanmar Cadastre Conceptual Design, 10. ကို ကြည့်ပါ။ စွမ်းဆောင်ရည်ပိုင်းတွင် ကွာဟချက် ရှိခြင်းကလည်း အောင်မြင်သည့် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း ဖြစ်လာစေရန် အတားအဆီးများ ဖြစ်စေသည်။ ဥပမာ မွန်ဂိုလီးယားသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု စီမံမှုတွင် အတုယူဖွယ် ဆောင်ရွက်မှုများ ရှိသည့်နိုင်ငံဖြစ်သော်လည်း ပြည်နယ်အဆင့် စွမ်းဆောင်ရည် အကန့်အသတ် ရှိခြင်းက တရားဝင် အတည်ပြုဆောင်ရွက်ခြင်း မဟာဗျူဟာများကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် အခက်အခဲတစ်ခု ဖြစ်သည်။ United Nations Industrial Development Organization, *Follow the Money: A Rapid Assessment of Gold and Financial Flows Linked to Artisanal and Small-Scale Gold Mining in Mongolia* (2017), 18. www.unido.org/sites/default/files/files/2019-02/Follow the Money_Mongolia.pdf.

၆၁ Myanmar Centre for Responsible Business, *Sector Wide Impact Assessment,* 101.

ဆောင်ရွက်နိုင်သည်ဖြစ်သော်လည်း ပြည်ထောင်စုအဆင့်တွင် လျှောက်လွှာများ တစ်နေမည့် သဘော ဖြစ်သည်။ (လက်တွေ့တွင် သဘာဝ ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များကို လျစ်လျူရှုထားကြလေ့ရှိသည်) အကွက် ၆ ကိုကြည့်ပါ။



ကချင်ပြည်နယ်မှ လက်လုပ်လက်စား ရွှေ တူးဖော်သူများ
ဓာတ်ပုံ – မင်းဇေယျာဦး

## ခွင့်ပြုမိန့်များ ချထားမှု ပုံစံနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာတွင် ပုံစံတစ်ခုတည်း ရှင်းလင်းစွာ ဖြစ်လာစေရန် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ

ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး အဆင့်ဆင့်တွင် တူညီသည့် လုပ်ငန်းစဉ်များ၊ စနစ်များ မရှိခြင်းက ခွင့်ပြုမိန့်များ ချထားမှု ပုံစံနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာတွင် ပုံစံတစ်ခုတည်း ရှင်းလင်းစွာ ဖြစ်လာစေရန် ဆောင်ရွက်နေမှုကို ရှုပ်ထွေးစေသည်။ တစ်နိုင်ငံလုံး စနစ်တစ်ခုတည်းအောက် စုစည်းနိုင်ရန် အဓိက နည်းလမ်းမှာ နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် ဖြစ်သည်။ ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို ဒစ်ဂျစ်တယ် နည်းဖြင့် သိမ်းဆည်း၊ စီမံမည့် အနာဂတ်တွင် အသုံးပြုမည့် စနစ်တစ်ခု ဖြစ်သည်။ အကွက် ၇ ကိုကြည့်ပါ) ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်သည် ခွင့်ပြုမိန့် ချထားပေးခြင်းကို ပို၍လျှင်မြန် ပွင့်လင်းစေမည့် အလားအလာ ရှိသည်။ အာဏာပိုင်များသည် ခလုတ်နှိပ်ရုံဖြင့် လုပ်ကွက်ထပ်နေသည်များ၊ သက်တမ်းလွန် ခွင့်ပြုမိန့်၊ တူးဖော်ဆဲ ခွင့်ပြုမိန့်များကို သိနိုင်မည်ဖြစ်သည်။ ဥပဒေအရ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများ အသုံးပြုပြီး လျှောက်လွှာများ စိစစ်ဆေးမှုကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်သည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်ကို ပြည်ထောင်စုအဆင့်တွင်သာ အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြင်ဆင်လျှက်ရှိပြီး ပြည်နယ်/တိုင်းဒေသကြီး အားလုံးတွင် ဖြန့်ကျက် အသုံးပြုရန် ရည်ရွယ်ချက်ရှိသည်။

ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်နှင့် ပြည်နယ်/တိုင်းဒေသကြီးတွင် ကျင့်သုံးနေသည့် စနစ်များ တစ်ထပ်တည်း ကျစေရန် ပြည်ထောင်စု အစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ နှစ်ရပ်စလုံးမှ အားထုတ်ဆောင်ရွက်မှု တစ်စုံတစ်ရာ မရှိသေးပါ။ ပြည်နယ်/တိုင်းဒေသကြီးမှ ဌာနများသည် လုပ်ကွက်ထပ်နေမှုများကို စစ်ဆေးရာတွင် GIS အစား မြေပုံစာရွက်များကို အဓိက သုံးစွဲနေကြဆဲ ဖြစ်သည်။ ၎င်းတို့ အစိုးရအနေဖြင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်တွင် အသုံးပြုမည့် UTM Myanmar ၂၀၀၀ မြေပုံအစား ယခင် သုံးနေကျဖြစ်သော lambert မြေပုံများ အသုံးပြုပြီး လုပ်ကွက်များကို

စာရင်းသွင်းလိုကြောင်း တိုင်းဒေသကြီး ဝန်ကြီးတစ်ဦးက NRGI ကို ပြောသည်။[၆၂] ယင်းကဲ့သို့ တသမတ်တည်း မရှိမှုသည် ပြည်နယ်/တိုင်းဒေသကြီးများသို့ ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် ချဲ့ထွင် အသုံးပြုခြင်းကို လျော့ကျသွားစေနိုင်သည်။

## သတ္တုတူးဖော်မှုကြောင့် ဖြစ်ပေါ်လာသည့် လူမှုဝန်းကျင်၊ သဘာဝဝန်းကျင် နစ်နာမှုများကို ဖြေရှင်းနိုင်မှုမရှိခြင်း

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုသည် လူမှုဝန်းကျင်၊ သဘာဝ ဝန်းကျင်ကို ဆိုးရွားသည့် ထိခိုက်မှုများ ဖြစ်စေသည် (အခန်း ၁.၁ ကိုကြည့်ပါ)။ အခန်း ၂.၁ တွင် တင်ပြခဲ့သည့်အတိုင်း ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းမှ ရရှိလာနိုင်ဖွယ် ရှိသည့် အဓိက အကျိုးအမြတ်မှာ တရားဝင် တူးဖော်မှုကို အားပေးသည့် လုပ်ငန်းစဉ်ကို အားကောင်းစေနိုင်သည်။ တူးဖော်မှုကြောင့် ဖြစ်လာသည့် ဆိုးကျိုးများ ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်စေနိုင်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် လူမှုဝန်းကျင်၊ သဘာဝ ဝန်းကျင် ဘေးကင်းရေးဆိုင်ရာ သတ်မှတ်ချက်များ လုံလုံလောက်လောက် မရှိပဲ ခွင့်ပြုမိန့် အရေအတွက်များ မြင့်တက်လာသည်ဆိုပါက ရေရှည်သဘောဆောင်သည့် လုပ်ထုံးလုပ်နည်းကောင်းများ အားကောင်းလာစေမည့် အခွင့်အလမ်းကို လက်လွတ်ရမည်ဖြစ်သည်။

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် သတ်မှတ်ထားသည့် လက်တွေ့နှင့် နီးစပ်မှု ရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေမူဘောင် မရှိခြင်းက အဓိကပြဿနာ ဖြစ်သည်။ တူးဖော်သူများ လိုက်နာရန် သတ်မှတ်ထားသည့် ဥပဒေ သတ်မှတ်ချက်မှာ တစ်ခုနှင့်တစ်ခု ကိုက်ညီမှု မရှိ၊ လက်တွေ့ ကျမှုလည်း မရှိပါ (အကွက် ၆ ကိုကြည့်ပါ)။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် ရရှိရန် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်သည် အကြီးစား သတ္တုတူးဖော်သူများအတွက် ရည်ရွယ်ထားခြင်း ဖြစ်ပြီး အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ကဏ္ဍတွင် ဖြစ်နေသည့် အခြေအနေနှင့် ကိုက်ညီမှု မရှိပါ။ ငွေကုန်ကြေးကျများ၊ အချိန်ကုန်ပြီး၊ ခွင့်ပြုမိန့် လျှောက်ထားသူ အများစုတွင် မရှိသည့် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်သည်။ ကနဦး ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်မှု တင်ပြရမည်ဟု သတ်မှတ်ထားခြင်းသည် လိုက်နာရန် မဖြစ်သည့် ကိစ္စဖြစ်သည်ဟု တူးဖော်သူများက တောက်လျှောက် တင်ပြလာခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များသည် ယင်း သတ်မှတ်ချက်ကို လျစ်လျူရှုထားခဲ့ကြသည်။ တူးဖော်သူများသည် ၎င်းတို့ ဖြစ်ပေါ်စေသည့် ဆိုးကျိုးများကို စီမံရန် နားလည်မှု မရှိပဲ အစိုးရက ခွင့်ပြုမိန့်များ ချထားပေးခြင်းကို ဖြစ်ပွားစေနိုင်သည်။ အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားပေးနိုင်သည့် နေရာတွင် အာဏာပိုင်များသည် ခွင့်ပြုမိန့်ပေါင်းများစွာကို နေရာတစ်ခုတည်းတွင် စုပြုံ ချထားပေးသဖြင့် အဆိုးသက်ရောက်မှုများ စုရပ်တစ်ခု ဖန်တီးသကဲ့သို့ ဖြစ်သွားနိုင်သည်။ ၂၀၁၉ ဇူလိုင်တွင် သတ္တုတွင်း နည်းဥပဒေများ အပြောင်းအလဲပြုလုပ်ရာတွင် လက်လုပ်လက်စားများအတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်မှု သတ်မှတ်ချက်ကို ဖယ်ရှားပေးခဲ့သည်။ သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် တူးဖော်သူများသည် တာဝန်သိစွာ လုပ်ငန်းဆောင်ရွက်မှု ဖြစ်လာစေရန်အတွက် အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ထားမှု ရှိမရှိကို အတိအကျ မသိရပါ။ လူမှုရေးဆိုင်ရာ နစ်နာမှုများကို ဖြေရှင်းခြင်းနှင့် ဆက်စပ်သည့် ဒေသခံများ ခန့်အပ်ရေး၊ ကျန်းမာရေးနှင့် လုပ်ငန်းခွင် ဘေးကင်းရေး လုပ်ငန်းအစီအစဉ်များ တင်ပြရန် သတ်မှတ်ထားခြင်းသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် ကိုက်ညီမှု မရှိသဖြင့် ဖောက်ဖျက်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ဖြေဆိုသူများက ထောက်ပြသည်။

*အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှုအတွက် လုပ်ဆောင်ရသည့် ပတ်ဝန်းကျင်ဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များသည် ကုန်ကျစရိတ် များပြီး အချိန်ကြာမြင့်သည်သာမက လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်*

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် သဘာဝ ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်များ လုံလုံလောက်လောက် သတ်မှတ်ခြင်း မရှိပဲ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့်များ တိုးမြှင့်ချထားမှုများ ဖြစ်လာနိုင်သည်။ တူးဖော်သူများအနေဖြင့် အခွန်အခ ကြေးငွေ သတ်မှတ်ချက်အားလုံးကို တပေါင်းတစည်းတည်း ပေးသွင်းရန် သတ်မှတ်ထားသည်။ ထို့ကြောင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်း ဖြစ်စဉ်သည် အစိုးရအတွက် အခွန်များကို တစုတစည်းတည်း ရသည့်လမ်းကြောင်း ဖြစ်လာသောကြောင့် (တစ်ကိုယ်ရေ ကောင်းစားရေးအတွက် အသုံးချမှုများလည်း ဖြစ်စေနိုင်သည်) ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက ခွင့်ပြုမိန့် အများအပြား ထုတ်ပေးရန် လှုံ့ဆော်မှုများ ဖြစ်စေနိုင်သည်။ အင်ဒိုနီးရှားတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် ခွင့်ပြုမိန့် အရေအတွက် အကြီးအကျယ် မြင့်

၆၂ လက်ရှိကျင့်သုံးနေသည့် ကြေးတိုင်စနစ်၊ ဘူမိ အချက်အလက် စုစည်းမှု၊ မြေယာ မှတ်ပုံတင်ခြင်းအတွက် အကြံပြုချက်တို့နှင့် ပတ်သက်ပြီး အသေးစိတ် သိလိုပါက *Myanmar Mineral and Gemstone Cadastre System Conceptual Design: Final Report* (Myanmar Extractive Industries Transparency Initiative, 2018). တွင်ကြည့်ပါ။

တက်သွားသည်။ အများစုမှာ ကြိုးဝိုင်းနေရာများတွင် ဖြစ်သည်။ (အကွက် ၄ ကိုကြည့်ပါ) အလားတူ ဖြစ်စဉ်မျိုးကို မြန်မာနိုင်ငံတွင်လည်း တွေ့မြင်ရသည်။ ကျောက်မျက်ရတနာ ကဏ္ဍတွင် ၂၀၁၆ ခုနှစ် လုပ်ကွက်သစ် ချပေးမှု ရပ်ဆိုင်းကြောင်း ကြေညာချက် မထုတ်ပြန်မီ အစိုးရသည် ခွင့်ပြုမိန့်ပေါင်း ၂၂၀၀၀ ကျော်ကို ချထားပေးခဲ့သည်။[၆၃] ယင်းအရေအတွက်သည် အစိုးရ စောင့်ကြည့်နိုင်သည့် အရေအတွက်ထက် များစွာ ကျော်လွန်နေပြီး လူမှုရေးနှင့် သဘာဝ ဝန်းကျင် ထိခိုက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။[၆၄]

ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုကြား စွမ်းဆောင်ရည် ကွာဟမှုရှိခြင်း၊ ညှိနှိုင်းမှု မရှိခြင်းတို့သည် သဘာဝ ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ပို၍ ဆိုးစေသည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ချထားပေးရပြီး ပြည်ထောင်စုအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနသည် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ခွင့်ပြုချက်များ ထုတ်ပေးရသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနတွင် ဝန်ထမ်း လုံလောက်မှု မရှိ၊ ဘဏ္ဍာရေး အရင်းအမြစ် လုံလောက်မှု မရှိပါ။ စာတမ်းပြုစုနေစဉ်တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံသို့ ထောင်နှင့်ချီသည့် ခွင့်ပြုမိန့်များကို တင်ထားကြသည်။ ယင်းလျှောက်လွှာများတွင် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်မှု လျှောက်လွှာတင်ခဲ့လျှင်ပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနအနေဖြင့် ပေါ်ပေါက်လာနိုင်သည့် ဆိုးကျိုးများကို ဖော်ထုတ်နိုင်မည် မဟုတ်ပါ၊ စည်းကမ်းလိုက်နာမှု ရှိမရှိလည်း စောင့်ကြည့်နိုင်မည် မဟုတ်ပါ။[၆၅]

ဗဟိုချုပ်ကိုင်မှုကြောင့် ခွင့်ပြုမိန့်များ တိုးမြှင့် ချထားမည်ဆိုပါက မြေယာ အခွင့်အရေးနှင့်ပတ်သက်ပြီး ကြီးမားသည့် ထိခိုက်မှုများ ရှိလာနိုင်သည်။ အစိုးရ အာဏာပိုင်များ အဆိုအရ သတ္တုတူးဖော်ရေး ခွင့်ပြုထားသည့် မြေနှင့် အခြားမြေယာ အသုံးပြုမှု ထပ်နေခြင်း မရှိစေရန် မြို့နယ်အဆင့် စိစစ်သုံးသပ်မှုများ ပြုလုပ်သည်ဟု ပြောသည်။ သို့သော်လည်း လက်တွေ့တွင်မူ သုံးသပ်မှု လုပ်ငန်းစဉ်သည် တရားဝင် မြေအသုံးပြုမှုနှင့် ပိုင်ဆိုင်မှု ပုံစံကိုသာ စစ်ဆေးခြင်း ဖြစ်သည်။ အထူးသဖြင့် ပဋိပက္ခ ဖြစ်ပွားနေသည့် နေရာများတွင် မိရိုးဖလာ မြေယာအခွင့်အရေးကို အကာအကွယ်ပေးရန် လုံလောက်စွာ ပြင်ဆင် သတ်မှတ်ထားခြင်း မရှိပါ။ အငြင်းပွားဖွယ်ရာ အဖြစ်ဆုံးသော မြေလွတ်၊ မြေလပ်၊ မြေရိုင်း စီမံမှုသည် ၎င်းပြဿနာကို ပို၍ ဆိုးစေမည်ဖြစ်သည်။ အကွက် ၅ ကိုကြည့်ပါ။

### အကွက် ၅။ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေ

၂၀၁၈ ခုနှစ်တွင် ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်ခဲ့သည်။ ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ထားသည့် မြေကို အသုံးပြုသူများသည် ၂၀၁၉ မတ်လမတိုင်မီ ၂၀၁၂ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း အသုံးပြုခွင့် ခွင့်ပြုမိန့် လျှောက်ထားရမည်ဖြစ်သည်။ ရိုးရာဓလေ့အရ မြေယာပိုင်ဆိုင်ကြောင်း ပြသနိုင်ခြင်း မရှိပါက ခွင့်ပြုမိန့် လျှောက်ထားရန် ပျက်ကွက်သူသည် ရာဇဝတ်မှုဖြင့် တရားစွဲခြင်း ခံရမည်ဖြစ်သည်။ မြေယာအသုံးပြုသူ အများအပြားသည် အချိန်အကန့်အသတ် ရှိခြင်း၊ ရိုးရာဓလေ့အရ ကင်းလွတ်ခွင့် ရှိခြင်းကို သတိမပြုမိကြပဲ ရှိနေသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေ ရှိသည်ကိုပင် မသိသူများ ရှိသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေး ဥပဒေကို အသုံးချပြီး ကုမ္ပဏီများက မြေယာသိမ်းဆည်းမှုများ ပြုလုပ်မည်ကို အခွင့်အရေး လှုပ်ရှားသည့် အဖွဲ့များက စိုးရိမ်ကြသည်။ နိုင်ငံအကျယ် ၃၀ ရာခိုင်နှုန်းကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းအဖြစ် သတ်မှတ်ထားပြီး အများစုမှာ တိုင်းရင်းသား လူနည်းစုများ ရှိရာနေရာတွင် ဖြစ်သည်။ ပဋိပက္ခများကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားရသည့် မြေအသုံးချသူများသည် ၎င်းအပြောင်းအလဲများ၏ သက်ရောက်မှုကို ခံရမည့်သူများ ဖြစ်သည်။[၆၆]

၆၃ ၂၀၁၄–၁၅ EITI report data in "License Explorer," Open Data: Myanmar Jade, accessed 29 April 2019, openjadedata.org/tools/licenses-explorer/.

၆၄ Paul Shortell, *Losing Luster: Addressing Tax Evasion in Myanmar's Jade and Gemstone Industry* (Natural Resource Governance Institute, 2019). resourcegovernance.org/analysis-tools/publications/losing-luster- addressing-tax-evasion-myanmars-jade-and-gemstone. 18-19.

၆၅ သဘာဝ ဝန်းကျင်ဆိုင်ရာ ရှေ့နေနှင့် မေးမြန်းချက်

၆၆ သဘာဝ ဝန်းကျင်ဆိုင်ရာ ရှေ့နေနှင့် မေးမြန်းချက်

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် သတ္တုတူးဖော်ရေး ခွင့်ပြုမိန့် ချထားပေးမှု မြင့်တက်လာပါက သတ္တုတူးဖော်ရေး ကဏ္ဍသည် မြေယာ အခွင့်အရေးနှင့်ပတ်သက်ပြီး ပြဿနာ စုဝေးရာနေရာ ဖြစ်လာနိုင်သည်။ ခွင့်ပြုမိန့် လက်ဝယ်ရသူများသည် သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ရပြီးနောက် လုပ်ငန်းများ မစမီ မြေပိုင်ရှင်များထံမှ ခွင့်ပြုချက် ရယူရမည်ဟု ၂၀၁၅ သတ္တုတွင်း ဥပဒေတွင် ဖော်ပြထားသည်။[၆၇] သို့သော်လည်း NRGI မှ အစိုးရ အရာရှိများနှင့် တူးဖော်ရေး လုပ်ငန်းရှင်များကို မေးမြန်းခဲ့ရာ သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်တွင် မြေအသုံးပြုခွင့် တပါတည်း ပါသည်ဟု ဆိုကြသည်။ (ခွင့်ပြုမိန့် လျှောက်ထားခြင်း မပြုလုပ်မီ မြေအသုံးပြုခွင့် ကြိုတင်ပြင်ဆင် ရယူထားရမည်ဟု ဖြေဆိုသူများလည်း ရှိသည်) မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး အငြင်းပွားမှုမှာ နည်းသည်ဟု ဖြေဆိုသူများက ပြောသည်။ မြို့နယ်အဆင့် သုံးသပ်မှု ပြုလုပ်ရာတွင် အခြား အသုံးပြုမှု ရှိမရှိ စစ်ဆေးခြင်း၊ သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် ချထားပေးမည့် နေရာနှင့် စိုက်ပျိုးမြေ သို့မဟုတ် လူနေဧရိယာ ခြားရမည့် အနိမ့်ဆုံး သတ်မှတ်ချက်အတိုင်း ခြားထားမှု ရှိမရှိကို စစ်ဆေးသောကြောင့်ဖြစ်သည်။ သို့သော်လည်း အထွေထွေ အုပ်ချုပ်ရေးမှ တရားဝင် ချထားပေးသည့် လူနေဧရိယာ၊ တရားဝင် အတည်ပြုထားသည့် မြေနေရာများ နှင့် ထပ်နေမှု ရှိမရှိကိုသာ အဓိကထား စစ်ဆေးခြင်းဖြစ်သည်။ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း အသုံးချခွင့် ခွင့်ပြုမိန့်မရှိသည့် မြေပိုင်ရှင် သို့မဟုတ် ရိုးရာဓလေ့အရ ပိုင်ဆိုင်ထားသည်ဖြစ်သောကြောင့် ခွင့်ပြုမိန့် မရသူများသည် သတ္တုတူးဖော်မှု ရင်းနှီးမြှုပ်နှံသူများကြောင့် မြေယာမဲ့နိုင်မည့် အခြေအနေ ရှိသည်။ ပဋိပက္ခ ဖြစ်ပွားရာ နေရာများတွင် တွေ့ရလေ့ရှိသည့် ရွာပုန်းများအနေဖြင့် ရွာနှင့် တူးဖော်မှုလုပ်ကွက် ခြားထားပေးသည့် ကြားခံနယ်မြေများ သတ်မှတ်ပေးရန် တောင်းဆိုနိုင်ကြမည် မဟုတ်ပါ။

## အကြီးစား သတ္တုတူးဖော်မှုများနှင့် ပဋိပက္ခများ ဖြစ်ပွားခြင်း

ပြည်နယ်နှင့် တိုင်းဒေသကြီးသည် အသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့်များကို စီမံပြီး ပြည်ထောင်စုအစိုးရသည် အလတ်စားနှင့် အကြီးစား ခွင့်ပြုမိန့်များ ချထားပေးခြင်းကို ဆက်လက်ချုပ်ကိုင်ထားခြင်းက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း လုပ်ငန်းစဉ်ကို ရှုပ်ထွေးစေသည်။ ညှိနှိုင်းမှုများ ကောင်းစွာ ဆောင်ရွက်နိုင်ခြင်း မရှိပါက အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းများနှင့် အကြီးစား ရင်းနှီးမြှုပ်နှံသူများကြား တင်းမာမှုများ မြင့်မားစေမည်ဖြစ်သည်။ လုပ်ကွက် ထပ်သွားခြင်းများ ဖြစ်လာစေနိုင်သည်။

လက်ရှိအခြေအနေတွင် ပြည်ထောင်စုအဆင့်မှ ချပေးသည့် ခွင့်ပြုမိန့်များနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ချထားပေးသည့် ခွင့်ပြုမိန့်များ မထပ်စေရန်အတွက် မတူညီသည့် ခွင့်ပြုမိန့် အမျိုးအစားများအတွက် ဇုန်များ ခွဲခြားခြင်းဖြင့် ဆောင်ရွက်သည် (အကွက် ၃ ကိုကြည့်ပါ)။ မူအရ ၎င်းနည်းလမ်းသည် ညှိနှိုင်းမှုများ ပေါ်ပေါက်စေသည့် ထိရောက်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ သို့သော်လည်း လက်တွေ့တွင်မူ ဇုန်ခွဲခြားခြင်းတွင်လည်း အခက်အခဲများ ရှိနေသည်ကို နိုင်ငံတကာ ဖြစ်စဉ်များတွင် မြင်တွေ့ရသည်။[၆၈]

မည်သည့်တူးဖော်မှုကို မည်သည့်နေရာတွင် ချထားရန် ဆုံးဖြတ်ရာတွင် ဘူမိဗေဒ အချက်အလက်များ လိုအပ်သည်။ ဇုန်ခွဲခြားခြင်းနှင့် ဆိုင်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စမ်းသပ်ရှာဖွေခြင်းထက်

၆၇ ၂၀၁၅ သတ္တုတွင်း နည်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အခန်း ၅

၆၈ ဥပမာအားဖြင့် ၂၀၁၇ ခုနှစ်တွင် ယူဂန်ဒါ အစိုးရစစ်တပ်သည် အကြီးစား သတ္တုတူးဖော်သည့် ကုမ္ပဏီမှ လုပ်ကွက်ရထားသည့် နေရာတွင် တရားမဝင် တူးဖော်နေသူ ထောင်ပေါင်းများစွာကို မောင်းထုတ်ခဲ့သည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အသစ်အဖြစ် သတ်မှတ်ထားသည့် နေရာများသို့ ရွှေ့ပြောင်းရန် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှု မရရှိခဲ့ပါ။ ဇုန်အသစ်များသည် ဘူမိဗေဒအရ အလားအလာ ရှိမည်ဟု တူးဖော်သူများက ယုံကြည်မှု မရှိပါ။ အစိုးရ အရာရှိများကလည်း ၎င်းတို့ နှင်ထုတ်ခဲ့သည့်အနက်မှ အနည်းငယ်ကိုသာ ပြန်လည်နေရာပေးနိုင်မည်ဟု ဝန်ခံခဲ့သည်။ အစိုးရ၊ ကုမ္ပဏီနှင့် လက်လုပ်လက်စား တူးဖော်သူများကြား ညှိနှိုင်းဆွေးနွေးမှု ကာလရှည်ကြာ ပြုလုပ်ပြီးနောက်တွင် ကုမ္ပဏီမှ ၎င်းရရှိထားသည့် လုပ်ကွက် ၃၀ ရာခိုင်နှုန်းကို ပြန်လည်စွန့်လွှတ်မည်ဟု သဘောတူခဲ့သည်။ ၂၀၁၉ မတ်လတွင် ဒေသခံ သတ္တုတူးဖော်သည့် အစုအဖွဲ့ အများအပြားကို ခွင့်ပြုမိန့်များ ချထားပေးပြီး ၎င်းနေရာများတွင် ပြန်လည်တူးဖော်ခွင့် ပေးခဲ့သည်။ Christopher Tusiime, "Mubende Gold Row - Museveni Petitioned Over Eviction Notice," The Observer, 30 Mune 2017, allafrica.com/stories/201706300375.html and Misairi Thembo Kahungu, "Mubende Artisanal Miners Return to Gold Mine Fields," The Monitor, 15 March 2019, allafrica.com/ stories/201903150314.html.

ဘူမိဗေဒ ဆန်းစစ်မှု မြေပုံပေါ်တွင် အဓိက အခြေခံသည်ဟု ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တု စမ်းသပ်ရှာဖွေရေး ဦးစီးဌာနမှ NRGI သို့ ပြောပြသည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းရှင်များနှင့် အကြီးစား ကုမ္ပဏီများကို ထိခိုက်စေနိုင်သည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှုဇုန် အနည်းငယ်သာ သတ်မှတ်ပေးခြင်း သို့မဟုတ် စီးပွားရေးအရ အမြတ်မထွက်နိုင်သည့် နေရာများတွင် သတ်မှတ်ပေးခြင်း ပြုလုပ်ပါက တူးဖော်သူများသည် အခြား နေရာများတွင် တရားမဝင် တူးဖော်ကြမည်ဖြစ်သည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်မှု ဇုန်သည် အကြီးစား သတ္တုသိုက်နေရာတွင် ရှိနေပါက ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် အကြီးစား ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်မည် မဟုတ်ပါ။ NRGI မှ မေးမြန်းခဲ့သည့် အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းရှင်များ၊ အကြီးစား သတ္တုတူးဖော်သည့် ကုမ္ပဏီများသည် ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တု စမ်းသပ်ရှာဖွေရေး ဦးစီးဌာန၏ ဇုန်သတ်မှတ်မှုပေါ်တွင် စိုးရိမ်ကြသည်။ အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းရှင်များအနေဖြင့် ယင်းဇုန်များ နေရာနှင့်ပတ်သက်ပြီး သတိမပြုမိကြကြောင်းလည်း ဖြေဆိုသူများက ပြောသည်။

*အကြီးစား နှင့် အသေးစား၊ လက်လုပ်လက်စား လုပ်ကွက်များ ထပ်သွားခြင်း မဖြစ်စေရန် ဇုန်သတ်မှတ်ခြင်းကိုသာ ဆောင်ရွက်ပါက တင်းမာမှု၏ အကြောင်းရင်းခံ ဖြစ်လာနိုင်သည်။*

တစ်ခုတည်းသော ညှိနှိုင်းမှုနည်းလမ်းအနေဖြင့် ဇုန်သတ်မှတ်ခြင်းပေါ်တွင် မှီခိုနေခြင်းသည် အသေးစား၊ လက်လုပ်လက်စား လုပ်ငန်းများနှင့် အကြီးစား သတ္တုတူးဖော်သည့် ကုမ္ပဏီ အကြား တင်းမာရသည့် အကြောင်းရင်းခံ ဖြစ်လာနိုင်သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး သက်သေဖြစ်ရပ်များ ရှိပြီးသားဖြစ်သည်။ အကြီးစားအဆင့် ရှာဖွေစမ်းသပ်မှု ပြုလုပ်သည့် ကုမ္ပဏီသို့ ခွင့်ပြုမိန့် ချထားပေးသည့်နေရာကို ၎င်းတို့အား ချထားပေးရန် တရားမဝင် တူးဖော်သူများက ပြည်ထောင်စုအစိုးရသို့ ချဉ်းကပ်ပြောဆိုမှု ရှိခဲ့သည်။ ကုမ္ပဏီ ရောက်လာသဖြင့် ၎င်းတို့ ဖယ်ပေးရမည်ကို တရားမဝင် တူးဖော်သူများက စိုးရိမ်သည်။ တူးဖော်သူများသည် ကုမ္ပဏီနှင့် အလွတ်သဘော သွားရောက်ဆွေးနွေးသင့်သည်ဟု ပြည်ထောင်စုအစိုးရက အကြောင်းပြန်ခဲ့သည်ဟု သိရသည်။ အခြားကိစ္စ တစ်ခုအနေဖြင့် အကြီးစား ကုမ္ပဏီတစ်ခုသည် စမ်းသပ်ခြင်းနှင့် ရှာဖွေခြင်း ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ ခွင့်ပြုမိန့် တင်သည်။ သတ္တုတွင်းနည်းဥပဒေများ မထုတ်ပြန်မီ၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် သတ်မှတ်မှု မပြုလုပ်မီအချိန်တွင် တင်ထားခြင်းဖြစ်သည်။ ခွင့်ပြုမိန့်များ ရရှိလာသည့် အချိန်တွင်တော့ ၎င်းတို့လျှောက်ထားသည့် နေရာများတွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများနှင့် ပြည့်နေသည်ကို တွေ့လိုက်ရသည်။[၆၉] ပြည်နယ်/တိုင်းဒေသကြီးများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန်များ ပို၍ သတ်မှတ်ရန် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု ဝန်ကြီးဌာနကို ဖိအားပေးနေသည်ဖြစ်ရာ ဖော်ပြခဲ့ပါ အခက်အခဲမျိုးများ တိုးတက်လာနိုင်ချေ ရှိသည်။

၆၉ လုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် မေးမြန်းမှု

# အခန်း ၃။ ။ ပြည်နယ်/တိုင်းဒေသကြီးမှ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့်များ ချထားပေးနေမှု ပုံစံကို အဆင့်မြှင့်ခြင်း

အရှေ့အခန်းများတွင် ဆွေးနွေးခဲ့သည်နှင့်အညီ အသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့် ချထားခြင်းတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် စီမံမှုကို တိုးတက်စေပြီး ပြည်နယ်/တိုင်းဒေသကြီးအဆင့် စတိတ်ဟိုဒါများ ပို၍ လုပ်ပိုင်ခွင့် ရှိလာမည်ဖြစ်သည်။ သို့သော်လည်း လက်ရှိတွင် အစိုးရ လုပ်ဆောင်နေသည့် ပုံစံသည် ကောင်းကျိုး တစ်စုံတစ်ရာ ပေါ်ပေါက်လာခြင်း မရှိနိုင်သည့် အနေအထားဖြစ်သည်။ အစိုးရ အရာရှိများအနေနှင့် ၎င်းဆိုးကျိုးများကို နားလည်ထားပြီး၊ မဟာဗျူဟာ ကျစွာနှင့် လက်ဦးမှု ရယူ စီမံရန် လိုသည်။

ယခုအခန်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့်များကို အရှုပ်အရှင်း မရှိ၊ ထိရောက်စွာ၊ ပွင့်လင်းမြင်သာစွာ ထုတ်ပေးနိုင်ရန်အတွက် လက်တွေ့ကျသည့် အကြံပြုချက်များကို တင်ပြသွားမည်ဖြစ်ပါသည်။ စောင့်ကြည့်မည့် အစုအဖွဲ့များအတွက်လည်း မျှတ ပြည့်စုံသည့် ခွင့်ပြုမိန့် ချထားပေးခြင်း လုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများနှင့် ဆိုင်သည့် အကြံပြုချက်များကို ဖော်ပြထားပါသည်။ အစိုးရ အရာရှိများ တာဝန်ခံမှု ဖော်ဆောင်ရာတွင် ၎င်းအကြံပြုချက်များက အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ထုံးလုပ်နည်းများ၊ အချက်အလက်များ စီမံခြင်းနှင့် မှတ်တမ်းတင် သိမ်းဆည်းခြင်း၊ ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များ၊ ပြည်ထောင်စု အစိုးရနှင့် ညှိနှိုင်းခြင်း၊ တရားဝင် အတည်ပြု လုပ်ငန်းစဉ်များနှင့် ပတ်သက်သော အကြောင်းအရာများကို အကြံပြုသွားမည်ဖြစ်ပါသည်။ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲမှုနှင့် ဆိုင်သည့် တင်ပြချက် အတိုချုပ်ကို အခန်း ၄ တွင် ဖော်ပြထားပါသည်။

## ၃.၁။ လုပ်ထုံးလုပ်နည်းများ၊ ဌာနအလိုက် ဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းစွာ သတ်မှတ်ပါ။ အသုံးပြုသည့် စံနှုန်းများကို ပြန်လည်သုံးသပ်ပါ။

ခွင့်ပြုမိန့် လုပ်ငန်းစဉ် မည်သို့ ဆောင်ရွက်ရမည်နှင့်ပတ်သက်ပြီး တိတိကျကျ သတ်မှတ်ထားမှု အနည်းငယ်သာ ရှိသည် သို့မဟုတ် တသမတ်တည်း ဆောင်ရွက်မှုမှာ အားနည်းသည်။ ယင်းအခြေအနေသည် အဂတိလိုက်စားမှုများ၊ မတရား ဆုံးဖြတ်ခြင်း၊ အချိန်ကုန် အလုပ်မဖြစ်သည့် လုပ်ငန်းဆောင်ရွက်ချက်များ ဖြစ်ပေါ်စေနိုင်သည်။ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်သူများ ခွင့်ပြုမိန့် မရအောင် အတားအဆီးများ ဖြစ်စေနိုင်သည်။

*"ဦးရာလူစနစ်" ဆိုသည်မှာ လက်ခံရရှိသည့် လျှောက်လွှာများကို လက်ခံနံပါတ်စဉ်အလိုက် သုံးသပ်ပြီး ရှင်းလင်းစွာ သတ်မှတ်ထားသည့် စံနှုန်းနှင့် ပြည့်စုံသော အစောဆုံး လျှောက်လွှာရှင်ကို ခွင့်ပြုမိန့် ချထားပေးခြင်း ဖြစ်သည်*

တစ်နိုင်ငံလုံးရှိ ခွင့်ပြုမိန့် ထုတ်ပေးသည့် လုပ်ငန်းစဉ်အားလုံး တစ်ထပ်တည်း ဖြစ်လျှင် အကောင်းဆုံးဖြစ်သည်။ သို့သော်လည်း ထိုကဲ့သို့ အနေအထားမရောက်မီ ပြည်ထောင်စုအစိုးရသည် လုပ်ထုံးလုပ်နည်း တစ်ခုနှင့်တစ်ခု ပဋိပက္ခ မဖြစ်စေရန် တွန်းတွန်းတိုက်တိုက် ဆောင်ရွက်သင့်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည်လည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး တစ်ခုအတွင်းမှာပင် တသမတ်တည်း ဆောင်ရွက်နိုင်ရန် အားထုတ်သင့်သည်။ ကဏ္ဍတစ်ခုလုံးကို လွှမ်းခြုံသည့် ခွင့်ပြုမိန့် ချထားပေးခြင်းမူဘောင်၊ လုပ်ငန်းစဉ် တဆင့်ခြင်းစီကို အသေးစိတ် ဖော်ပြထားသည့် လုပ်ငန်းစဉ် ဆောင်ရွက်ပုံ အဆင့်ဆင့်တို့ကို သတ်မှတ်သင့်သည်။ ပါဝင်သည့် အစုအဖွဲ့များနှင့် အချိန်ကာလ သတ်မှတ်ချက်၊ သုံးသပ်မှု ပြုလုပ်ရာတွင် အသုံးပြုသည့် စံနှုန်းများကိုလည်း သတ်မှတ်သင့်သည်။

### ဦးရာလူ စနစ်ဖြင့် ချထားပေးသည့် လုပ်ငန်းစဉ်ကို အတိအကျ ဖွင့်ဆိုပါ

ပထမအဆင့် အနေနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် ချထားပေးခြင်းအတွက် အခြေခံ မူဘောင်ကို သတ်မှတ်သင့်သည်။ အခန်း ၁.၂ တွင် တင်ပြခဲ့သည့်အတိုင်း ပြည်နယ်/တိုင်းဒေသကြီးများသည် ဦးရာလူ စနစ်ဖြင့် ချပေးရမည် သို့မဟုတ် လေလံစနစ်ဖြင့် ချထားပေးရမည်ကို ဥပဒေမူဘောင်တွင် ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။ ဥပဒေတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားနိုင်မှု

မရှိမခြင်း ဦးရာလူ စနစ်ဖြင့် ဆောင်ရွက်ရန် အကြံပြုလိုပါသည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးခြင်းအတွက် ဦးရာလူစနစ် အသုံးပြုခြင်းကို မွန်ဂိုလီးယား၊ ဂါနာ၊ ဇမ်ဘီယာ အပါအဝင် ကမ္ဘာ့နိုင်ငံ အများအပြားတွင်လည်း အသုံးပြုကြသည်။[၇၀]



ကချင်ပြည်နယ်မှ လက်လုပ်လက်စား ရွှေကျင်နေသူတစ်ဦး
ဓါတ်ပုံ – မင်းဇေယျာ

ဦးရာလူ စနစ်ကို အကောင်အထည်ဖော်သည် ဆိုရာတွင် အရာရှိများသည် လက်ခံရရှိထားသည့် လျှောက်လွှာများကို လက်ခံနံပါတ်စဉ်အလိုက် သုံးသပ်ပြီး ရှင်းလင်းစွာ သတ်မှတ်ထားသည့် စံနှုန်း သတ်မှတ်ချက်နှင့် ပြည့်စုံသည့် အစောဆုံး လျှောက်လွှာရှင်ကို ခွင့်ပြုမိန့် ချထားပေးခြင်း ဖြစ်သည်။ ဦးရာလူစနစ်တွင် ရှိပြီးသား ခွင့်ပြုမိန့်နှင့် ထပ်နေသည့် လျှောက်လွှာများကို အလိုအလျောက် ပယ်ချသည်။ သုံးသပ်မှု ပြုလုပ်နေသည့် ခွင့်ပြုမိန့် လျှောက်လွှာများနှင့် ထပ်နေသည့် လျှောက်လွှာများကို ပယ်ချသည်။ ဂါနာနိုင်ငံတွင် ခွင့်ပြုမိန့် လျှောက်ထားခြင်း မပြုမီ တူးဖော်သူများသည် ၎င်းတို့ လျှောက်ထားသည့်နေရာသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အဖြစ် သတ်မှတ်ထားသည့် နေရာတွင် အကျုံးဝင် မဝင်၊ ချထားပေးသည့် ခွင့်ပြုမိန့် သို့မဟုတ် သုံးသပ်နေသည့် ခွင့်ပြုမိန့်များနှင့် ထပ်နေခြင်း ရှိမရှိကို စစ်ဆေးရသည်။ လျှောက်ထားသည့် နေရာသည် လစ်လပ်နေသည့် နေရာဖြစ်သည်ဟု အစိုးရမှ အတည်ပြုပါက ၎င်းနေရာကို ခေတ္တ ဖယ်ထားလိုက်ပြီး လုပ်ကိုင်လိုသူက ၎င်းနေရာကို လျှောက်ထားရသည်။ ၎င်းလုပ်ငန်းစဉ် အဆင့်များသည် ဦးရာလူစနစ်နှင့် ကိုက်ညီပြီး လျှောက်လွှာတင်ပြီးမှ ထပ်နေ၍ ပယ်ချခံရကာ အချိန်ကုန် လူပင်ပန်းသည့် အဖြစ်မျိုးကို ရှောင်ရှားပြီးသား ဖြစ်စေသည်။[၇၁]

ဦးရာလူစနစ်သည် ခွင့်ပြုမိန့်များ ချထားပေးရန်အတွက် အသင့်တော်ဆုံး နည်းလမ်းဖြစ်သည်။ သို့သော်လည်း ဘဏ္ဍာရေး အဆက်အသွယ်၊ နိုင်ငံရေး အဆက်အသွယ် အားနည်းသည့် တူးဖော်သူများ၏ ရပိုင်ခွင့်များနှင့် အကျိုးကို အကာအကွယ်ပေးရန်အတွက် ရည်ရွယ်သည့် အကာအကွယ် သတ်မှတ်ချက်များနှင့် တွဲဖက် အသုံးပြုရန် လိုသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် တရားမဝင်ပုံကျ တူးဖော်သူများ နှင့်/သို့မဟုတ် ဒေသခံများ အကျိုးကို အကာအကွယ်ပေးနိုင်သည့် ခွင့်ပြုမိန့်

၇၀ World Bank. *2019 State of the Artisanal and Small-Scale Mining Sector* (2019), 29. beta.delvedatabase. org/uploads/resources/Delve-2019-State-of-the-Artisanal-and-Small-Scale-Mining-Sector.pdf; Republic of Ghana-Ministry of Lands and Natural Resources, *Artisanal and Small-Scale Mining Handbook for Ghana* (GEUS and PanAfGeo,2017), 43. www.oagsafrica.org/images/training/WP3SUCCESSSTORY/FINAL-Artisanal- Handbook-for-Ghana.pdf; Republic of Zambia, *Artisanal and Small-Scale Mining Handbook for Zambia* (GEUS and PanAfGeo, 2018), 57.

၇၁ Republic of Ghana, *Artisanal and Small-Scale Mining Handbook,* 43-45.

ဆိုင်ရာ သတ်မှတ်ချက်အချို့ သတ်မှတ်ရန် စီစဉ်နိုင်သည်။ ခေတ်မီ၊ စာတတ်ပေတတ်၊ ငွေကြေးချမ်းသာ၊ နိုင်ငံရေး အဆက်အသွယ် ရှိသူများကိုသာ အကျိုးဖြစ်စေခြင်း မရှိစေရန် ခွင့်ပြုမိန့် လုပ်ငန်းစဉ်သည် ငွေကုန်ကြေးကျ နည်းရမည်၊ လွယ်ကူရမည်။

လက်လုပ်လက်စား ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းနှင့် ပတ်သက်ပြီးလည်း စဉ်းစားသင့်သည်။ ခွင့်ပြုမိန့် သက်တမ်းမကုန်မီ ၂ လအလိုတွင် လျှောက်လွှာတင်ပါက သက်တမ်းတိုးခွင့် ရှိသည်ဟု သတ္တုတွင်း နည်းဥပဒေတွင် ဖော်ပြထားသည်။ တင်ရမည့် လျှောက်လွှာပုံစံသည် မူလ လျှောက်ထားစဉ်နှင့် တပုံစံတည်းဖြစ်ပြီး အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် ပြန်လည်လျှောက်ထားခြင်းကဲ့သို့ ပယ်ချခြင်းနှင့်ဆိုင်သည့် ကိစ္စများကို အတိအကျ ဖော်ပြထားခြင်း မရှိပါ။[၇၂] ဥပဒေမူဘောင်တွင် ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိသောကြောင့် လက်လုပ်လက်စား ခွင့်ပြုမိန့် ရရှိထားသူသည် ၎င်းခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးသည့်အခါ ၎င်းလုပ်ကိုင်နေသည့် လုပ်ကွက်ကို အခြားသူထံသို့ ပြောင်းလဲ ချထားပေးမှုမျိုးနှင့် ကြုံတွေ့နိုင်သည်။ ခွင့်ပြုမိန့်ပါ သတ်မှတ်ချက်များ ဖောက်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့် နေရာကို လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်မှုဇုန်မှ ပယ်ရှားလိုက်ခြင်းမှလွဲ၍ သက်တမ်းတိုးနိုင်ခွင့် ရှိသင့်သည်။ သက်တမ်းတိုးသည့် လုပ်ငန်းစဉ်သည် စတင်လျှောက်ထားသည့် လုပ်ငန်းစဉ်နှင့် ယှဉ်လျှင် ပို၍ မြန်ဆန်သင့်သည်၊ လွယ်ကူသင့်သည်။ (၎င်းကိစ္စနှင့်ပတ်သက်ပြီး အကြံပေးမှုများကို အခန်း ၄ တွင် ဖော်ပြထားသည်)

ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် မျှတမှု မရှိဟု ခံစားရပါက တိုင်ကြားမှု ပြုလုပ်နိုင်သည့် လမ်းကြောင်းကိုလည်း ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှ ပြင်ဆင်ထားနိုင်သည်။

## လုပ်ငန်းအစီအစဉ် အသေးစိတ်ကို သတ်မှတ် ဖော်ထုတ်ပါ

လေ့လာမှု ပြုလုပ်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီး အားလုံးတွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးရာတွင် ပါဝင်သည့် အဓိကအဆင့်များသည် ဆင်တူဖြစ်သည် (အခန်း ၁.၃ ကိုကြည့်ပါ)။ အဆင့်တစ်ခုခြင်းစီကို မည်သို့ ဆောင်ရွက်ရမည်နှင့်ပတ်သက်ပြီး အတိအကျ ရှင်းရှင်းလင်းလင်း ဖော်ပြထားမှု မရှိပါ။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် အဆင့်တစ်ခုခြင်းစီတွင် အရာရှိများ ဆောင်ရွက်ရမည့် ကိစ္စများကို အတိအကျ ဖော်ပြထားသည့် လုပ်ငန်းစဉ်အသေးစိတ် သတ်မှတ်ချက်များ ပြုစုထုတ်ပြန်ထားသင့်သည်။ ဂါနာနိုင်ငံ မြေယာနှင့် သဘာဝ သယံဇာတ ဝန်ကြီးဌာနမှ လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးခြင်း လမ်းညွှန်ချက်တွင် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဥပမာအဖြစ် ဖော်ပြထားပြီး၊ မြန်မာအနေဖြင့် အတုယူ ပေါင်းစပ် ကျင့်သုံးနိုင်သည့် အဓိကအဆင့် အချို့လည်း ပါဝင်သည်။[၇၃]

ခွင့်ပြုမိန့် လုပ်ငန်းစဉ်တွင် အောက်ပါ လုပ်ငန်းစဉ်များ ပါဝင်သင့်သည်။

၁။ *ကနဦး စစ်ဆေးခြင်း* – ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လျှောက်လွှာ လက်ခံရရှိသည်နှင့် တပြိုင်နက် သတ္တုတွင်း နည်းဥပဒေတွင် ဖော်ပြထားသည့် စံနှုန်းများနှင့် ကိုက်ညီမှု ရှိမရှိကို စစ်ဆေးရမည်။ (ဥပမာ လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်၊ လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်မှုအတွက် လျှောက်ထားခြင်း ဖြစ်ရမည်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ထုတ်ပေးနိုင်ခွင့်ရှိသည့် ကုန်စည်ဖြစ်ရမည်) တသမတ်တည်း ဖြစ်ရန်နှင့် လုပ်ငန်း လျှင်မြန်စွာ ပြီးမြောက်နိုင်ရန် ကနဦး စစ်ဆေးရမည့် ကိစ္စများကို စာရင်းပြုစုထားကာ တိုက်ဆိုင် စစ်ဆေးနိုင်သည်။ (နောက်ဆက်တွဲ ၄.၁ တွင် ဥပမာ ဖော်ပြထားပါသည်။) ယခုအဆင့်ကို မြန်မြန်ဆန်ဆန် ရိုးရိုးစင်းစင်း ဆောင်ရွက်သင့်သည်။ လျှောက်လွှာသည် အခြေခံ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိကို ဦးစားပေး စစ်ဆေးသင့်သည်။ လျှောက်လွှာပုံစံ ဖြည့်သွင်းရမည့် နေရာအားလုံး ဖြည့်သွင်းပြီး ရှိမရှိ၊ လိုအပ်သည့် စာရွက်စာတမ်းများ တွဲလျက် ပါမပါ စစ်ဆေးရမည်။ အားလုံး စနစ်တကျ ဖြစ်ပါက အရာရှိမှ လျှောက်လွှာကို စာရင်းသွင်းမည်ဖြစ်သည်။ အဆင့် ၂ မပြည့်စုံပါက အရာရှိသည် လျှောက်လွှာကို ပယ်ချမည်ဖြစ်သည်။ (လိုအပ်သည့် အချက်အလက်များ ဖြည့်သွင်းရန် ကာလ

၇၂ မြန်မာသတ္တုတွင်း နည်းဥပဒေများ၊ ၉၈

၇၃ Republic of Ghana, *Artisanal and Small-Scale Mining Handbook,* 43-52

တစ်ခု သတ်မှတ်ပေးပြီး မဖြည့်နိုင်ပါက ပယ်ချနိုင်သည်)[၇၄]

*ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် အဆင့်တစ်ခုခြင်းစီတွင် တာဝန်ရှိ အရာရှိများ ဆောင်ရွက်ရမည့် ကိစ္စများကို အတိအကျ ဖော်ပြထားသည့် လုပ်ငန်းစဉ် အသေးစိတ် သတ်မှတ်ချက်များ ပြုစု ထုတ်ပြန်ထားသင့်သည်*

၂။ *စာရင်းသွင်းခြင်း* – အရာရှိများသည် စာရင်းစာအုပ်တွင် လက်ခံရရှိသည့် နေ့စွဲ၊ အချိန်နှင့်တကွ လျှောက်လွှာစာရင်းသွင်းသည်။ ထို့နောက် လက်ခံရရှိသည့် အချိန်ကို ဖော်ပြထားသည့် လက်ခံဖြတ်ပိုင်းကို လျှောက်ထားသူထံသို့ ထုတ်ပေးသည်။ ခွင့်ပြုမိန့် စာရင်းတွင်လည်း လျှောက်လွှာကို ထည့်သွင်း မှတ်တမ်းတင်သည်။ လျှောက်လွှာ လက်ခံရသည်နှင့် တပြိုင်နက် စာရင်းသွင်းခြင်း ပြုလုပ်ရန် အရေးကြီးသည်။ လျှောက်လွှာကို စနစ်တကျ စာရင်းသွင်းပြီးပါက သုံးသပ်မှု ပြုလုပ်ရန် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး စိစစ်ရေး ဘုတ်အဖွဲ့သို့ ပေးပို့သည်။ ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ လျှောက်လွှာ အသစ်များ ရှိနေကြောင်းကို သတင်းပို့ပေးရမည်ဖြစ်သည်။[၇၅]

၃။ *လုပ်ကွက်ထပ်နေမှု ရှိမရှိ ဆန်းစစ်ခြင်း* – ပြည်နယ်/တိုင်းဒေသကြီး သတ္တုတွင်း ဦးစီးဌာနသည် လျှောက်ထားသည့် နေရာအား အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အတွင်း ကျရောက်မှု ရှိမရှိ ဆန်းစစ်သည်။ သို့မဟုတ်ပါက ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သည်။ ခွင့်ပြုမိန့် ချထားပြီးသည့် နေရာ သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားဆဲ နေရာ ဟုတ်မဟုတ် ကိုလည်း စစ်ဆေးသည်။ ဦးရာလူ စနစ်အရ စစ်ဆေးခြင်း ဖြစ်သည်။ စာရင်းသွင်းပြီးနောက်တွင် တဆက်တည်း စစ်ဆေးမှုများ ဖြစ်သင့်သည်။

၄။ *နည်းပညာပိုင်းအရ သုံးသပ်ခြင်း* – ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး စိစစ်မှုအဖွဲ့သည် သတ္တုတွင်းဥပဒေနှင့် အခြား ဆက်စပ်ဥပဒေများပေါ်တွင် အခြေခံပြီး ပြတ်သားစွာ သတ်မှတ်ထားသည့်၊ ဓမ္မဓိဋ္ဌာန်ကျသည့် စံနှုန်းများဖြင့် လျှောက်လွှာကို သုံးသပ်သည်။ ယခုအဆင့်တွင် အခြားမြေယာအသုံးပြုမှု ပုံစံနှင့် ထပ်နေမှု ရှိမရှိ အစိုးရဌာနများ စစ်ဆေးခြင်း ပါဝင်သည် (ဥပမာ ကြိုးဝိုင်းနေရာ) နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးသည်။ (ဥပမာ စက်ကိရိယာ ကန့်သတ်ချက်) ယခုလုပ်ငန်းစဉ်အတွက် ရည်ရွယ် ပြုစုထားသည့် စစ်ဆေးရမည့် ကိစ္စများစာရင်းကို အသုံးပြုပါက အကောင်းဆုံး ဖြစ်သည်။ (နောက်ဆက်တွဲ ၄.၂ တွင် ဥပမာ ပြထားပါသည်) လျှောက်လွှာသည် ဥပဒေသတ်မှတ်ချက်များ အားလုံးနှင့် ကိုက်ညီပါက ပြည်နယ်/တိုင်းဒေသကြီး စိစစ်ရေး ဘုတ်အဖွဲ့သည် ခွင့်ပြုမိန့် ချထားပေးသည်။ အဆင့် ၅ မပြည့်စုံပါက လျှောက်လွှာကို ပယ်ချသည်။ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် မြို့နယ် သို့မဟုတ် ပြည်ထောင်စုအဆင့်မှ သုံးသပ်ချက်များ ပါဝင်မည်ဆိုပါက ပြည်နယ်/တိုင်းဒေသကြီး အစိုးရအနေဖြင့် မည်သည့်အဆင့်တွင် ၎င်းတို့ ပါဝင်ရမည်ကို ရှင်းလင်းစွာ သတ်မှတ်ထားသင့်သည်။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် စိစစ်ရေး ဘုတ်အဖွဲ့ ကဲ့သို့ပင် ၎င်းအစုအဖွဲ့များသည်လည်း လျှောက်လွှာများကို သုံးသပ်သည့်အခါတွင် ပြတ်သားစွာ၊ ဓမ္မဓိဋ္ဌာန်ကျစွာ သတ်မှတ်ထားသည့် စံနှုန်းများ အသုံးချသင့်သည်။ ယခုအဆင့်တွင် အသေးစား တူးဖော်ခြင်းအတွက် ပို၍ အကွက်စေ့စွာ သုံးသပ်ရန် လိုအပ်သည်။

၅။ *အခွန်အခများ လက်ခံခြင်း နှင့် ခွင့်ပြုမိန့် ထုတ်ပေးခြင်း* – လျှောက်လွှာ အတည်ပြုပြီးပါက သက်ဆိုင်ရာ အရာရှိသည် လျှောက်လွှာရှင်ကို အကြောင်းကြားပြီး သတ်မှတ်ထားသည့် အခွန်အခများကို ပေးသွင်းစေသည်။ အခွန်အခများ ရရှိသည်နှင့်တပြိုင်နက် အရာရှိသည် ခွင့်ပြုမိန့် ထုတ်ပေးသည်။ အခွန်အခ ပေးသွင်းမှုများကို ပြည်နယ်/တိုင်းဒေသကြီး အရာရှိများက စနစ်တကျ မှတ်တမ်းတင်ရန် အရေးကြီးသည်။

၆။ *ခွင့်ပြုမိန့် စာရင်းသွင်းခြင်း* – ခွင့်ပြုမိန့် ထုတ်ပြီးသည်နှင့်တပြိုင်နက် သက်ဆိုင်ရာ အစိုးရ အရာရှိသည် ခွင့်ပြုမိန့် အသက်ဝင်ပြီဖြစ်ကြောင်းကို ခွင့်ပြုမိန့် စာရင်းတွင် မှတ်တမ်းတင်ရမည်။ ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများသို့ ဖြန့်ဝေပေးရမည်။ ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ဝန်ကြီးချုပ်များထံသို့လည်း ပေးပို့ရမည့် အချက်အလက်များကို ပြည်သူများထံသို့လည်း ပုံမှန် ထုတ်ပြန်ပေးရမည် (အခန်း ၃.၃

၇၄ ဂါနာနိုင်ငံ၏ မြေယာနှင့် သဘာဝ သယံဇာတ ဝန်ကြီးဌာနသည် လျှောက်လွှာများ ပယ်ချခြင်းမပြုမီ အမှားပြင်ဆင်ရန် ၁၀ ရက် အချိန်ပေးသည်။

၇၅ Ortega, *Myanmar Cadastre Conceptual Design,* 10 တွင် တင်ပြထားသည့် အကြံပြုချက်နှင့် ကိုက်ညီသည်။

ကိုကြည့်ပါ)

*ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသည် ပါဝင်ပတ်သက်သော ဌာနဆိုင်ရာ အရေအတွက်ကို လျှော့ချသင့်သည်*

လုပ်ထုံးလုပ်နည်း တစ်ခုတည်း ပေါ်ပေါက်လာရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းများကို ပြန်လည် သုံးသပ်ကြည့်နိုင်သည်။ ဥပမာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ခွင့်ပြုမိန့်ဆိုင်ရာ ဆုံးဖြတ်ချက်တွင် လက်မှတ်ရေးထိုးရသည့် အကြောင်းရင်း (ခွင့်ပြုမိန့် လုပ်ငန်းစဉ် တစ်ခုခြင်းစီတွင် လက်မှတ်ထိုးရသည့် အကြောင်းရင်း) မှာ ရှင်းလင်းမှုမရှိပါ။ ပုံ ၇ ကိုကြည့်ပါ။ လုပ်ငန်း လျှင်မြန်စေရန်အတွက် ပြည်နယ်/တိုင်းဒေသကြီးတို့သည် သတ်မှတ်ထားသည့် အခွန်အခများ လက်ခံရရှိပြီးသည်နှင့် တပြိုင်နက် ခွင့်ပြုမိန့်များကို ထုတ်ပေးသင့်သည်။ မြန်မြန်ဆန်ဆန် ဆောင်ရွက်သင့်သည့် လုပ်ငန်းအဆင့် တစ်ခုဖြစ်သည်။ ခွင့်ပြုမိန့် ချထားပေးသည့် အခမ်းအနားများ ပြုလုပ်ခြင်းသည် မလိုလားအပ်သည့် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေသည်။

## ပါဝင်သည့် ဌာန အစုအဖွဲ့များ သတ်မှတ်ခြင်း

ခွင့်ပြုမိန့် လုပ်ငန်းစဉ် တစ်ခုခြင်းစီတွင် ပါဝင်သည့် အစုအဖွဲ့ ဌာနများ အကြောင်းကို ပါဝင်ရသည့် အကြောင်းရင်းနှင့်တကွ ခြုံငုံ ဖော်ပြထားသည်ကို ထုတ်ပြန်မှု ပြုလုပ်ရန် အကြံပြုလိုပါသည်။ ဂါနာ၊ ဆီရီယာလီယွန် နှင့် မွန်ဂိုလီယား အစိုးရများ ထုတ်ပြန်ထားသည့် ခွင့်ပြုမိန့် ချထားပေးခြင်းဆိုင်ရာ လမ်းညွှန်များကို ထုတ်ပြန်မှုများ ပြုလုပ်ခြင်းအတွက် ဥပမာအဖြစ် လေ့လာနိုင်သည်။[၇၆] ၎င်းနိုင်ငံရှိ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် ပါဝင်နေသည့် အစုအဖွဲ့များသည် မြန်မာနိုင်ငံ လုပ်ငန်းစဉ်တွင် ပါဝင်နေသည့် အရေအတွက်ထက် များစွာ လျော့နည်းနေကြောင်း တွေ့ရှိရသည်။ ပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် ပါဝင်သည့် အစုအဖွဲ့များ အရေအတွက်ကို လျှော့ချနိုင်သည်။ အကြံပြုရန် သင့်တော်သည်ဟု ဥပဒေအရ ရှင်းလင်းစွာ သတ်မှတ်ထားခြင်း ခံရသည့် ဌာနများသာ ပါဝင်သင့်သည်။ ခွင့်ပြုမိန့် အချက်အလက်များ စီမံခြင်း၊ စောင့်ကြည့်ခြင်း လုပ်ငန်းများအတွက် တာဝန်ရှိသည့် ဌာနများကိုလည်း ပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် ရှင်းလင်းစွာ သတ်မှတ်ခြင်းများ ပြုလုပ်နိုင်သည်။

ခွင့်ပြုမိန့် ချထားပေးခြင်းတွင် ပါဝင်သည့် အစိုးရ အရာရှိတိုင်းသည် ကိုယ်ကျိုးစီးပွားအတွက် အသုံးချခြင်း မပြုလုပ်ရန် ဝန်ခံကတိတွင် လက်မှတ်ရေးထိုးရန် လိုသည်။ ခွင့်ပြုမိန့် လျှောက်ထားသည့် လုပ်ငန်းစဉ်တွင် ၎င်းတို့ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်များသည် ဘဏ္ဍာရေးအရ ပါဝင်မှုများ ရှိလာပါက ခွင့်ပြုမိန့် သုံးသပ်မှု လုပ်ငန်းစဉ်မှ နုတ်ထွက်ရမည်။ ကိုယ်ကျိုးစီးပွား ဟူသော စကားရပ်ကို အဓိပ္ပာယ်သတ်မှတ်ရာတွင် တရားဝင် ရှယ်ယာပိုင်ရှင်ကို ဖော်ပြရန် လိုသကဲ့သို့ အမှန်တကယ် အကျိုးခံစားခွင့် ရှိသူ စာရင်းကိုလည်း ထည့်သွင်းဖော်ပြရန် လိုသည်။[၇၇]

## အဆင့်တစ်ခုခြင်းစီအတွက် ကြာချိန်ကို အတိအကျ သတ်မှတ်ခြင်း

လက်ရှိ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်သည် အလွန်နှေးသည် ဖြစ်သောကြောင့် တရားဝင် အသိအမှတ်ပြုမှု လုပ်ငန်းစဉ်တွင် အများ စိတ်ဝင်စားလာစေရန်အတွက် ဆွဲဆောင်နိုင်ခြင်းမရှိပဲ ဖြစ်နေသည်။ အသေးစားနှင့် လက်လုပ်လက်စား ခွင့်ပြုမိန့် ချထားပေးသည့် အဆင့်များ အားလုံးကို ၁ လ အတွင်း အပြီး ဆောင်ရွက်သင့်သည်ဟု နိုင်ငံတကာမှ ကျွမ်းကျင်သူတစ်ဦးက ပြောသည်။ စာတမ်း

၇၆ Republic of Ghana, *Artisanal and Small-Scale Mining Handbook,* 52; Government of Sierra Leone, *Information for Mineral Right Acquisition;* Sustainable Artisanal Mining Project, *How to Extract Minerals from Artisanal and Small-Scale Mines* (Swiss Agency for Development and Cooperation and Government of Mongolia-Ministry of Mining, 2015), 3. drive.google.com/file/d/0BzzumgfifIF6bU9LWWRtRnBkRzg/view.

၇၇ အကျိုးခံစားခွင့်ရှိသည့် ပိုင်ရှင် အဓိပ္ပာယ်ကို EITI တွင် အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်တွင် ၅ ရာခိုင်နှုန်းနှင့်အထက် ရှယ်ယာကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်တွင် မဲပေးပိုင်ခွင့် ၅ ရာခိုင်နှုန်းနှင့် အထက်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်တွင် ဒါရိုက်တာဘုတ်အဖွဲ့ဝင် အများစုကို ခန့်အပ် သို့မဟုတ် ပယ်ရှားနိုင်သည့် အခွင့်အရေးကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်ထားသည့် ပုဂ္ဂိုလ်ကို ဆိုလိုသည်။ အများပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ကုမ္ပဏီ သို့မဟုတ် ကော်ပိုရိတ်လုပ်ငန်းပေါ်တွင် ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှု ကြီးမားစွာ ရှိသူ၊ ကျင့်သုံးနိုင်ခွင့် ရှိသူ သို့မဟုတ် အမှန်တကယ် ကျင့်သုံးနေသည့် ပုဂ္ဂိုလ်ဖြစ်သည်။

ပြုစုစဉ် ကာလတွင် ခွင့်ပြုမိန့်တစ်ခု ရရန် ၈ လ စောင့်ဆိုင်းနေရသည်။

ခွင့်ပြုမိန့် အတည်ပြု ချထားပေးသည့် လုပ်ငန်းစဉ် မြန်ဆန်စေရန်အတွက် ခွင့်ပြုမိန့် ချထားသည့် လုပ်ငန်းစဉ် အဆင့်တစ်ခုခြင်းစီတိုင်းတွင် အစိုးရ အရာရှိများအနေဖြင့် ၎င်းတို့ တာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပေးရန် တိကျသည့် အချိန်သတ်မှတ်ချက် ရှိရမည်။[၁၈] အချိန် အတိအကျ သတ်မှတ်ထားခြင်းဖြင့် လျှောက်ထားသူအနေဖြင့် ခွင့်ပြုမိန့် အခြေအနေကို စိတ်အေးလက်အေး စောင့်ဆိုင်းနိုင်မည် ဖြစ်သည်။ လျှောက်လွှာများကို မှန်ကန်စွာ သုံးသပ်မှု ဖြစ်စေရန် ယင်းအချိန် သတ်မှတ်ချက်သည်လည်း အလုပ်ဖြစ်နိုင်သည့် ကာလအတိုင်းအတာ ဖြစ်ရန် လိုအပ်သည်။ ၎င်းအချိန် သတ်မှတ်ချက်အတွင်း လုပ်ငန်းများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များကို လူ့အရင်းအမြစ်၊ နည်းပညာ အရင်းအမြစ်များ ဖြည့်ဆည်းပေးခြင်းသည် အရေးကြီးသည်။ အနာဂတ်တွင် မှတ်ပုံတင်စနစ်သည် လုပ်ငန်းစဉ်များ အလျင်အမြန် ဆောင်ရွက်နိုင်ရန် အရေးပါလာမည် ဖြစ်သည်။

လုပ်ငန်းစဉ်များ မြန်ဆန်စေရန် အာဏာပိုင်များအနေဖြင့် –

- လျှောက်လွှာတင်သူရှေ့တွင် လျှောက်လွှာတွင် ပါဝင်ရမည့် အခြေခံ အချက်များကို စစ်ဆေးပြီး၊ စာရင်းသွင်းပါ။
- ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး စိစစ်ရေးအဖွဲ့များ ပုံမှန် အစည်းအဝေး ပြုလုပ်ရန် သတ်မှတ်ပါ (ကချင်၊ မန္တလေး၊ စစ်ကိုင်းမှ ဖြေဆိုသူများက အပတ်စဉ် ပြုလုပ်ရန် သဘောထားရှိကြောင်း ဖြေသည်) အလွန်ရိုးစင်းသည့် သတ်မှတ်ချက်များနှင့် ချထားပေးသည့် လက်လုပ်လက်စား ခွင့်ပြုမိန့်များအတွက် ဘုတ်အဖွဲ့သည် ယခင်အပတ် အစည်းအဝေးတွင် တင်ပြထားသည့် လျှောက်လွှာကို နောက်တစ်ကြိမ် အစည်းအဝေးတွင် အတည်ပြု သို့မဟုတ် ပယ်ချရန် ရည်ရွယ်သည်။ အသေးစား လုပ်ကွက်များအတွက်မူ အချိန်ပိုယူရန် လိုအပ်မည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ၂ မျိုးလုံးအတွက် သတ်မှတ်မှုများ အတိအကျ ပြုလုပ်ရန် လိုအပ်သည်။
- မြို့နယ်အဆင့် ဌာနများ ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်ရန် အချိန်သတ်မှတ်ချက် တိတိကျကျ သတ်မှတ်ထားပါ။ မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် အချိန်သတ်မှတ်ချက်မှာ ပြည်နယ်/တိုင်းဒေသကြီး အလိုက် ကွဲပြားနိုင်သည်။
- သတ်မှတ်ထားသည့် အခွန်နှင့် အခကြေးငွေများ ပေးသွင်းပြီးပါက ခွင့်ပြုမိန့် ချက်ခြင်းထုတ်ပေးပါ။
- ခွင့်ပြုမိန့် ထုတ်ပြီးပြီးချင်း ခွင့်ပြုမိန့်စာရင်းသို့ ချက်ခြင်း သွင်းပါ။ (နောင် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံ)

## လျှောက်လွှာသုံးသပ်ရာတွင် အသုံးပြုရန် ဓမ္မဓိဌာန်ကျသည့် စံနှုန်းများ သတ်မှတ်ပါ

လျှောက်လွှာသုံးသပ်မှု ပြုလုပ်ရာတွင် ဓမ္မဓိဌာန်ကျရန် လိုသည်။ ပွင့်လင်းမြင်သာမှု ရှိရန် လိုသည်။ ပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် လျှောက်လွှာတစ်ခုခြင်းစီ သုံးသပ်ရာတွင် အသုံးချမည့် စံနှုန်းများကို ပွင့်လင်းစွာ ထုတ်ဖော်ပြောထားရန် လိုသည်။ ယင်းစံနှုန်းများတွင် ရှင်းလင်းသည့် ဥပဒေနောက်ခံ ရှိရမည်။ သုံးသပ်မှု ပြုလုပ်ရာတွင် စစ်ဆေးရမည့် ကိစ္စများကို စာရင်းပြုစုထားနိုင်သည်။ လျှောက်လွှာများ သုံးသပ်ရန် လိုအပ်လာပါက အာဏာပိုင်များအနေဖြင့် ကိုးကားရမည့် ဥပဒေဆိုင်ရာ သတ်မှတ်ချက်များကို ခြုံငုံသုံးသပ်ထားပြီး ဖြစ်သောကြောင့် စီမံဆိုင်ရာ ကိစ္စများကြောင့် ဖိစီးမှုကို လျှော့ချပေးနိုင်သည်။ စိစစ်ရမည့် ကိစ္စများစာရင်း ပြုစုထားခြင်းဖြင့် လျှောက်လွှာသုံးသပ်မှု ပြုလုပ်ရာတွင် စံနှုန်းတစ်ခုတည်းသာ အသုံးပြုသည်ဖြစ်သောကြောင့် မျက်နှာသာပေး ဘက်လိုက်ခြင်းနှင့် လာဘ်ပေးလာဘ်ယူမှုများကို လျှော့ချပေးနိုင်သည်။ ကနဦး စစ်ဆေးခြင်းနှင့် သုံးသပ်ရမည့် ကိစ္စများ စာရင်းအတွက် ပုံစံများကို နောက်ဆက်တွဲ ၄ တွင် ဥပမာအဖြစ် ဖော်ပြထားပါသည်။

သုံးသပ်မှုဆိုင်ရာ စံနှုန်းများ သတ်မှတ်ခြင်းကို အဓိက အခက်အခဲဖြစ်စေသည့်ကိစ္စမှာ လက်လုပ်လက်စား

၁၈ ဥပမာအားဖြင့် မွန်ဂိုလီးယားတွင် နိုင်ငံအစိုးရသည် ပြည်နယ်အဆင့် ခွင့်ပြုမိန့်များကို အတည်ပြုရန် သို့မဟုတ် လက်ခံရန် အချိန် ၁၀ ရက်ယူသည်။ လက်လုပ်လက်စား သတ္တုတူးဖော်ခြင်း စီမံချက် *How to Extract Minerals, 3.* ကိုကြည့်ပါ။

နှင့် အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့်ဆိုင်ရာ ဥပဒေသတ်မှတ်ချက်သည် လိုက်နာရန် မဖြစ်နိုင်သလောက် ဖြစ်နေခြင်း ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များနှင့် ပတ်သက်သည့် ကိစ္စများတွင် ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ရန် သတ်မှတ်ထားချက်သည် ဝန်ပိစေလွန်းသဖြင့် အစိုးရပိုင်းရော၊ တူးဖော်သူများကပါ လျစ်လျူရှုထားသည်ဟု ဖြေဆိုသူများက ဆက်တိုက်ပြောဆိုသည်။ အကွက် ၆ ကိုကြည့်ပါ။ ခွင့်ပြုမိန့် ချထားခြင်းဆိုင်ရာ သတ်မှတ်ချက်များသည် ထိရောက် ထက်မြက်ရန် လိုသကဲ့သို့ အခြေအနေမှန်နှင့် နီးစပ်ရန်လည်း လိုသည်။ (အခန်း ၄ ကိုကြည့်ပါ)

### အကွက် ၆။ လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်မှုကဏ္ဍ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်နှင့် စောင့်ကြည့်ခြင်း

လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်မှုကဏ္ဍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများ ဖြေရှင်းရာတွင် အခက်အခဲ တစ်ခုမှာ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များအတွက် ကုန်ကျစရိတ်နှင့် လုပ်ငန်းစဉ် ရှုပ်ထွေးမှု၊ ထိရောက်စွာ စောင့်ကြည့်မှုနှင့် ဥပဒေ စိုးမိုးအသုံးချနိုင်မှု မရှိခြင်း ဖြစ်သည်။ သတ်မှတ်ချက်များမှာ ရှုပ်ထွေးပြီး၊ တစ်ခုနှင့်တစ်ခု ဖီလာဆန့်ကျင်နေသည်။ ၂၀၁၅ ပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ ဆန်းစစ်မှု လုပ်ငန်းစဉ်များတွင် တူးဖော်သူများသည် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်မှု ပြုလုပ်ကာ ပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဌာနမှ ထုတ်ပေးသည့် ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ ထောက်ခံချက်ကို ရယူရမည်ဟု ဖော်ပြထားသည်။ ခွင့်ပြုမိန့် ချထားမပေးမီ သို့မဟုတ် ငှားရမ်းခွင့် မရမီ ဆောင်ရွက်ရမည်ဖြစ်သည်။[၇၉] အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့်များအတွက်သာ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်မှု တင်ပြရမည်ဟု သတ္တုတွင်း နည်းဥပဒေများတွင် ဖော်ပြထားသည်။ လက်လုပ်လက်စား ခွင့်ပြုမိန့်များအတွက်မူ သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့် လက်ခံရရှိပြီး နောက်ပိုင်းတွင် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်မှုကို ပြင်ဆင်ထားရမည်ဟု ဖော်ပြထားသည်။[၈၀] မကြာသေးမီက သတ္တုတွင်း နည်းဥပဒေ ပြင်ဆင်ချက်တွင် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် သတ်မှတ်ထားသည့် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်မှု သတ်မှတ်ချက်ကို ဖယ်ရှားလိုက်ပြီး၊ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် ဟူသော သတ်မှတ်ချက်ဖြင့် အစားထိုးလိုက်သည်။[၈၁]

ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းအတွက် ငွေကုန်၊ အချိန်ကုန်သည်ဖြစ်သောကြောင့် တရားဝင် တူးဖော်မှု ပြုလုပ်ရန် အခက်အခဲများ ဖြစ်စေသည်။ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန် ပြင်ပမှ ကျွမ်းကျင်သူ ငှားရမ်း ဆောင်ရွက်ရမည် ဖြစ်သည်။ ၄ ဧက အကျယ်ရှိ လုပ်ကွက်တစ်ခု အတွက် ကျပ်ငွေ ၁၅ သိန်းပတ်လည် ကုန်ကျသည်ဟု တူးဖော်သူတစ်ဦးက NRGI ကို ပြောပြသည်။ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းတစ်ခု ဆောင်ရွက်ရန် ၆ လနီးပါးခန့် ကြာသည်ဟု သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ရှေ့နေတစ်ဦးက ခန့်မှန်းထားသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဌာနမှ သုံးသပ် အတည်ပြုပေးခြင်းသည် ၎င်းထက် ပို၍ကြာသည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနတွင် လူအင်အား မလုံလောက်မှု ပြဿနာကြီးနှင့် ရင်ဆိုင်နေရပြီး မပြီးပြတ်သေးသည့် လုပ်ငန်းများလည်း စုပုံနေသည်။[၈၂]

လက်တွေ့တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း သတ်မှတ်ချက်ကို လိုက်နာဆောင်ရွက်ခြင်း မရှိဟု ပြောပြကြသူ များစွာရှိသည်။ ပြည်နယ်/တိုင်း ဒေသကြီး အနည်းဆုံး ၂ ခုမှ ခွင့်ပြုမိန့် ချထားပေးသည့် အာဏာပိုင်များသည် လျှောက်လွှာများ သုံးသပ်မှု မပြုမီ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်းကို တင်ပြရန် သတ်မှတ်ထားခြင်း မရှိပါ။ ၎င်းအစား ခွင့်ပြုမိန့် ရရှိပြီး ၆ လအတွင်း ဆန်းစစ်မှု ပြုလုပ်ရန် ခံဝန်ကတိ ထိုးခိုင်းသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းပါ သတ်မှတ်ချက်များနှင့် ဆန့်ကျင်နေသည်။ ခွင့်ပြုမိန့် ရရှိထားသူများအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြု

၇၉ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်း အပိုဒ် ၈၃၊ နောက်ဆက်တွဲ ၁။

၈၀ သတ္တုတွင်း နည်းဥပဒေ၊ ၈၂ စ၊ ၉၇ ဂ

၈၁ ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက် များတွင်လည်း ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ချက်ပေါ်တွင် အခြေခံသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတည်ပြုချက် ရယူရန် လိုသည်ဟု သတ်မှတ်ထားသည်။

၈၂ Myanmar Centre for Responsible Business, *Sector-Wide Impact Assessment,* 102.

ချက် ရအောင် ဆောင်ရွက်မှု ရှိမရှိ ခြေရာခံ စစ်ဆေးမှု မရှိဟု NRGI မှ မေးမြန်းမှုများ ပြုလုပ်ခဲ့ရာတွင် ဖြေဆိုခဲ့ကြသည်။ ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း ပြုလုပ်ထားသည့် ရှားရှားပါးပါး ဖြစ်စဉ်များတွင်လည်း မဖြစ်မနေ ဆောင်ရွက်ရသည့် ကိစ္စသဘောသာ ဖြစ်ပြီး သတ္တုတူးဖော်သူများ လုပ်ငန်း ဆောင်ရွက်ပုံတွင် သက်ရောက်မှု တစ်စုံတစ်ရာ မရှိသော လုပ်ရပ်ဖြစ်သည်ဟု ဖြေဆိုသူများက မှတ်ချက်ပြုသည်။ လုပ်ငန်းများ လုပ်နေပါက စောင့်ကြည့်ခြင်း သို့မဟုတ် ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာမှု ရှိမရှိ စစ်ဆေးခြင်းလည်း မရှိသလောက် ဖြစ်သည်။

ပြည်ထောင်စု အစိုးရသည် သတ္တုတူးဖော်သူများ လိုက်နာရန် ရိုးရိုးစင်းစင်းနှင့် တပြေးညီ သတ်မှတ်ထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပုံစံကို သတ်မှတ်ပေးခြင်းကို နည်းလမ်းတစ်ခုအနေဖြင့် အသုံးပြုနိုင်သည်။ လုပ်ထုံးလုပ်နည်းကောင်းများကို တွင်ကျယ်စွာ ပေါ်ပေါက်လာစေရန် တွန်းအားပေးနိုင်ရမည်ဖြစ်ပြီး အကန့်အသတ်ရှိသော လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်သူများ၏ စွမ်းဆောင်ရည်နှင့်လည်း လိုက်ဖက်ရမည်။ မွန်ဂိုလီးယားတွင် နိုင်ငံအစိုးရသည် နိုင်ငံတကာမှ ကျွမ်းကျင်သူများ၊ ဒေသန္တရ အစိုးရများ၊ သတ္တုတူးဖော်သူများနှင့် ပူးပေါင်းပြီး တစ်ခုတည်းသော ပတ်ဝန်းကျင် ပြန်လည်စိမ်းလန်းရေး လုပ်ထုံးလုပ်နည်းများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတ်မှတ်ချက်များ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပြုစုသည်။[၈၃] တန်ဇန်နီးယားတွင်လည်း အလားတူပုံစံဖြင့် ဆောင်ရွက်သည်။[၈၄] မြန်မာ့ကျောက်မျက်နှင့် ရတနာလုပ်ငန်းရှင်များအသင်းသည် ကျောက်စိမ်းကဏ္ဍတွင် စံအဖြစ် အသုံးပြုမည့် ပတ်ဝန်းကျင် စီမံမှု လုပ်ငန်းများ အစီအစဉ်ကို ကျွမ်းကျင်သူများ ငှားရမ်းကာ ရေးဆွဲစေခဲ့သည်။ ၎င်းအစီအစဉ်တွင် လက်လုပ်လက်စားများအတွက် ရိုးရှင်း လွယ်ကူသည့် လမ်းညွှန်ချက်များ ပါဝင်သည်။[၈၅]

ခွင့်ပြုချက် လုပ်ငန်းစဉ်များ လွယ်ကူအောင် ဆောင်ရွက်လိုက်ခြင်းနှင့်အတူ စောင့်ကြည့်ရေးနှင့် ဥပဒေ အသက်ဝင်ရေးကို ဖိဖိစီးစီး ဆောင်ရွက်ရန် လိုသည်။ စောင့်ကြည့်ခြင်း၊ ဥပဒေ လိုက်နာမှု ရှိမရှိ စောင့်ကြည့်ခြင်း တာဝန်ကို သတ္တုတွင်းဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရများ မည်သည့် အစုအဖွဲ့က တာဝန်ယူ ဆောင်ရွက်ရမည်ကို အစိုးရက ရှင်းလင်းရန် လိုသည်။ တာဝန်ရှိသည့် အစုအဖွဲ့သည် ၎င်းတို့ တာဝန်များကို ထမ်းဆောင်နိုင်ရန် လုံလောက်သည့် အရင်းအမြစ်များ ပံ့ပိုးပေးရမည်။[၈၆] နေရာတစ်ခုတည်းတွင် အသေးစားနှင့် လက်လုပ်လက်စား လုပ်ငန်းများ စုပြုံ ချထားခြင်းကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုး သက်ရောက်မှု အဝဝကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် သတိထားရမည်။ ခွင့်ပြုမိန့် မည်မျှ ချပေးမည်၊ မတို့မထိပဲ သဘာဝအတိုင်း ထားရမည့် နေရာတို့ကို သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဆန်းစစ်မှု ပြုလုပ်ကာ ဆုံးဖြတ်ချက် ချရမည် ဖြစ်သည်။ ခရိုင်တစ်ခုအတွင်း ချထားပေးနိုင်သည့် လက်လုပ်လက်စား နှင့် အသေးစား ထုတ်လုပ်မှု လုပ်ကွက် ကေပေါင်း သတ်မှတ်ချက်၊ ခွင့်ပြုမိန့် အရေအတွက်တို့ကို ဥပဒေတွင် ကန့်သတ် ဖော်ပြထားသည်။[၈၇]

၈၃ Government of Mongolia Ministry of Mining, Swiss Agency for Development and Cooperation and the Asia Foundation. *Frugal Rehabilitation Methodology: Field Handbook* (2016).

၈၄ Mutagwaba et al., *Artisanal and Small-Scale Mining in Tanzania,* 62-63

၈၅ “Lonkin / Hpakant: Environmental management plan for gems tract,” Valentis Resources, accessed 21 May 2019. www.valentisresources.com/case-studies/lonkin-hpakant.

၈၆ Sahla, Bauer and Kirk, *Natural Resource Federalism,* 45.

၈၇ United Nations Industrial Development Organization, *Follow the Money,* 78.

## ၃.၂။ ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များ သိမ်းဆည်း၊ စီမံမည့် စနစ်များကို လက်တွေ့ အကောင်အထည်ဖော်ပါ။

လုပ်ငန်းစဉ်များ တသမတ်တည်း ဖြစ်စေရန်၊ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို စနစ်တကျ သိမ်းဆည်း၊ စီမံရန် လိုအပ်သည်။ ဆောင်ရွက်နိုင်သည့် နည်း ၂ နည်းရှိသည်။ စာရင်းစာအုပ် အသုံးပြုခြင်းနှင့် ဒစ်ဂျစ်တယ်နည်းဖြင့် သိမ်းဆည်းခြင်း ဖြစ်သည်။ စာရင်းစာအုပ်၏ အဓိကရည်ရွယ်ချက်မှာ လက်ခံရသည့် လျှောက်လွှာများကို အစဉ်လိုက် ထည့်သွင်း မှတ်တမ်းတင်ရန် ဖြစ်သည်။ သုံးသပ်မှု ပြုလုပ်သည့်အခါတွင် အစဉ်လိုက် ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ နေရာတစ်ခုတည်းကို လျှောက်ထားသူ အများအပြား ရှိသောကြောင့် ပြဿနာ တက်နေသည့် အခြေအနေမျိုးအတွက် အရေးပါသည်။ မြန်မာနိုင်ငံ နိုင်ငံအဆင့် ဓါတ်သတ္တု လိုင်စင် မှတ်ပုံတင် မြေပုံစနစ် ဖော်ထုတ်နေမှု ဆိုင်းငံ့ထားသည့် အချိန်တွင် ခွင့်ပြုမိန့် အချက်အလက်များအတွက်၊ ခွင့်ပြုမိန့်များ စောင့်ကြည့်ရေးအတွက် အဓိကကျသည့် ဒစ်ဂျစ်တယ် အရင်းအမြစ်အဖြစ်နှင့် ခွင့်ပြုမိန့်စာရင်း အချက်အလက် မှတ်တမ်း (spreadsheets) ကို အသုံးပြုသင့်သည်။

ပြည်နယ်/တိုင်းဒေသကြီးအနေဖြင့် စာရင်းစာအုပ် ၁ အုပ်တည်းကိုသာ အသုံးပြုပြီး ခွင့်ပြုမိန့်လျှောက်လွှာများကို သီးသန့် မှတ်တမ်းတင်သင့်သည်။ ခွင့်ပြုမိန့်များကို မှတ်တမ်းတင်ရန်[၈၈] စာရင်းတစ်ခု ပြုလုပ်သင့်သည်။ အချက်အလက်များကို စနစ်တကျ စီမံနိုင်မည်ဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီး အာဏာပိုင်များအနေဖြင့်လည်း လုပ်ကွက်ထပ်နေမှု ရှိမရှိကို ပို၍လွယ်ကူစွာ စစ်ဆေးနိုင်မည်ဖြစ်သည်။

လေ့လာမှု ပြုလုပ်ခဲ့သည့် ပြည်နယ်/တိုင်းဒေသကြီးများသည် စာရင်းစာအုပ်နှင့် ခွင့်ပြုမိန့် မှတ်တမ်းများကို အသုံးပြုနေကြပြီ ဖြစ်သည်။ သို့သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အနေဖြင့် ၎င်းတို့ ကျင့်သုံးနေသည့် နည်းလမ်းများသည် အလေ့အထကောင်းများနှင့် ကိုက်ညီမှု ရှိစေရန်အတွက် နည်းလမ်းများကို ပြန်လည်သုံးသပ်ရန် လိုအပ်သည်။ စာရင်းစာအုပ်နှင့် ခွင့်ပြုမိန့် မှတ်တမ်းအတွက် နမူနာပုံစံကို နောက်ဆက်တွဲ ၂ နှင့် ၃ တွင် ဖော်ပြထားပါသည်။

### စာရင်းစာအုပ်တွင် လျှောက်လွှာစာရင်းကို အမြဲ ရေးသွင်းပါ။

ခွင့်ပြုမိန့် ချပေးခြင်းဆိုင်ရာ အရာရှိများသည် လျှောက်လွှာလက်ခံရသည်နှင့် တပြိုင်နက် လျှောက်လွှာများကို စာရင်းသွင်းရမည်။ လျှောက်လွှာများကို မှန်မှန်ကန်ကန် အချိန်မဆိုင်းပဲ စာရင်းသွင်းခြင်းသည် ဦးရာလူစနစ်အတွက် မရှိမဖြစ် လိုအပ်သည်။ နေရာတစ်ခုတည်းအတွက် လျှောက်ထားသူ ၂ ဦးရှိပါက စာရင်းစာအုပ် ကြည့်ပြီး ဖြေရှင်းရမည် ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ရုံးများသည် ပြည်ထောင်စုအဆင့် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ဖြန့်ဝေထားသည့် စာရင်းစာအုပ်ကို အသုံးပြုသည်။ သို့သော်လည်း အာဏာပိုင်များ အသုံးပြုနေသည့် အချက်အလက် မှတ်တမ်းတင်မှု ပုံစံသည် အလေ့အကျင့်ကောင်း စံနှုန်းများနှင့် ကိုက်ညီခြင်းတော့ မရှိပါ။

အာဏာပိုင်များအနေဖြင့် –

- *လျှောက်လွှာ လက်ခံရသည်နှင့်တပြိုင်နက် စာရင်းသွင်းရန်* – လျှောက်လွှာများကို လက်ခံရရှိသည့် အစဉ်အလိုက် ဦးစားပေးကာ ဆောင်ရွက်သွားရန်အတွက် ယခုအချက်သည် အရေးပါသည်။ လျှောက်လွှာလက်ခံသည့် အဖွဲ့သည် စာရင်းစာအုပ်တွင် ရေးသွင်းခြင်းကိုလည်း ဆောင်ရွက်ရမည်။ လက်ရှိတွင် ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးသည် လျှောက်လွှာလက်ခံပြီး၊ ပြည်နယ်/တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနသည် စာရင်းစာအုပ်တွင် စာရင်းသွင်းခြင်း ပြုလုပ်သည်။ လျှောက်လွှာများကို သတ်မှတ်ကာလအလိုက် အသုတ်လိုက် စိစစ်သည်။ အသုတ်လိုက် စိစစ်ခြင်းသည် ဦးရာလူစနစ် ကျင့်သုံးခြင်းကို အနှောင့်အယှက် ဖြစ်စေနိုင်သည်။

၈၈ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် သက်တမ်းတိုး လျှောက်လွှာများအတွက် သီးသန့် စာရင်းစာအုပ်ဖြင့် မှတ်သားနိုင်သည်။ ယင်းစာရင်းစာအုပ်ကို ခွင့်ပြုမိန့် လျှောက်လွှာများ မှတ်တမ်းတင်ရန် အတွက်သာ ဖြစ်ပြီး အခြား ဌာနဆိုင်ရာ အကြောင်းအရာများ ထည့်သွင်းရေးသားခြင်း မပြုလုပ်ရန် အရေးကြီးသည်။

- *လျှောက်လွှာတစ်ခုခြင်းစီကို အမှတ်စဉ် သို့မဟုတ် ခွင့်ပြုမိန့် အမှတ်စဉ် သတ်မှတ်ပါ* – အလျင်ရောက်သည့် လျှောက်လွှာများကို ဦးစားပေးနိုင်ရန်အတွက် လျှောက်လွှာတစ်ခုခြင်းစီကို အစဉ်လိုက် မှတ်တမ်းတင်နိုင်ရန်အတွက် အမှတ်စဉ် ပေးခြင်းဖြင့် ဆောင်ရွက်နိုင်သည်။

- *လျှောက်လွှာ လက်ခံရရှိသည့် အချိန် အတိအကျကို မှတ်တမ်းတင်ပါ* – လျှောက်လွှာ လက်ခံရရှိသည့် နေ့ရက်၊ နာရီ၊ မိနစ် အတိအကျ မှတ်တမ်းတင်ရမည်။ လုပ်ကွက်တစ်ခုတည်းအတွက် တစ်နေ့တည်းတွင် လက်ခံရရှိသည့် လျှောက်လွှာ ၂ စောင်အတွက် နေ့ရက်တစ်ခုတည်း မှတ်တမ်းတင်ရုံဖြင့် လုံလောက်မည်မဟုတ်ပါ။ စာတိုက်မှ ပေးပို့ခြင်းကို လက်ခံသည့် ပြည်နယ်/တိုင်းဒေသကြီးများသည် လျှောက်လွှာများကို ရီဂျစ်စတာဖြင့် ပေးပို့စေရန် သတ်မှတ်ပြီး စာတိုက်အမှတ်ကို လျှောက်လွှာလက်ခံသည့် နေ့စွဲအဖြစ် အသုံးပြုနိုင်သည်။ ယေဘုယျအားဖြင့် ဆိုရလျှင် စာတိုက်မှ လျှောက်ထားခြင်းကို ခွင့်မပြုသင့်ပါ။

- *လျှောက်လွှာတိုင်းတွင် လက်မှတ်ထိုး မှတ်တမ်းတင်ပါ* – စာအဝင်အထွက်နှင့် ပတ်သက်ပြီး လီဆည်ခြင်းများကို ရှောင်ရှားနိုင်ရန်အတွက် လျှောက်ထားသူရော၊ လက်ခံသည့်အရာရှိပါ လက်ခံရရှိကြောင်း လက်မှတ်ထိုးရန် အရေးကြီးသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် စာတိုက်မှ ပေးပို့လျှောက်ထားခြင်းကို ရှောင်ရှားလိုသည့် အကြောင်းပြချက် နောက်တစ်ခုဖြစ်သည်။

- *စာရင်းပိတ်ခြင်းကို နေ့စဉ် ဆောင်ရွက်ပါ* – လျှောက်လွှာ လက်ခံခြင်းကို ကြီးကြပ်သူသည် စာရင်းပိတ်ခြင်းကို ဆောင်ရွက်ရန် လိုသည်။ တစ်နေ့တာအတွက် နောက်ဆုံး လက်ခံရရှိခဲ့သည့် လျှောက်လွှာအောက်တွင် လက်မှတ်ထိုး၊ နောက်ထပ် လျှောက်လွှာလက်ခံခြင်း မရှိတော့ကြောင်း ရေးသားထားရမည်။ လျှောက်လွှာများ ဆက်လက် လက်ခံခြင်း သို့မဟုတ် စာဝင်အမှတ်နှင့် ပတ်သက်ပြီး ပြင်ဆင်ခြင်းများကို ရှောင်ရှားနိုင်ရန်အတွက် လက်မှတ်ထိုး စာရင်းပိတ်ခြင်းကို ဆောင်ရွက်ရန် အရေးကြီးသည်။

- *စာရင်းစာအုပ်ကို အများပြည်သူ ကြည့်ရှုခွင့် ပြုပါ* – စာရင်းစာအုပ်သည် ပွင့်လင်းမြင်သာမှုအတွက် အရေးပါသည် ဖြစ်သောကြောင့် အများပြည်သူ ကြည့်နိုင်ရန် ခွင့်ပြုသင့်သည်။ (အခန်း ၃.၃ ကို ကြည့်ပါ)

## ခွင့်ပြုမိန့် မှတ်တမ်းစာရင်း (spreadshttets) ကို နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် သတ်မှတ်ထားချက်နှင့် ကိုက်ညီမှု ရှိစေရန် ဆောင်ရွက်ခြင်း

သတ္တုတူးဖော်မှု ကဏ္ဍကို ထိရောက်စွာ စီမံနိုင်ရန်အတွက် အချိန်နှင့်တပြေးညီ အချက်အလက်များကို ဒစ်ဂျစ်တယ် စနစ်ဖြင့် စုစည်းထားသည့် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက် (digital permit database) စနစ်သည် အရေးပါသည်။ ခွင့်ပြုမိန့်များ ထပ်နေခြင်း၊ သက်တမ်းလွန် ခွင့်ပြုမိန့်များကို စောင့်ကြည့်ရန်၊ ပေးသွင်းမှုများ ပြုလုပ်မှု ရှိမရှိ၊ အစီရင်ခံစာ တင်ပြမှု ရှိမရှိ အစရှိသဖြင့် လုပ်ငန်းစိစစ်ရာတွင် database ကို အဓိကထား အသုံးပြုနိုင်သည်။ အနာဂတ်တွင် နိုင်ငံအဆင့် ဓါတ်သတ္တု လိုင်စင် မှတ်ပုံတင် မြေပုံစနစ်ကို ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များ စီမံရာတွင် အသုံးချနိုင်မည်ဖြစ်သည်။ အကွက် ၇ ကိုကြည့်ပါ။ သို့သော်လည်း ပြည်နယ်/တိုင်းဒေသကြီး အားလုံးတွင် အကောင်အထည်ဖော်နိုင်ရန်မှာ နှစ်ပေါင်းများစွာ စောင့်ရမည်ဖြစ်သည်။

*လုပ်ကွက်များ ထပ်နေခြင်း ရှိမရှိ၊ သက်တမ်းလွန် ခွင့်ပြုမိန့်များကို စောင့်ကြည့်ရန်၊ ပေးသွင်းမှုများ ပြုလုပ်မှု ရှိမရှိ၊ အစီရင်ခံစာ တင်ပြမှု ရှိမရှိ အစရှိသဖြင့် လုပ်ငန်းစိစစ်ရာတွင် အီလက်ထရောနစ် စနစ်သုံး မှတ်တမ်းကို အသုံးပြုနိုင်သည်*

လက်ရှိအချိန်တွင် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များ သိမ်းဆည်းရန်အတွက် အသုံးပြုသည့်မှတ်တမ်းစာရင်းကို ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိစေရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှ ပြုလုပ်ထားရန် လိုသည်။[၁၉] ရေတို အကျိုးအမြတ်အနေဖြင့် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များ စီမံရာတွင် စနစ်တကျ ဖြစ်စေရန် အထောက်အကူ ဖြစ်စေနိုင်သကဲ့သို့ ရေရှည်တွင် နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်သို့ ပြည်နယ်/တိုင်းဒေသကြီးများမှ ခွင့်ပြုမိန့်ဆိုင်ရာ ကိစ္စများ ထည့်သွင်းပေါင်းစပ်ခြင်းကို ချောမွေ့စေနိုင်သည်။ လုပ်ကွက် မှတ်တမ်းတင်ရာတွင် တာဝန်ရှိသူများ လက်ရေးဖြင့် ရေးသွင်းမည့်အစား ခလုတ်နှိပ်ကာ ရွေးချယ်နိုင်ရန် စီစဉ်ထားသင့်သည်။

၁၉ Extractive Industries Transparency Initiative, *Guidance Note 3: License Registers* (2016), eiti.org/ sites/ default/files/documents/guidance-note-3-license-registers-en_2016.pdf.

ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မှတ်တမ်းစာရင်းတွင် မမှန်မကန်ဖြစ်ခြင်း၊ ရှေ့နောက်မညီခြင်း ကဲ့သို့သော လူလုပ် အမှားများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

လိုက်ဖက်ညီအောင် ဆောင်ရွက်ရာတွင် ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ကွက် တည်နေရာ မှတ်တမ်းတင်ရာတွင် အသုံးပြုသည့် စနစ်သည်လည်း အရေးကြီးသည်။ နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်နှင့် လိုက်ဖက်ညီစေရန် ပြည်နယ်/တိုင်းဒေသကြီးများသည် ကိုသြဒိနိတ်များ မှတ်တမ်းတင်ရာတွင် Myanmar 2000 UTM [၉၀] မြေပုံကို အသုံးပြုသင့်သည်။ ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်နှင့် လိုက်ဖက်ညီအောင် ဆောင်ရွက်ထားခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီးများသည် လုပ်ကွက် ထပ်မထပ် စစ်ဆေးခြင်း လုပ်ငန်းစဉ်ကို အလျင်အမြန် ပြီးစီးအောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ဂါနာနိုင်ငံတွင် ကွန်ပျူတာစနစ်ဖြင့် လည်ပတ်သည့် မှတ်ပုံတင်စနစ် အသုံးပြုခြင်းကြောင့် စာရွက်စာတမ်းများပေါ်တွင် မှီခိုနေရမှုကို လျှော့ချပြီး လုပ်ကွက်ထပ်မထပ် စစ်ဆေးရာတွင် ပေါ်ပေါက်လေ့ရှိသည့် အမှားများကို ရှောင်ရှားနိုင်ခဲ့သည်။[၉၁] အနာဂတ်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချပေးသည့် လုပ်ငန်းစဉ်အားလုံး စနစ်တစ်ခုတည်းအနေဖြင့် ပေါင်းစည်းနိုင်ရန် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်ဖြင့် ဆောင်ရွက်နိုင်သည်။ လိုက်ဖက်ညီအောင် ဆောင်ရွက်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် လုပ်ငန်းစဉ် လျှင်မြန်စေရန် အထောက်အကူ ပြုသည်။

### အကွက် ၇။ မြန်မာနိုင်ငံ ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်

ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် (mining cadaster) စနစ်ဖြင့် နိုင်ငံတွင်းရှိ သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်များကို စာရင်းသွင်း မှတ်တမ်းတင်သည်။ ပုံမှန်အားဖြင့် ခွင့်ပြုမိန့် ရရှိသူ၊ ခွင့်ပြုကာလ နှင့် တည်နေရာ ပါဝင်သည်။ ခွင့်ပြုမိန့်စာရင်း သို့မဟုတ် တူးဖော်မှုများ ရှိသည့်နေရာကို ညွှန်းရန်အတွက်သာဖြစ်သော်လည်း သတ္တုတူးဖော်ခွင့် အရေးများနှင့်ပတ်သက်ပြီး စီမံသည့် ဌာနများကလည်း အသုံးပြုလာကြသည်။[၉၂]

လက်ရှိတွင် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် မရှိပါ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်မှ ဦးစီးဌာန အများအပြားနှင့် နိုင်ငံတော်ပိုင် လုပ်ငန်းများက ခွင့်ပြုမိန့် ချပေးနိုင်ကြသည်။ ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို တစ်နေရာတည်းတွင် စနစ်တစ်ခုတည်းဖြင့် စုစည်းထားခြင်း မရှိပါ။ ထို့ကြောင့် ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်ကို နှေးကွေးစေသည်၊ မရှင်းမလင်း ဖြစ်စေသည်။ မှတ်ပုံတင်စနစ် မရှိခြင်းသည် အစိုးရ တာဝန်ရှိသူများအတွက် ဝန်ထုတ်ဝန်ပိုး ဖြစ်ပြီး၊ အဂတိလိုက်စားမှုကိုလည်း မြင့်တက်စေသည်။[၉၃]

ယင်းအခက်အခဲများကို ဖြေရှင်းရန်အတွက် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် သတ္တုများ၊ ကျောက်မျက်များ တူးဖော်ခွင့် ခွင့်ပြုမိန့်များ အားလုံးကို စီမံနိုင်ရန် စနစ်တစ်ခုကို Myanmar EITI ထောက်ပံ့မှုဖြင့် ပြုစုလျက်ရှိသည်။[၉၄] စာတမ်းပြုစုနေစဉ်ကာလတွင် EITI ညွှန့်ပေါင်းအဖွဲ့သည် ၎င်းစနစ် ရေးသားပေးမည့် ပြင်ပ ကျွမ်းကျင်သူကို ရွေးချယ်နေသည်။ စီမံကိန်းသည် အစပိုင်း အဆင့်တွင်သာ ရှိနေဆဲ ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဓါတ်သတ္တု လိုင်စင် မှတ်ပုံတင် မြေပုံစနစ်သည် မည်သည့်ပုံစံဖြင့် ထွက်ပေါ်လာမည်ကို ပြောရန် ခက်နေသည့်အခြေအနေ ဖြစ်သည်။ မူအရ ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံသည် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတွင်းမှ လွတ်လပ်သည့် ဌာနတစ်ခု ဖြစ်သင့်သည်။ သတ္တုနှင့် ကျောက်မျက် တူးဖော်ခွင့် ခွင့်ပြုမိန့် လျှောက်လွှာများကို လက်ခံ၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် စာရင်းသွင်းပြီး သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေအရ သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များဖြင့် သုံးသပ်၍ ရှာဖွေခွင့် သို့မဟုတ် ထုတ်လုပ်ခွင့် ခွင့်ပြုမိန့် ချပေးသည်

၉၀ အမျိုးသားအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်နှင့်ပတ်သက်ပြီး အကြံပြုချက် အသေးစိတ်ကို *Ortega, Myanmar Cadastre Conceptual Design.* တွင် လေ့လာနိုင်ပါသည်။

၉၁ IGF, *Global Trends,* 54.

၉၂ Ortega Girones, Pugachevsky and Walser, *Mineral Rights Cadastre,* 4-5.

၉၃ Sebastian Sahla, "Modernizing Permitting to Drive Development of Myanmar's Mining Sector," Global New Light of Myanmar, 14 December 2018. www.globalnewlightofmyanmar.com/modernizing-permitting- to-drive-development-of-myanmars-mining-sector/.

၉၄ Ibid.

သို့မဟုတ် ပယ်ချသည်။ တူးဖော်ခွင့်လုပ်ကွက် အားလုံး၏ မြေပုံများကို အများပြည်သူ လေ့လာနိုင်ရန် အွန်လိုင်းတွင် တင်ပြထားသင့်သည်။

## ၃.၃။ ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များ ဆောင်ရွက်ပါ။

ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အဂတိလိုက်စားမှုနှင့် မှားယွင်းစီမံမှုများကို မြင့်တက်လာစေနိုင်သည်။ ထိုသို့ မဖြစ်စေရန် ပွင့်လင်းမြင်သာမှု လုပ်ငန်းစဉ်များဖြင့် ထိန်းကျောင်းနိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်များတွင် အများပြည်သူ ပါဝင်စောင့်ကြည့်ခြင်းကို ဆောင်ရွက်ပေးသင့်သည်။ ပွင့်လင်းမြင်သာမှုသည် အစိုးရ၊ အရပ်ဘက် လူ့အဖွဲ့အစည်းအတွက် သာမကပဲ လျှောက်လွှာရှင်များကြား တန်းတူရေတူ ဖြစ်စေသောကြောင့် အားကောင်းသည့် စီးပွားရေး အဝန်းအဝိုင်းကိုလည်း ဖြစ်ပေါ်စေသည်။[၉၅]

### ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အခြား အရေးပါသည့် စာရွက်စာတမ်းများကို အများပြည်သူ လေ့လာနိုင်ရန် ထုတ်ပြန်ပါ။

ခွင့်ပြုမိန့်ချပေးသည့် လုပ်ငန်းစဉ် လည်ပတ်ပုံကို အများပြည်သူ ပို၍ နားလည်လာရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် ဆောင်ရွက်သင့်သည်။ ခွင့်ပြုမိန့် ချထားပေးခြင်းနှင့် ဆိုင်သည့် ပြည်နယ်/တိုင်းဒေသကြီးမှ ထုတ်ပြန်သည့် ဥပဒေများ၊ ပြည်ထောင်စု အဆင့်မှ ထုတ်ပြန်သည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ပြန်ချက်များ အားလုံးကို အများပြည်သူ လေ့လာနိုင်ရန် ထုတ်ပြန်ပေးရမည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အခန်း ၃.၁ တွင် ဖော်ပြထားသည့် အကြောင်းအရာ အသေးစိတ်ကိုလည်း ထုတ်ပြန်ပေးရမည်။ ဆိုလိုသည်မှာ ခွင့်ပြုမိန့် ချထားပေးခြင်း လုပ်ငန်းလည်ပတ်ပုံ၊ သုံးသပ်ရာတွင် အသုံးပြုသည့် စံနှုန်းများ၊ ဌာနအလိုက် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ သုံးသပ်မှု အချိန်ကာလ သတ်မှတ်ချက်၊ လျှောက်လွှာ ပုံစံ၊ ခွင့်ပြုမိန့် ပုံစံ၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် တည်နေရာပြ မြေပုံများကို ထုတ်ပြန်ပေးရမည်။

အနိမ့်ဆုံးအနေနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ထုတ်ပြန်ထားပြီးဖြစ်သော အများပြည်သူဆိုင်ရာ စာရွက်စာတမ်းများကို အပြည့်အစုံဖော်ပြသင့်သည်။ အတိုချုပ် ဖော်ပြချက်များ၊ အချက်အလက်ဇယား သို့မဟုတ် အချက်အလက် သရုပ်ဖော် ကားချပ်များ ပုံနှိပ်ထုတ်ဝေခြင်းဖြင့် အများပြည်သူ နားလည်မှု အားကောင်းလာစေရန် ဆောင်ရွက်သင့်သည်။ ဆီရီယာလီယွန်၊ မွန်ဂိုလီးယားနိုင်ငံများမှ လက်လုပ်လက်စား ခွင့်ပြုမိန့်ချထားပေးခြင်း လမ်းညွှန်ချက်များတွင် ယင်းကဲ့သို့သော အတိုချုပ် ဖော်ပြချက်များ နမူနာပုံစံကို ဖော်ပြထားသည်။[၉၆]

ဖော်ပြခဲ့ပါ စာရွက်စာတမ်းများ အားလုံးကို ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်အဆင့် အစိုးရရုံးများတွင် အလွယ်တကူ ရရှိနိုင်အောင် ဆောင်ရွက်ထားပေးသင့်သည်။ အွန်လိုင်းပေါ်တွင်လည်း ရယူနိုင်အောင် ပြုလုပ်ထားပေးသင့်သည်။ ကိုယ်ပိုင် ဝက်ဘ်ဆိုက်ရှိသည့် ပြည်နယ်။ တိုင်းဒေသကြီး အစိုးရများအနေဖြင့် ဝက်ဘ်ဆိုက်များတွင် ယင်းစာရွက်စာတမ်းများကို ထုတ်ပြန်နိုင်သည်။ facebook စာမျက်နှာဖွင့်၍ သတ္တုတူးဖော်ခြင်းဆိုင်ရာ အချက်အလက်များကို ဝေမျှနိုင်သည်။ (ကချင်ပြည်နယ်အစိုးရသည် အချက်အလက်များ ဖြန့်ဝေရန် facebook စာမျက်နှာ ဖွင့်ထားသည်။)[၉၇] အစိုးရမှ စာရွက်စာတမ်း အမျိုးမျိုးကို တစ်နေရာတည်းတွင် ကြည့်ရှုနိုင်ရန် ထုတ်ပြန်ထားခြင်းနှင့်ပတ်သက်ပြီး ဆီရီယာလီယွန် အမျိုးသား

၉၅ ခွင့်ပြုမိန့်ချပေးသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်သည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ လုပ်ငန်းနှင့်ဆိုင်သည့် အထွေထွေ စဉ်းစားချက်များအကြောင်း အသေးစိတ်ကို Natural Resource Governance Institute နှင့် Open Contracting Partnership တို့ ပူးပေါင်းထုတ်ဝေသည့် *Open Contracting* တွင် လေ့လာနိုင်သည်။

၉၆ Government of Sierra Leone, *Guidelines for Applying for an Artisanal Mining Licence;* Sustainable Artisanal Mining Project, *How to Extract Minerals.*

၉၇ ကချင်ပြည်နယ် အစိုးရရုံး facebook၊ ၂၀၁၉ မေလတွင် ဝင်ရောက်ကြည့်ရှုထားပါသည်။ www.facebook.com/pg/kachinstate.gov.mm/posts.

သတ္တုဌာန၏ ဝက်ဘ်ဆိုက်ကို နမူနာအဖြစ် အတုယူနိုင်သည်။[၉၇] (အဓိကကျသည့် မူဝါဒများနှင့် ဥပဒေများ၊ ခွင့်ပြုမိန့် ချပေးသည့် လုပ်ငန်းအဆင့်ဆင့်၊ လျှောက်လွှာ သတ်မှတ်ချက်များ၊ ဌာနအလိုက် လုပ်ပိုင်ခွင့်နှင့် တာဝန်များ) ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် လုပ်ငန်းစဉ်များ အကြောင်း ရှင်းပြခြင်း၊ စာရွက်စာတမ်းများ ဖြန့်ဝေခြင်းများကို သတ္တုတူးဖော်သည့် နေရာများတွင် ရှင်းလင်း ဖြန့်ဝေနိုင်သည်။

## စာရင်းစာအုပ်နှင့် ခွင့်ပြုမိန့် မြေပုံများကို အများပြည်သူ လေ့လာနိုင်ရန် ဆောင်ရွက်ခြင်း

စာရင်းစာအုပ်နှင့် ခွင့်ပြုမိန့် မြေပုံများကို အများပြည်သူ လေ့လာနိုင်ရန် ဖွင့်ထားပေးခြင်းသည် အဂတိလိုက်စားမှုကို ဖြေရှင်းရာတွင်လည်းကောင်း၊ လျှောက်လွှာများ အားလုံးကို တပြေးညီ သုံးသပ်မှု ဖြစ်ပေါ်စေရန် ဆောင်ရွက်ရာတွင်လည်းကောင်း အရေးပါသည်။ လျှောက်လွှာမတင်မီ မည်သည့်နေရာများ လစ်လပ်သည်ကို လျှောက်လွှာတင်သူများသည် ကြိုတင်ဆန်းစစ်နိုင်မည် ဖြစ်သည်။[၉၈] စာရင်းစာအုပ်၊ ခွင့်ပြုမိန့် မြေပုံများ သိမ်းဆည်းရာ ရုံးများသို့ အများပြည်သူမှ ဝင်ရောက်လေ့လာနိုင်ရမည် ဖြစ်ပြီး၊ အစိုးရ တာဝန်ရှိသူများ ကြီးကြပ်မှုအောက်တွင် သုံးသပ်ခွင့်ကို တောင်းဆိုနိုင်ရမည်။

## ခွင့်ပြုမိန့် စာရင်းမှတ်တမ်း အနှစ်ချုပ်ကို ပုံမှန် ထုတ်ပြန်ပါ

ခွင့်ပြုမိန့် စာရင်းမှတ်တမ်းမှ အချက်အလက်များကို အများပြည်သူ သိသာနိုင်ရန် ထုတ်ပြန်ပေးခြင်းသည် ခွင့်ပြုမိန့်များ အားလုံး၏ လက်ရှိအခြေအနေကို ဖော်ပြနိုင်သည် ဖြစ်သောကြောင့် အရေးကြီးသည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် ရရှိသူ (သို့မဟုတ် လျှောက်ထားသူ)၊ ခွင့်ပြုမိန့် တည်နေရာ၊ လျှောက်ထားသည့် နေ့စွဲ၊ ခွင့်ပြုသည့် နေ့နှင့် သက်တမ်းကုန်ဆုံးမည့်နေ့၊ ထုတ်လုပ်မည့် ကုန်စည်နှင့်ဆိုင်သည့် အချက်အလက်များကို ထုတ်ပြန်ပေးသင့်သည်။[၁၀၀]

အနာဂတ်တွင် နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်သည် ခွင့်ပြုမိန့်ဆိုင်ရာ အချက်အလက်များကို ပြည်သူများ လေ့လာနိုင်ရန် လမ်းခင်းပေးသည့် လမ်းကြောင်းဖြစ်လာမည်။ မတူညီသည့် ခွင့်ပြုမိန့် အမျိုးအစားများ စုပေါင်းထုတ်ပြန်ထားသည့် အွန်လိုင်းစနစ်တစ်ခု၏ အခြေအနေကို ဆီရီယာလီယွန်၏ အမျိုးသား သတ္တုဌာန ဝက်ဆိုက်သို့ ဝင်ရောက်ကာ နမူနာ ယူနိုင်သည်။[၁၀၁] ပြည်ထောင်စုအစိုးရအနေဖြင့် မှတ်ပုံတင်စနစ်ကို ပြည်နယ်အဆင့်တွင် အကောင်အထည်ဖော်နိုင်ခြင်း မရှိသည့်ကာလတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် စာရင်းမှတ်တမ်းမှ အချက်အလက်များကို ထုတ်နှုတ်ပြီး ပုံမှန် (ဥပမာ လအလိုက်) ထုတ်ပြန်ကာ လက်ရှိ တူးဖော်နေသည့်၊ လျှောက်ထားသည့်၊ သက်တမ်းကုန်နေပြီ ဖြစ်သည့် ခွင့်ပြုမိန့်များ အခြေအနေကို အများပြည်သူ သိစေရန် ဆောင်ရွက်သင့်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရ ဝက်ဘ်ဆိုက် သို့မဟုတ် facebook စာမျက်နှာများတွင် ယင်းအချက်အလက်များကို ထုတ်ပြန်နိုင်သည်။ (ဒစ်ဂျစ်တယ်စနစ်ဖြင့် သုံးသပ်မှုများ ပြုလုပ်နိုင်သည့် ပုံစံဖြင့်) ပြည်နယ်/တိုင်းဒေသကြီး သို့မဟုတ် မြို့နယ်အဆင့် အစိုးရ ရုံးများတွင်လည်း ပုံနှိပ်ထားသည်များ ရယူနိုင်ရန် ဆောင်ရွက်ပေးသင့်သည်။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် သတ္တုတွင်းဦးစီးဌာနတွင် ကွန်ပျူတာစနစ်ဖြင့် အချိန်နှင့်အမျှ ပြောင်းလဲနေသည့် အချက်အလက်များကို အများပြည်သူ ကြည့်ရှုနိုင်ရန်လည်း ဆောင်ရွက်နိုင်သည်။

၉၇ "Useful Resources," Government of Sierra Leone-National Minerals Agency, accessed 28 May 2019. www.nma.gov.sl/home.

၉၈ Girones, Pugachevsky and Walser. *Mineral Rights Cadastre,* 15.

၁၀၀ Extractive Industries Transparency Initiative, *License Registers.*

၁၀၁ "GoSL Online Repository," National Minerals Agency, Sierra Leone, accessed 8 May 2019, sierraleone. revenuedev.org (requires users to complete free registration process).

### အခွန်အခဆိုင်ရာ အချက်အလက်များကို မှတ်တမ်းတင်ခြင်း၊ ထုတ်ပြန်ခြင်း

အခွန်အခဆိုင်ရာ အချက်အလက်များကို စနစ်တကျ မှတ်တမ်းတင်ခြင်း၊ အခွန်အခနှင့်ဆိုင်ပြီး ပွင့်လင်းမြင်သာမှု အားကောင်းလာစေရန် ဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှု လျှော့ချရာတွင် အရေးကြီးသည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုသည် ပြည်သူ့ဘဏ္ဍာစနစ်ကို အကျိုးဖြစ်ထွန်းစေသည်ကို ပြသနိုင်သည်ဖြစ်သောကြောင့် တရားဝင် အတည်ပြုပေးသည့် လုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေသည်။ အနိမ့်ဆုံးအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် ရရှိသူများ ပေးသွင်းသည့် အားလုံးကို မှတ်တမ်းတင်သည့် မှတ်တမ်းစာရင်းကို ပြုစုထားသင့်သည်။ EITI တွင် သတ်မှတ်ထားသည့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု အစီရင်ခံစာ ပြုစုခြင်း လမ်းညွှန်နှင့်အညီ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် စုစုပေါင်း ရရှိသည့် အခွန်အခ ပမာဏကို ခေါင်းစဉ်အလိုက် ခွဲပြီး တစ်နှစ်တစ်ကြိမ် ထုတ်ပြန်သင့်သည်။[၁၀၂]

ခွင့်ပြုမိန့် ရရှိသူ တစ်ဦးချင်းစီအလိုက် ပေးသွင်းမှု ပမာဏကို ပြသသည်အထိ ခေါင်းစဉ်ခွဲလျက် ထုတ်ပြန်မှု ပြုလုပ်ရန် စီစဉ်သင့်သည်။ ဆီရီယာလီယွန်၏ အွန်လိုင်း အချက်အလက် စနစ်တွင် အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့်ရထားသူ တစ်ဦးခြင်း ပေးသွင်းမှုများကို ပြည်သူများက ကြည့်နိုင်ရန် ပြုလုပ်ထားသည်ဖြစ်ရာ နမူနာအဖြစ် ကြည့်ရှုနိုင်သည်။[၁၀၃] ခေတ်မီသည့် အွန်လိုင်းစနစ်များ ပြင်ဆင်နေဆဲကာလတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ဝက်ဘ်ဆိုက် သို့မဟုတ် facebook အသုံးပြုပြီး၊ သို့မဟုတ် MEITI ၏ ပြည်နယ်အဆင့် ယူနစ်များမှတဆင့် အခွန်အခဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်နိုင်သည်။

## ၃.၄။ ပြည်ထောင်စု အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း

သယံဇာတများကို အကျိုးရှိစွာ စီမံရာတွင် အကြီးဆုံး အခက်အခဲမှာ အသေးစားနှင့်  လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့်ကို ပြည်နယ်/တိုင်းဒေသကြီးအဆင့်မှ ချထားပေးပြီး အလတ်စားနှင့် အကြီးစား ထုတ်လုပ်မှု ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရမှ ဆက်လက် တာဝန်ယူနေခြင်းဖြစ်သည်။ အခန်း ၂.၂ တွင် တင်ပြခဲ့သည့်အတိုင်း လုပ်ကွက်ထပ်ခြင်း၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု နှင့် အကြီးစား ရင်းနှီးမြှုပ်နှံသူကြား တင်းမာမှုများကို မြင့်တက်စေသည်။

### အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပရှိ လျှောက်လွှာများ သုံးသပ်ခြင်း မပြုလုပ်မီ ပြည်ထောင်စု အဆင့်မှ အတည်ပြုချက် ရယူပါ။

*နိုင်ငံအဆင့် ဓါတ်သတ္တု မှတ်ပုံတင် မြေပုံစနစ် အဆင်သင့်မဖြစ်ခင် ဇုန်အတွင်းတွင်သာ ခွင့်ပြုမိန့်များ ထုတ်ပေးသင့်ပြီး ဇုန်ပြင်ပ ဖြစ်ပါက ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်း ဆောင်ရွက်သင့်သည်*

ဇုန် ခွဲခြားသတ်မှတ်ခြင်းသည် လုံးဝဥဿုံ ပြည့်စုံသည့် ဖြေရှင်းနည်း (အခန်း ၂.၂ကိုကြည့်ပါ) မဟုတ်သော်လည်း လက်ရှိအချိန်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးကြား ညှိနှိုင်းမှုများ ဖြစ်ပေါ်စေသည့် အကောင်းဆုံးနည်း ဖြစ်နေဆဲဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် မှတ်ပုံတင်စနစ် အကောင်အထည် ဖော်နိုင်မှု မရှိမီ သို့မဟုတ် မတူညီသည့် ခွင့်ပြုမိန့် အမျိုးအစားများနှင့်ပတ်သက်ပြီး ပြည်ထောင်စု အစိုးရနှင့် ညှိနှိုင်း ဆောင်ရွက်နိုင်သည့် နည်းလမ်း မရှိမခြင်း (အခန်း ၄ ကိုကြည့်ပါ) ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အဖြစ် သတ်မှတ်ထားသည့် နေရာများတွင်သာ ခွင့်ပြုမိန့် ချထားခြင်းကို ဆောင်ရွက်ရန်၊ ယင်းဇုန်ပြင်ပသို့ ကျရောက်နေသည့် လျှောက်လွှာများ ရှိလာပါက ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် နီးနီးကပ်ကပ် ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုလိုပါသည်။

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပသို့ ရောက်နေသည့် လျှောက်လွှာ လက်ခံရလျှင်ရခြင်း ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့

၁၀၂ Extractive Industries Transparency Initiative, *Guidance Note 21: Coverage of Artisanal and Small-Scale Mining (ASM) in EITI* (2016), 10. https://eiti.org/sites/default/files/documents/guidance-note-21-asm.pdf.

၁၀၃ "GoSL Online Repository," National Minerals Agency, Sierra Leone, accessed 8 May 2019, sierraleone. revenuedev.org (requires users to complete free registration process).

အကြောင်းကြားသင့်သည်။[၁၀၄] ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့်လည်း ချက်ချင်း ဆောင်ရွက်ပြီး၊ လျှောက်ထားသည့်နေရာတွင် ဆောင်ရွက်နေဆဲ လုပ်ငန်း ရှိမရှိ သို့မဟုတ် လျှောက်ထားမှု ရှိမရှိကို ပြည်နယ်/တိုင်းဒေသကြီးထံသို့ ပြန်လည်အကြောင်း ပြန်ပေးရမည်။ လျှောက်ထားသည့်နေရာသည် လစ်လပ်သည့်နေရာ ဖြစ်ပါက ပြည်နယ်/တိုင်းဒေသကြီးမှ ခွင့်ပြုမိန့် ချထားပေးနိုင်ရန် ခေတ္တဆိုင်းထားပေးရမည်။ ပြည်နယ်/တိုင်းဒေသကြီးသည်လည်း လျှောက် လွှာကို အတည်ပြု သို့မဟုတ် ပယ်ချပြီးလျှင် ပြီးခြင်း ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ပြန်လည် အကြောင်းကြားပေးရမည်။ လျှောက်ထားသည့် နေရာသည် လစ်လပ်သည့်နေရာ မဟုတ်ကြောင်းကို ခွင့်ပြုမိန့် လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်ပြီးနောက်မှ သိရခြင်း မဖြစ်စေရန် အချက်အလက်များကို အချိန်မဆိုင်းပဲ ပေးပို့သင့်သည်။ မွန်ဂိုလီးယားနိုင်ငံတွင် ဒေသန္တရ အစိုးရများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့်များ ချထားပေးခွင့် ရှိသည်ဖြစ်သော်လည်း ဗဟိုအစိုးရ၏ အတည်ပြုမှု လိုအပ်သည်။ ဗဟိုအစိုးရသည် ရုံးဖွင့်ရက် ၁၀ ရက်အတွင်း အကြောင်းပြန်ပေးရသည်။[၁၀၅] အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဇုန် ပြင်ပမှ လျှောက်လွှာများနှင့် ပတ်သက်လာလျှင် အချက်အလက် မျှဝေမှုသည် အရေးကြီးသည်။ ပြည်နယ်/တိုင်း ဒေသကြီးနှင့် ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ သည် ၎င်းတို့ထံ လျှောက်ထားသည်များ အားလုံးနှင့်ပတ်သက်ပြီး အတည်ပြုသည်ဖြစ်စေ၊ ပယ်ချသည် ဖြစ်စေ လျှောက်လွှာဆိုင်ရာ အချက်အလက်များကို ဝေမျှသင့်သည်။

### သတ္တု စမ်းသပ်ရှာဖွေရေး ကုမ္ပဏီများ၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ၊ ပြည်ထောင်စု အဆင့် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်အဖြစ် သတ်မှတ်ရန် သင့်တော်သည့်နေရာ သတ်မှတ်ပါ။

ပြည်နယ်/တိုင်းဒေသကြီးများ အနေဖြင့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် သင့်တော်သည်ဟု အထောက်အထား မရှိသည့် နေရာများကို ဇုန်အသစ်များအဖြစ် သတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရသို့ တောင်းဆိုမှု ပြုလုပ်ရာတွင် ဆင်ဆင်ခြင်ခြင် ဆောင်ရွက်သင့်သည်။ ဇုန် သတ်မှတ်သည့် ဆုံးဖြတ်ချက် ချရာတွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် အလားအလာ ရှိသည်ဟု ညွှန်ပြနေသည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များပေါ်တွင် အခြေခံသင့် သည်။ (အကြီးစား တူးဖော်မှု ပြုလုပ်ရန် ပို၍ သင့်တော်သည့် အကြီးစား သတ္တုသိုက်များနှင့် ထပ်နေ ခြင်း မရှိရန်) သို့မဟုတ်ပါက အကြီးစား ရင်းနှီးမြှုပ်နှံမှုကို ထိခိုက်စေသည့် ကွက်တိကွက်ကျား ဇုန် သတ်မှတ်ခြင်း ဖြစ်ပေါ်စေပြီး၊ တရားဝင် အတည်ပြုမှု လုပ်ငန်းစဉ် ရည်ရွယ်ချက်နှင့် ကွဲလွဲမှုများကို ပေါ်ပေါက်စေနိုင်သည်။

၁၀၄ Ortega, *Myanmar Cadastre Conceptual Design,* 11.

၁၀၅ Sustainable Artisanal Mining Project, *How to Extract,* 3



ကယားပြည်နယ်ရှိ မြေအောက် သံဖြူ မိုင်းတွင်းတစ်ခုမှ လုပ်သားတစ်ဦး
ဓါတ်ပုံ – ယုယုမြင့်သန်း

ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် သတ္တုစမ်းသပ်ရှာဖွေရေး ကုမ္ပဏီများ၊ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ၊ ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ဇုန်ကို ဖော်ထုတ်သင့်သည်။ စမ်းသပ်ရှာဖွေသည့် ကုမ္ပဏီများသည် ပုံမှန်အားဖြင့် ကေကျယ် ခွင့်ပြုမိန့် လျှောက်ထားပြီး၊ ဘူမိဆိုင်ရာ အချက်အလက်များ ရရှိလာသည်နှင့်အမျှ လျှောက်ထားသည့် နေရာများကို အစိုးရထံသို့ ပြန်အပ်ပြီး၊ ရှာဖွေမှု လုပ်ငန်းစဉ် အရွယ်အစားကို လျှော့ချသည်။ ယင်းလုပ်ငန်းစဉ်မှတဆင့် လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် ချထားပေးနိုင်သည့် ဧရိယာ သတ်မှတ်ရာတွင် အသုံးပြုနိုင်သည့် အချက်အလက်များ ရရှိနိုင်သည်။ ရှာဖွေတူးဖော်ရေး ကုမ္ပဏီများအနေဖြင့် ရရှိလာသည့် အချက်အလက်များကို အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ၊ ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံသို့ မဖြစ်မနေ ပေးပို့ကာ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုနေရာ သတ်မှတ်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရမည်။ ကိုလံဘီယာနိုင်ငံရှိ အကြီးစား တူးဖော်မှု ပြုလုပ်ပါက တွက်ခြေ မကိုက်နိုင်ဟု သတ်မှတ်ထားသည့် နေရာတွင် ဒေသခံ အသေးစား ထုတ်လုပ်သူများ တရားဝင် တူးဖော်နိုင်ရန် ကနေဒါ သတ္တုတူးဖော်ရေး ကုမ္ပဏီ Continental Gold က ပံ့ပိုးမှုများ ပြုလုပ်ပေးခဲ့သည်။[၁၀၆]

## အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု နှင့် အကြီးစား ထုတ်လုပ်သည့် ကုမ္ပဏီများကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်တွဲ တူးဖော်မှုများ ပေါ်ပေါက်လာစေရန် နည်းလမ်းများ ဖော်ထုတ်ပါ

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု နှင့် အကြီးစား ထုတ်လုပ်သည့် ကုမ္ပဏီများကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၊ ယှဉ်တွဲ တူးဖော်မှုများ ဖြစ်ပေါ်လာစေရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် ပြည်ထောင်စု အစိုးရနှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်သည်။ နည်းလမ်းတစ်ခုမှာ အကြီးစား ရှာဖွေတူးဖော်ရေး ခွင့်ပြုမိန့်များ နှင့် လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်မှု ထပ်နေခြင်းကို ခွင့်ပြုပေးရန် ဖြစ်သည်။ ယင်းနည်းလမ်းကို အကောင်အထည် ဖော်ရန်မှာ ပြည်ထောင်စုအဆင့် သတ်မှတ်ထားသည့် စည်းကမ်းများကို ပြောင်းလဲရန် လိုသည်။ အခန်း ၄ တွင်ကြည့်ပါ။

၁၀၆ Continental သည် တရားဝင် အသိအမှတ်ပြု လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး တာဝန်သိစွာ ဆောင်ရွက်သော်လည်း အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ၏ အပြောင်းအလဲနှင့်ပတ်သက်ပြီး အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ အသေးစိတ်ကို "Continental Gold Executes Formalization Agreements With Small-Scale Miners at its Buriticá Project, Colombia," Continental Gold, 12 May 2014; Arthur Dhont, "Violent Risks to Colombian Mining Projects," IHS Markit, 24 September 2018, ihsmarkit.com/research-analysis/violent-risks-to- colombian-mining-projects.html. တွင် လေ့လာနိုင်ပါသည်။

နောက်တနည်းအနေဖြင့် အကြီးစား တူးဖော်သည့် ကုမ္ပဏီများသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများကို ဆပ်ကန်ထရိုက် ချထားပေးခွင့်ပြုခြင်း ဖြစ်သည်။ အကြီးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် ရထားသည့် နေရာများတွင် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု နည်းလမ်းဖြင့် ထုတ်ယူမှ သာလျှင် တွက်ခြေကိုက်နိုင်သည့် လုပ်ကွက်များ ပါဝင်လေ့ရှိသည်။ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများသည် ယင်းကဲ့သို့သော နေရာများတွင် တူးဖော်နိုင်ပြီး အကြီးစား တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီနှင့် စီးပွားဖက်အဖြစ် လုပ်ဆောင်နိုင်သည်။ ကွန်ဂိုနိုင်ငံမှ သတ္တုတူးဖော်သည့် ကုမ္ပဏီဖြစ်သော Chemaf သည် တနိုင်တပိုင် တူးဖော်သူ အများအပြားရှိသည့် နေရာတွင် ခွင့်ပြုမိန့် ရယူခဲ့သည်။ တနိုင်တပိုင် တူးဖော်သူများကို မောင်းထုတ်မည့်အစား ဒေသခံ သတ္တုတူးဖော်သည့် သမဝါယမကို ဆပ်ကန်ထရိုက်အဖြစ် ဆောင်ရွက်စေခဲ့သည်။ ၎င်းတို့ လုပ်ကွက်အတွင်း သမဝါယမအဖွဲ့ တူးဖော်နိုင်သည့်နေရာကို ကန့်သတ်ပေးခဲ့သည်။ ယင်း သမဝါယမအဖွဲ့သည်လည်း တူးဖော်ရရှိသည်များကို နိုင်ငံတကာ ဈေးကွက်ပေါက်ဈေးအတိုင်း Chemaf သို့ ရောင်းချခဲ့သည်။[၁၀၇]

## ၃.၅။ တရားဝင် အသိအမှတ်ပြုသည့် လုပ်ငန်းစဉ်ကို ပံ့ပိုးပါ

ပြည်နယ်/တိုင်းဒေသကြီးအဆင့် ခွင့်ပြုမိန့် ချထားပေးရန် မူဘောင်ရှိရုံဖြင့် တနိုင်တပိုင် တူးဖော်သူများကို တရားဝင် အသိအမှတ်ပြု တူးဖော်သူများအဖြစ် ပြောင်းလဲပေးနိုင်မည် မဟုတ်ပါ။ အစိုးရ မူဝါဒတွင် ဖော်ပြထားသည့် ခွင့်ပြုမိန့် ချထားပေးခြင်း၊ သဘာဝ ပတ်ဝန်းကျင် စီမံမှုနှင့် အခွန်အခ ပေးသွင်းမှုများနှင့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ လိုက်နာရမည့် သတ်မှတ်ချက်များသည် မြေပြင် အခြေအနေနှင့် နီးစပ်မှုရှိရန် လိုအပ်သည်။ လက်ရှိ လုပ်ငန်းစဉ်၏ ရှုပ်ထွေးမှု၊ ငွေကုန်ကြေးကျများမှုသည် ဒေသရှိ အဆက်အသွယ်ကောင်းသော လူတစ်စု ကောင်းစားရန်သာ ဖြစ်ပြီး လက်လုပ်လက်စား တူးဖော်သူများ ခွင့်ပြုမိန့် လျှောက်ထားရန် ဆွဲဆောင်နိုင်မှု မရှိပါ။

ပြည်နယ်/တိုင်းဒေသကြီးသည် တရားဝင် အတည်ပြုပေးသည့် လုပ်ငန်းစဉ်ကို တက်ကြွစွာ ဆောင်ရွက်သင့်သည်။ ပြည်နယ်/တိုင်းဒေသကြီး အနေဖြင့် လက်ရှိ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများကို တသမတ်တည်းဖြစ်အောင် စုစည်း၊ တူးဖော်သူများနှင့် နီးနီးစပ်စပ် ညှိနှိုင်းပါက တရားဝင် အတည်ပြုပေးသည့် မဟာဗျူဟာပါ အချက်အချို့ကို ချက်ခြင်းနီးပါး အကောင်အထည်ဖော်နိုင်သည်။ အခြားသော လုပ်ငန်းစဉ်များအတွက်မူ ရေရှည် ကတိကဝတ်ပြု ဆောင်ရွက်ရန်၊ စည်းမျဉ်းမူဘောင်များ အပြောင်းအလဲ ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

*ခွင့်ပြုမိန့် လျှောက်ထားခြင်း လုပ်ငန်းစဉ် ရှုပ်ထွေးခြင်း နှင့် ကုန်ကျစရိတ် မြင့်မားခြင်းသည် ဥပဒေပြင်ပ တူးဖော်လျက် ရှိသူများအတွက် တရားဝင် တူးဖော်မှု ဖြစ်လာအောင် ဆောင်ရွက်ရာတွင် အတားအဆီး ဖြစ်စေပါသည်*

ရေတို ဆောင်ရွက်ချက် အနေဖြင့် –

- *ထိတွေ့မှု ပြုလုပ်၊ အပြန်အလှန် ဆက်ဆံရေး တည်ဆောက်ပါ* – အခန်း ၃.၃ တွင် ဖော်ပြခဲ့သည့် အတိုင်း ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် လမ်းညွှန်မှုဆိုင်ရာ စာရွက်စာတမ်းများနှင့် လျှောက်လွှာပုံစံများ ဖြန့်ဝေရန်အတွက် တူးဖော်သူများနှင့် နီးနီးစပ်စပ် ထိတွေ့မှု ပြုသင့်သည်။
- *လျှောက်လွှာတင်သည့် လုပ်ငန်းစဉ် ကြာချိန်ကို လျှော့ပါ* – ပါဝင်သည့် အစုအဖွဲ့ ဌာနများနှင့် လုပ်ငန်းအဆင့်များကို ပြန်လည်စိစစ် သုံးသပ်ခြင်း၊ လုပ်ငန်းစဉ် တစ်ခုလုံးတွင် ပါဝင်သည့် အဆင့် တစ်ခုခြင်းစီ ပြီးစီးရမည့် အချိန်အတိုင်းအတာ သတ်မှတ်ခြင်းဖြင့် လျှောက်လွှာတင်သည့် လုပ်ငန်းစဉ်ကို စိစစ် ပြုပြင်သင့်သည်။ အခန်း ၃.၁ ကိုကြည့်ပါ။
- *ကုန်ကျစရိတ် လျှော့ချပါ* – ကွင်းဆင်းလေ့လာမှုအတွက် ကုန်ကျစရိတ်ကို လျှောက်ထားသူများက စိုက်ထုတ်ရန် သတ်မှတ်ထားချက်ကို ပယ်ဖျက်ပါ။ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် တူးဖော်သူများ ပေးသွင်းရသည့် ကုန်ကျစရိတ် အဝဝကို ပြန်လည်တွက်ချက် ဆန်းစစ်ရန်လိုသည်။ အထူးသဖြင့် လက်လုပ်လက်စားများ ခွင့်ပြုမိန့်အတွက် ကုန်ကျငွေ အလွန်သက်သာရန် လိုသည်။

၁၀၇ "From ASM to Semi-Mechanised Mining at Mutoshi Cobalt, DRC." Trafigura, accessed 22 May 2019. www.trafigura.com/responsibility/responsibility-performance/2018-responsibility-report/2018-case- studies/from-asm-to-semi-mechanised-mining-at-mutoshi-cobalt-drc.

ရေရှည် ဆောင်ရွက်ရမည့် ကိစ္စများတွင် –

- *လျှောက်လွှာသတ်မှတ်ချက် နှင့် လုပ်ထုံးလုပ်နည်းများကို ရိုးစင်းလွယ်ကူအောင် ဆောင်ရွက်ပါ* – လျှောက်လွှာပါ သတ်မှတ်ချက် အများအပြားသည် လိုက်နာရန် မဖြစ်နိုင်သည့် သတ်မှတ်ချက်များ ဖြစ်သည်။ တရားဝင် အသိအမှတ်ပြုမှု လုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ရန် တွန်းအားမဖြစ်စေပဲ၊ တာဝန်ရှိသူများက ခွင့်ပြုမိန့် အကြောင်းပြ လာဘ်တောင်းရန် အခွင့်အလမ်းများ ဖြစ်ပေါ်စေသည်။ ပြည်နယ်/တိုင်းဒေသကြီးများ၊ ပြည်ထောင်စုအစိုးရ၊ လက်လုပ်လက်စားနှင့် အသေးစား ထုတ်လုပ်သူများသည် မရိုးမသား ဆောင်ရွက်မှုများ အားပေးခြင်း မဟုတ်ပဲ သတ်မှတ်ချက်များ လွယ်ကူရိုးရှင်းအောင် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ဆွေးနွေးမှု ပြုလုပ်သင့်သည်။ ကိုလံဘီယာတွင် အစိုးရ၏ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဆိုင်ရာ မူဝါဒသည် တရားဝင် အတည်ပြုမှု လုပ်ငန်းအဆင့်ဆင့်ပေါ်တွင် အခြေပြုထားသည်။ ပထမဆုံးအနေဖြင့် ဥပဒေ ခွင့်ပြုချက် ရရှိထားရန် လိုအပ်သည်။ ၎င်းစနစ်အရ ခွင့်ပြုမိန့် ရရှိရန် လွယ်ကူသည်ဖြစ်သော်လည်း ပထမအနေဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရမည်၊ ဒုတိယအနေဖြင့် လူမှုရေး၊ အလုပ်သမားရေးဆိုင်ရာ သတ်မှတ်ချက်များ၊ တတိယအနေဖြင့် စီးပွားရေးနှင့် အခွန်အခဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရမည်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့လိုက်ခြင်းဖြင့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ ဥပဒေ အဝန်းအဝိုင်းသို့ ရောက်ရှိလာပြီး၊ ဥပဒေများ အားလုံး လိုက်နာလျက် လုပ်ငန်းဆောင်ရွက်မှုများ ပေါ်ပေါက်စေရန် ညှိနှိုင်းမှုများကို လွယ်ကူစေခဲ့သည်။[၁၀၈] တစ်နေရာတည်းတွင် အားလုံး အဆင်ပြေစေရန် ဆောင်ရွက်ပေးသည့် စနစ်သည် တရားဝင် အသိအမှတ်ပြုသည့် လုပ်ငန်းစဉ် အားကောင်းစေခဲ့သည်။ (ဥပမာ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်ကို သတ္တုတူးဖော်ခွင့်တွင် တစ်ခါတည်း ပေါင်းထည့်ထားခြင်း)

- *လျှောက်လွှာတင်ရန် သွားရသည့် ခရီးအကွာအဝေးကို လျှော့ချပါ* – လျှောက်လွှာတင်ရန်အတွက် ပြည်နယ်/တိုင်းဒေသကြီး မြို့တော်များသို့ သွားရခြင်းသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများအတွက် ကုန်ကျစရိတ် များပြီး အချိန်ကုန်ကြောင်း ဖြေဆိုသူ အများအပြားက ပြောသည်။ ပြည်ထောင်စု အစိုးရအနေဖြင့် မှတ်ပုံတင်စနစ်ကို ပြည်နယ်/တိုင်းဒေသကြီးများသို့ ခွဲ့ထွင်နိုင်သည်ဆိုပါက မြို့နယ်အဆင့် ရုံးများနှင့် နိုင်ငံအဆင့် စနစ်ကို ချိတ်ဆက်ကာ လျှောက်လွှာများကို မြို့နယ်အဆင့်တွင် လက်ခံနိုင်မည်ဖြစ်သည်။

- *စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း* – ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် ခွင့်ပြုမိန့် ရရှိမှု အခြေအနေပေါ် မူတည်ပြီး နည်းပညာပိုင်းဆိုင်ရာ အထောက်အကူများ ပေးနိုင်သည်၊ ဝန်ဆောင်မှုများကို တိုးမြှင့်ပေးနိုင်သည်။[၁၀၉] ပြည်နယ်/တိုင်းဒေသကြီးများ အနေဖြင့် အလှူရှင် သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍမှ အထောက်အပံ့ဖြင့် –
    - အင်ဂျင်နီယာ ဆိုင်ရာနှင့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များ ပေးခြင်း
    - ငွေအရင်းအနှီး ရရှိရန် (ဥပမာ ပုဂ္ဂလိက သို့မဟုတ် အကျိုးအမြတ် မယူသည့် အသေးစား ငွေချေးသူများနှင့် ချိတ်ဆက်ပေးခြင်း)
    - သတ္တုပေါက်ဈေး သိအောင် ဆောင်ရွက်ပေးခြင်း
    - ကျန်းမာရေး၊ လုပ်ငန်းခွင် ဘေးကင်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သင်တန်း
    - လုပ်ငန်းသုံး ကိရိယာများ ရရှိရန်
    - အခြား သက်မွေးမှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်
    - တူးဖော်ပြီးနောက်ပိုင်း ပြန်လည်ထိန်းသိမ်းခြင်း အစီအစဉ်နှင့် အထောက်အပံ့

- *သမဝါယမ အဖွဲ့များ ဖွဲ့စည်းခြင်း* – သမဝါယမ ဖွဲ့စည်းခြင်းဖြင့် တူးဖော်သူများ၏ အရင်းအမြစ်များ တစ်စုတစ်စည်းတည်း ဖြစ်ပြီး အစိုးရအနေဖြင့်လည်း ထိတွေ့ဆောင်ရွက်ခြင်းများကို လွယ်ကူစွာ

၁၀၈ Cristina Echavarria. *What is Legal: Formalizing Artisanal and Small-Scale Mining in Colombia* (IIED, 2014), 48. www.responsiblemines.org/wp-content/uploads/2017/05/What-is-legal-C-Echavarria.pdf.

၁၀၉ တရားဝင် အသိအမှတ်ပြုသည့် လုပ်ငန်းစဉ် အားကောင်းစေရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းများနှင့်ပတ်သက်ပြီး ပို၍ကျယ်ပြန့်စွာ လေ့လာနိုင်ရန် IGF, *Global Trends,* 53-62. ကိုကြည့်ပါ။

ဆောင်ရွက်နိုင်မည် ဖြစ်သည်။ မွန်ဂိုလီးယားနိုင်ငံတွင် အစိုးရ၏ တရားဝင် အသိအမှတ်ပြုခြင်း မဟာဗျူဟာတွင် သမဝါယမ အဖွဲ့များသည် အဓိကမဏ္ဍိုင်များ ဖြစ်သည်။ ယခုနည်းလမ်းသည် တူးဖော်သူ တစ်ဦးခြင်းစီသို့ ကျရောက်သည့် ဥပဒေဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများကို လျှော့ကျစေသည်။ သမဝါယမအဖွဲ့ အကြီးအကဲသည် ခွင့်ပြုမိန့် ချထားခြင်းနှင့် အခွန်အခများကို တာဝန်ယူရသည်။ မွန်ဂိုလီယားနိုင်ငံရှိ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု လုပ်သားအင်အားစု ၁၀ ရာခိုင်နှုန်းခန့်သည် ဥပဒေအရ အသိအမှတ် ပြုထားသည့် သမဝါယမ လုပ်ငန်းများအတွင်းမှ လည်ပတ်နေခြင်း ဖြစ်သည်။[၁၁၀] ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အကျိုးဆက်များကို သတိထားရန် လိုအပ်သည်။ ခွင့်ပြုမိန့် လက်ဝယ်ထားသည့် ခေါင်းဆောင်ပိုင်းနှင့် တူးဖော်သူများကြား အာဏာ မညီမျှမှုများကို ဖြစ်စေနိုင်သည်။ သမဝါယမ အဖွဲ့ကို ဒုစရိုက်ဂိုဏ်းများက ထိန်းချုပ်နေသည့် အနေအထားမျိုးလည်း ပေါ်ပေါက်လာနိုင်သည်။[၁၁၁/၁၁၂]

၁၁၀ Singo and Seguin, *Formalization and Due Diligence,* 16-18.

၁၁၁ International Conference on the Great Lakes Region (ICGLR), *Pilot Study: Advancing Transparency in Artisanal and Small-Scale Mining and Mineral Supply Chains in the Great Lakes Region (2015),* 20. icglr- rinr.org/images/resources/reports/ICGLR-Report-EITI--et-ASM-EN.pdf, 20.

၁၁၂ Verite, *The Nexus of Illegal Gold Mining and Human Trafficking in Global Supply Chains: Lessons from Latin America (2016),* https://www.verite.org/wp-content/uploads/2016/11/Verite-Report-Illegal_Gold_ Mining-2.pdf

# အခန်း ၄။ ။ ပြုပြင်ပြောင်းလဲမှုအတွက် အလေးအနက်ထား စဉ်းစားရမည့် ကိစ္စများ

ယခုစာတမ်း ပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို ဗဟိုချုပ်ကိုင်မှု လျှော့ချရာတွင် လက်ရှိ ဥပဒေမူဘောင်များ၏ အကန့်အသတ်များ ကြားထဲမှပင် တတ်နိုင်သမျှ ပွင့်လင်းမြင်သာမှု ရှိရန်၊ ကိုက်ညီမှု ရှိရန်အတွက် လက်တွေ့ အသုံးချနိုင်သည့် လမ်းညွှန်ချက်များ ပေးရန် ဖြစ်သည်။ ဖြေရှင်းရန် လိုအပ်သည့် ပို၍လေးနက်သော ကိစ္စများ ရှိသည်။ အများစုကို ဥပဒေမူဘောင် ပြုပြင်ပြောင်းလဲရေးမှတဆင့် ဖြေရှင်းရမည်ဖြစ်သည်။ အလေးအနက်ထား စဉ်းစားရမည့် ကိစ္စများတွင် –

- **အသေးစား နှင့် လက်လုပ်လက်စား ကဏ္ဍ မဟာဗျူဟာ ရေးဆွဲခြင်း** – အသေးစား နှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍ မဟာဗျူဟာ (ပြည်ထောင်စု နှင့်/သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး အဆင့်) ရေးဆွဲထားခြင်းသည် အစိုးရ၏ မူဝါဒများအား ရှုပ်ထွေးလှသည့် ကဏ္ဍ အခြေအနေနှင့် ကိုက်ညီပြီး ရှင်းလင်းသည့် မူဝါဒများ ဖြစ်စေမည်ဖြစ်သည်။ မဟာဗျူဟာ ချမှတ်ခြင်း ဆိုရာတွင် အစိုးရ ရည်မှန်းချက်များကို ပို၍ ရှင်းလင်းစွာ ဖော်ပြခြင်း၊ အခက်အခဲများ ဖော်ထုတ်ခြင်း နှင့် တရားဝင် အသိအမှတ်ပြု လုပ်ငန်းစဉ် အားကောင်းလာစေရန် လုပ်ငန်း အစီအစဉ်များ ပြုစုခြင်း ဖြစ်နိုင်သည်။ မူဝါဒတွင် ကဏ္ဍစုံ စတိတ်ဟိုဒါများ အကြံပြုမှုများပေါ်တွင် အခြေခံသင့်သည်။ IGF အဖွဲ့သည် ယခုကိစ္စနှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များကို ပြုစုထားသည်။[၁၁၃]
- **ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်ကို ပြည်နယ်/တိုင်းဒေသကြီးများသို့ တိုးချဲ့ပါ** – အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု နှင့် အကြီးစား ထုတ်လုပ်မှုကို တူညီသည့် မှတ်ပုံတင်စနစ်တွင် ထည့်သွင်းခြင်းသည် လုပ်ကွက် ထပ်မှုများကို ရှောင်ရှားသွားစေနိုင်သည်။ စောင့်ကြည့်ရေး လုပ်ငန်းများကို အဆင်ပြေစေပြီး၊ ပွင့်လင်းမြင်သာ၍ တသမတ်တည်း ရှိသည့် လုပ်ငန်းစဉ်များကို ဖြစ်ပေါ်စေသည်။[၁၁၄] မြန်မာအစိုးရသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အချိန်အခါပေးလျှင် ချဲ့ထွင် အကောင်အထည်ဖော်ရန် ရည်ရွယ်ထားသည်။ ၎င်းကိစ္စကို ဦးစားပေး ဆောင်ရွက်သင့်သည်။
- **ခွင့်ပြုမိန့်များ ချထားပေးခြင်း နည်းလမ်းများကို ရှင်းလင်းစွာ သတ်မှတ်ခြင်း** – အခန်း ၃.၁ တွင် တင်ပြခဲ့သည့်အတိုင်း ဦးရာလူစနစ် နှင့် တင်ဒါစနစ်ကြား ရွေးချယ်မှုနှင့်ပတ်သက်ပြီး ဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိပါ။ ဦးရာလူ စနစ်နှင့်ပတ်သက်ပြီး ဥပဒေတွင် ရှင်းလင်းစွာ ဖော်ထုတ်ရေးသားရန် အကြံပြုလိုပါသည်။ တစ်ချိန်တည်းတွင် တရားမဝင် တူးဖော်နေသူများ နှင့်/သို့မဟုတ် ဒေသခံများကို အကာအကွယ်ပေးသည့် အချက်များကိုလည်း ထည့်သွင်းပေးရမည်။ လက်လုပ်လက်စားများအား တူးဖော်ခွင့်ပြုသည့် နေရာ အကျယ်အဝန်း၊ ခွင့်ပြုကာလကို တိုးမြှင့်ရန်လည်း စီစဉ်နိုင်သည်။ ခွင့်ပြုမိန့် သက်တမ်းတိုးခြင်းအတွက် ကုန်ကျစရိတ်၊ စံနှုန်းများနှင့် လုပ်ငန်းအဆင့်များကိုလည်း ပို၍ ရှင်းလင်းအောင် ဆောင်ရွက်နိုင်သည်။
- **သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်နှင့် စောင့်ကြည့်မှု လုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း** – သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက် ချပေးသည့် လုပ်ငန်းစဉ်သည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍတွင် ရှိနေသည့် အခက်အခဲများနှင့် လိုက်ဖက်ညီရမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် လုံလောက်သည့် အကာအကွယ် ပေးမှုများ ပါဝင်ရမည်။ ဖြစ်လာနိုင်သည့် နည်းလမ်းတစ်ခုမှာ လျှောက်လွှာ တစ်ခုခြင်းစီအတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း တင်ပြရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပြီး ၎င်းအစား ရိုးရှင်းပြီး တပြေးညီ လိုက်နာရမည့် လုပ်ငန်း လမ်းညွှန်များကို သတ်မှတ်ခြင်း ဖြစ်နိုင်သည်။ လုပ်ငန်း အောင်မြင်ရန်အတွက် ထိရောက်သည့် စောင့်ကြည့်မှုနှင့် ဥပဒေ စည်းကြပ်မှုကို အလေးအနက်ထား ဆောင်ရွက်ရန် လိုသည်။
- **ဘူမိဗေဒဆိုင်ရာ အချက်အလက်များ ပြုစုခြင်း၊ ဝေခြင်း** – ဘူမိဗေဒဆိုင်ရာ အချက်အလက်များ

၁၁၃ Intergovernmental Forum on Mining, Minerals, Metals and Sustainable Development (IGF). *IGF Guidance for Governments: Managing Artisanal and Small-Scale Mining* (IISD, 2017). www.iisd.org/sites/default/ files/publications/igf-guidance-for-governments-asm_0.pdf.

၁၁၄ Ortega Girones, Pugachevsky and Walser, *Mineral Rights Cadastre,* 42.

ခိုင်ခိုင်မာမာ ရရှိထားခြင်းသည် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု၊ အကြီးစား ထုတ်လုပ်မှုများ နေရာချထားရေး ဆုံးဖြတ်ချက်ကို ပို၍ ကောင်းမွန်စေမည်ဖြစ်သည်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် အကြီးစား ရှာဖွေစမ်းသပ်ရန် ခွင့်ပြုချက်များ လျှောက်ထားသည့် လုပ်ငန်းစဉ်ကို ရှင်းလင်းစွာ သတ်မှတ်ရန် လိုသည်။ ကုမ္ပဏီများ ပြန်လည်စွန့်လွှတ်သည့် နေရာများမှ အချက်အလက်များကို သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ပေးပို့ရန် လိုသည်။[၁၁၅]



ကယားပြည်နယ်ရှိ မြေအောက် သံဖြူ မိုင်းတွင်းတစ်ခုမှ လုပ်သားများ
ဓါတ်ပုံ – ယုယုမြင့်သန်း

- **အကြီးစား ရှာဖွေစမ်းသပ်မှု နှင့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုများ ယှဉ်တွဲရပ်တည်နိုင်ရန် ခွင့်ပြုခြင်း** – မတူညီသည့် ခွင့်ပြုမိန့်များကြား ထပ်နေခြင်းကို မြန်မာနိုင်ငံ၏ သတ္တုတွင်းဥပဒေတွင် ခွင့်ပြုထားခြင်း မရှိပါ။[၁၁၆] အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ အကြီးစား ရှာဖွေစမ်းသပ်ရေး ကုမ္ပဏီများ ရရှိထားသည့် လုပ်ကွက်နေရာများတွင် ဝင်ရောက် လုပ်ကိုင်နိုင်မှုကို အတားအဆီး ဖြစ်စေသည်။ တရားဝင် အသိအမှတ်ပြု လုပ်ငန်းစဉ် လမ်းလွှဲသွားစေနိုင်ပြီး ကုမ္ပဏီများနှင့် တင်းမာမှုများကို ဖြစ်စေနိုင်သည်။

  အသေးစား၊ လက်လုပ်လက်စား တူးဖော်သူများ နှင့် အကြီးစား ရှာဖွေစမ်းသပ်ရေး ခွင့်ပြုမိန့်ရထားသူများ တစ်နေရာတည်းတွင် လုပ်ကိုင်နိုင်သည့် နည်းလမ်းများကို ဖော်ထုတ်ထားရမည်။ ထိုသို့ အတူတကွ တူးဖော်နိုင်ရန် ခေတ်မီ၍ အခြေအနေနှင့် ကိုက်ညီသည့် စည်းမျဉ်းများ၊ ဥပဒေစည်းကြပ်မှုများ လိုအပ်သည်။ အထူးသဖြင့် စမ်းသပ်ရှာဖွေမှု အောင်မြင်သည့် အခြေအနေ၊ အကြီးစား ထုတ်လုပ်မှု ကုမ္ပဏီက အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်သူများ ရှိသည့် နေရာတွင် ဝင်ရောက်တူးဖော်လိုသည့် အခြေအနေများတွင် ဖြစ်သည်။[၁၁၇]

၁၁၅ Ortega, *Myanmar Cadastre Conceptual Design,* 89 and 102.

၁၁၆ Republic of the Union of Myanmar, *Mines Rules,* Chapter 8.

၁၁၇ Ortega Girones, Pugachevsky and Walser, *Mineral Rights Cadastre,* 42.; for further considerations in this area see Owen, John, and Deanna Kemp, *A Large-Scale Perspective on Small-Scale Mining* (Centre for Social Responsibility in Mining, Sustainable Minerals Institute, University of Queensland, 2019). www.csrm.uq.edu.au/publications/ a-large-scale-perspective-on-small-scale-mining.

# နိဂုံး

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ကဏ္ဍသည် မြန်မာ့စီးပွားရေးတွင် အဓိက ကျသည့် မဏ္ဍိုင်တစ်ခု ဖြစ်သည်။ နှစ်စဉ် ဒေါ်လာသန်းနှင့်ချီ၍ ဖန်တီးပေးပြီး သန်းပေါင်းများစွာသော ပြည်သူများ ၏ အသက်မွေးဝမ်းကျောင်းအတွက် အားထားရာ ဖြစ်သည်။ အထူးသဖြင့် ကျေးလက်ဒေသတွင် ဖြစ်သည်။ သို့သော်လည်း တရားမဝင် တူးဖော်မှု အများအပြား ဖြစ်ပေါ်နေခြင်းကြောင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများကို ပို၍ ဆိုးရွားစေသည်။

အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍ စီမံမှုတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် စီမံမှုများ တိုးတက်လာစေမည် ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် တရားဝင် လုပ်ကိုင်ခွင့် ရရှိစေရန် ပို၍ လွယ်ကူ လျှင်မြန် ငွေကုန်သက်သာစေပြီး၊ အစိုးရ မူဝါဒများသည် တူးဖော်သူများ၊ အနီးအနားဝန်းကျင်မှ ရပ်ရွာများ လိုလားချက်များနှင့် ပို၍ နီးစပ်စေသောကြောင့် တရားဝင် သတ်မှတ်သည့် လုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်စေကြောင်း နိုင်ငံတကာမှ သာဓကများတွင် တွေ့ရသည်။ သတ္တုတူးဖော်သည့် နေရာနှင့် စောင့်ကြည့်ရေး၊ ဥပဒေ စည်းကြပ်ရေး တာဝန်ရှိသူများ ကွင်းဆင်းရန် ခရီး အကွာအဝေးကို လျှော့ချလိုက်နိုင်သောကြောင့် ကဏ္ဍကြောင့်ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို လျှော့ချရာတွင် အထောက်အကူ ဖြစ်စေခဲ့သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲတွင် အရေးပါသည့် အစိတ်အပိုင်း ဖြစ်သည်။ ပြည်နယ်/တိုင်းဒေသကြီး စတိတ်ဟိုဒါများသို့ လုပ်ပိုင်ခွင့် အာဏာများ လွှဲအပ်ပေးခြင်းသည် ဒီမိုကရေစီ ကူးပြောင်းရေးကို အားကောင်းစေပြီး၊ ဆယ်စုနှစ်ချီ ဖြစ်နေသည့် ပြည်တွင်းပဋိပက္ခ အဆုံးသတ်ရန်လည်း အထောက်အကူ ဖြစ်စေသည်။

သို့သော်လည်း ဆင်ဆင်ခြင်ခြင် စီမံခြင်း မရှိပါက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် ပြည်ထောင်စု အဆင့်တွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ပြည်နယ်များတွင်လည်း အလားတူ ဖြစ်ပေါ်စေကာ၊ ပို၍ ဆိုးရွားစေနိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီးများအနေဖြင့် ခွင့်ပြုမိန့် ချထားခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ စီမံနိုင်ရန် စွမ်းရည်၊ အသိပညာ နှင့် စနစ်များ လိုအပ်သည်။ သို့မဟုတ်ပါက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းသည် အဂတိလိုက်စားမှု နှင့် မှားယွင်းစီမံမှုများကို ပို၍ ဖြစ်ပေါ်စေမည် ဖြစ်သည်။ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် အကာအကွယ် သတ်မှတ်ချက်များ အလုံအလောက် မရှိဘဲနှင့် သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်များ အလုံးအရင်းနှင့် ချထားပေးခြင်းကို ဖြစ်ပေါ်စေပါက ကဏ္ဍကြောင့် ဖြစ်ပေါ်လာသည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လူမှုဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ပြည်နယ်/တိုင်းဒေသကြီး နှင့် ပြည်ထောင်စုကြား စနစ်တကျ ညှိနှိုင်းဆောင်ရွက်မှု မရှိပါက ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကြောင့် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု နှင့် အကြီးစား ရင်းနှီးမြှုပ်နှံသူများကြား တင်းမာမှုများ မြင့်တက်လာနိုင်သည်။

အချို့သော အခက်အခဲများကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ဒေသအဆင့်တွင် အသေးစိတ်ကျ၍ ရေရှည်သဘောဆောင်သည့် ပြုပြင်ပြောင်းလဲမှုများဖြင့် ဖြေရှင်းနိုင်သည်။ ပြည်နယ်/ တိုင်းဒေသကြီး တာဝန်ရှိသူများ အနေဖြင့်လည်း ၎င်းတို့ကို ပေးအပ်လာသည့် တာဝန်သစ်များကို ထိရောက်စွာ၊ ပွင့်လင်းမြင်သာမှု ရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နိုင်သည်များလည်း ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်ကို ရှင်းလင်းစွာ သတ်မှတ်ခြင်း၊ ခွင့်ပြုမိန့် ချထားခြင်းဆိုင်ရာ အချက်အလက်များကို စီမံ၊ သိမ်းဆည်းသည့် စနစ်များ အကောင်အထည်ဖော်ခြင်း၊ ပြည်ထောင်စုအဆင့် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနနှင့် နီးနီးစပ်စပ် ညှိနှိုင်းဆောင်ရွက်ခြင်း၊ တရားဝင် အသိအမှတ်ပြု လုပ်ငန်းစဉ် မဟာဗျူဟာများကို အကောင်အထည်ဖော်ခြင်းများ ပြုလုပ်နိုင်သည်။ ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် လုပ်ထုံးလုပ်နည်းကောင်းများဖြင့် ဆောင်ရွက်ခြင်း ဖြစ်စေရန် စောင့်ကြည့်ရေးလုပ်ငန်း ဆောင်ရွက်သူများ၏ စောင့်ကြည့်မှုသည် အရေးပါသည်။ ယခု အစီရင်ခံစာတွင် ဖော်ပြထားသည့် အကြံပြုချက်များကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့် စောင့်ကြည့်ထိန်းကျောင်းရေး တာဝန်ရှိ သူများ အသေးစိတ် နားလည်စေရန် NRGI မှ ပံ့ပိုးပေးနိုင်ပါသည်။

ကချင်ပြည်နယ်မှ ရွှေတုံး
ဓါတ်ပုံ – မင်းဇေယျာ



# နောက်ဆက်တွဲ ၁။ ။ ပြည်နယ်/တိုင်းဒေသကြီးများတွင် လက်ရှိ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်ပြီး အသေးစိတ် တင်ပြမှု

## ၁.၁။ ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် စိစစ်ရေး ဘုတ်အဖွဲ့များ ဖွဲ့စည်းပုံ

ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် စိစစ်ရေး ဘုတ်အဖွဲ့များ ဖွဲ့စည်းပုံမှာ တစ်ခုနှင့်တစ်ခု တူညီမှုမရှိပါ။ ရှမ်းပြည်နယ်တွင် နေပြည်တော်သို့ အဓိက တာဝန်ခံသည့် လူဝင်မှု ကြီးကြပ်ရေး ဦးစီးဌာနသည်လည်း ဘုတ်အဖွဲ့ဝင် ဖြစ်သည်။[၁၁၈] မန္တလေးတွင် နိုင်ငံတော်ပိုင် သတ္တုတူးဖော်ရေး လုပ်ငန်းဖြစ်သော အမှတ် ၂ သတ္တုတွင်းလုပ်ငန်းသည် အဖွဲ့ဝင် ဖြစ်သည်။[၁၁၉] အမှတ် ၂ သတ္တုတွင်းလုပ်ငန်း နေပြည်တော်သို့လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရသို့လည်းကောင်း အစီရင်ခံသည်။[၁၂၀] ကချင်တွင် ကချင်ပြည်နယ် သတ္တုတူးဖော်ရေး အသင်းဝင်များကို ဘုတ်အဖွဲ့ အစည်းအဝေးများတွင် လုပ်ငန်းရှင် ကိုယ်စားလှယ် အနေဖြင့် ဖိတ်ကြားသည်။ ၎င်းတို့သည် အစိုးရ ရာထူး တစ်စုံတစ်ရာ ရယူထားသူများ မဟုတ်ပါ။[၁၂၁]

ဥက္ကဋ္ဌနေရာ နှင့် အတွင်းရေးမှူး နေရာနှင့်ပတ်သက်ပြီး ကွဲလွဲမှုများ ရှိနိုင်သည်။ အချို့ ပြည်နယ်/တိုင်းဒေသကြီးတွင် သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး မရှိပါ။ ထိုအနေအထားတွင် ဥက္ကဋ္ဌနေရာကို အခြားဝန်ကြီးတစ်ဦးမှ ရယူသည်။ ဥပမာ စစ်ကိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးက ဥက္ကဋ္ဌနေရာ ယူသည်။ မွန်၊ ပဲခူး၊ ရခိုင်၊ ဧရာဝတီတို့တွင် သတ္တုတွင်း ဦးစီးဌာန ဖွဲ့စည်းထားခြင်း မရှိပါ။ ထိုကဲ့သို့သော အနေအထားတွင် ဘုတ်အဖွဲ့ အတွင်းရေးမှူးနေရာကို မည်သူမှ တာဝန်ယူသည်ကို ရှင်းလင်းစွာ မသိရပါ။

## ၁.၂။ ခွင့်ပြုမိန့် ချထားပေးမှု အခြေအနေ

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် လျှောက်လွှာများကို စတင် လက်ခံနေပြီ ဖြစ်သော်လည်း စာတမ်းပြုစုနေစဉ် ကာလထိ ချထားပေးသည့် ခွင့်ပြုမိန့် အနည်းငယ်သာ ရှိသည်။ စစ်ကိုင်းတွင် တိုင်းဒေသကြီး အစိုးရသည် ၂၀၁၈ ဩဂုတ်မှ ၂၀၁၉ မတ်လ အစောပိုင်းထိ လျှောက်လွှာပေါင်း ၄၀၀၀ ကျော် လက်ခံရရှိခဲ့သည်။ (အသေးစား ထုတ်လုပ်မှု လျှောက်လွှာ ၂၇၆၃ နှင့် လက်လုပ်လက်စား လျှောက်ထားမှု ၁၂၆၀) စာတမ်းပြုစုရန်အတွက် ကွင်းဆင်းချိန်တွင် ခွင့်ပြုမိန့် တစ်စုံတစ်ရာ ထုတ်ပေးခြင်း မရှိသေးသော်လည်း မတ်လကုန်ပိုင်းတွင် အသေးစား ထုတ်လုပ်ခွင့် ၇၀ နှင့် လက်လုပ်လက်စား ထုတ်လုပ်ခွင့် ၂၃ ခုကို ခွင့်ပြုပေးခဲ့သည်။[၁၂၂] ကချင်တွင် ၂၀၁၈ ဇွန်မှ ၂၀၁၉ ဖေဖော်ဝါရီအတွင်း အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု လျှောက်လွှာ ၄၁၄ ကို လက်ခံရရှိခဲ့သည်။ (အသေးစား ထုတ်လုပ်မှု ၃၆၆ နှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ၄၈ ) ကို ၂၀၁၉ ဖေဖော်ဝါရီ လလယ်ပိုင်းထိ အသေးစား ရွှေထုတ်လုပ်ခွင့် ခွင့်ပြုမိန့် ၅၆ ခု၊ လက်လုပ်လက်စား ရွှေ ထုတ်လုပ်ခွင့် ခွင့်ပြုမိန့် ၆ ခု နှင့် စမ်းသပ်ရှာဖွေခွင့် ခွင့်ပြုမိန့် ၁ ခု ချထားပေးသည်။[၁၂၃] ၂၀၁၉ ဇန်နဝါရီ နှင့် ဖေဖော်ဝါရီကြားတွင် မန္တလေး အစိုးရသည် အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု လျှောက်လွှာ ၁၈၈ ခုကို လက်ခံရရှိခဲ့သည်။ သို့သော်လည်း စာတမ်းပြုစုချိန်တွင် ခွင့်ပြုမိန့် ထုတ်ပေးခြင်း မရှိသေးပါ။[၁၂၄] ၂၀၁၉ ဖေဖော်ဝါရီထိ လေ့လာမှုပြင်ပမှ ပြည်နယ်/တိုင်းဒေသကြီးများဖြစ်သော ကယားတွင် လက်လုပ်လက်စား

၁၁၈ ပြည်ထောင်စုအဆင့် သတ္တုတွင်းဦးစီးဌာန တာဝန်ရှိသူနှင့် မေးမြန်းချက် ၂၀၁၉ ဖေဖော်ဝါရီ

၁၁၉ မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန တာဝန်ရှိသူနှင့် မေးမြန်းချက် ၂၀၁၉ ဖေဖော်ဝါရီ

၁၂၀ ပဲခူး ဥပမာကို အခြေခံထားပါသည်။ Based on Bago example in Asia Foundation. *State and Region Governments in Myanmar,* 50.

၁၂၁ ကချင် သတ္တုတူးဖော်မှုအသင်း တာဝန်ရှိသူနှင့် မေးမြန်းချက် ၂၀၁၉ ဖေဖော်ဝါရီ

၁၂၂ စစ်ကိုင်း သတ္တုတွင်းဦးစီးဌာနမှ MyanmarCentreforResponsibleBusiness သို့ ပေးသည့် အချက်အလက်။

၁၂၃ ကချင်ပြည်နယ် သတ္တုတွင်းဦးစီးဌာန တာဝန်ရှိသူနှင့် မေးမြန်းချက် ၂၀၁၉ ဖေဖော်ဝါရီ

၁၂၄ မန္တလေးတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန တာဝန်ရှိသူနှင့် မေးမြန်းချက် ၂၀၁၉ ဖေဖော်ဝါရီ

ခဲ ထုတ်လုပ်မှု ခွင့်ပြုမိန့် ၄ ခု၊ လက်လုပ်လက်စား ဘောက်ဆိုက် ထုတ်လုပ်ခွင့် နှင့် သလင်းကျောက် ရှာဖွေခွင့် ၄ ခုကို ခွင့်ပြုပေးခဲ့သည်။[၁၂၅] ၂၀၁၉ မေလတွင် သတ္တုတွင်း ဦးစီးဌာနမှ အချက်အလက်သစ်များ NRGI သို့ ပေးခဲ့သည်။ ထိုအချိန်ထိ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အသေးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် ၂၃၈ ခု၊ အသေးစား စမ်းသပ်ရှာဖွေခွင့် ခွင့်ပြုမိန့် ၂၂ ခုနှင့် လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် ၁၂၆ ခုကို ထုတ်ပေးခဲ့ပြီး ဖြစ်သည်။[၁၂၆]

## ၁.၃။ လျှောက်လွှာ သတ်မှတ်ချက်များ

အသေးစား သတ္တုထုတ်လုပ်မှု လျှောက်ထားရာတွင် –

- သတ္တု စမ်းသပ်ရှာဖွေမှု အစီရင်ခံစာ (Mineral exploration report)
- လုပ်သားအင်အားစု လေ့ကျင့်ရေး အစီအစဉ် (Workforce training plan)
- ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း
- သတ္တုထုတ်လုပ်မှု အစီအစဉ်
- သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစီမံမှု လုပ်ငန်းစဉ်
- လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းရေး အစီအစဉ်
- ကုမ္ပဏီ မှတ်ပုံတင် စာရွက်စာတမ်း
- ကုမ္ပဏီ ဒါရိုက်တာများ ကိုယ်ရေးမှတ်တမ်း
- ဘဏ်ထောက်ခံစာ/ဘဏ်ရှင်းတမ်း
- ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် စိစစ်ရေး ဘုတ်အဖွဲ့မှ သတ်မှတ်သည့် စာရွက်စာတမ်းများ (ဥပမာ စစ်ကိုင်းတွင် ရဲစခန်း ထောက်ခံစာ) တို့ လိုအပ်သည်။

လက်လုပ်လက်စား ထုတ်လုပ်မှု ခွင့်ပြုမိန့် လျှောက်ထားရာတွင် –

- ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (၂၀၁၉ ဇူလိုင်လအထိ)
- ယခင်တူးဖော်မှု အတွေ့အကြုံ တင်ပြချက်
- ဒေသခံများ ခန့်ထားရေး အစီအစဉ်
- သတ္တုထုတ်လုပ်ရေး အစီအစဉ်များ
- ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် စိစစ်ရေး ဘုတ်အဖွဲ့မှ သတ်မှတ်သည့် စာရွက်စာတမ်းများ (ဥပမာ စစ်ကိုင်းတွင် အိမ်ထောင်စု၊ ရဲစခန်း ထောက်ခံစာ၊ ကျေးရွာဥက္ကဋ္ဌ ထောက်ခံစာ)

သတ်မှတ်ချက် အများစုကို သတ္တုတွင်း နည်းဥပဒေများနှင့် ပုံစံ ၃၃၊ ၄၀ တို့တွင် ဖော်ပြထားသည်။ ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် စိစစ်ရေး ဘုတ်အဖွဲ့သည် ၎င်းတို့ လိုအပ်မည်ဟု ယူဆသည့် စာရွက်စာတမ်းများ တင်ပြရန် သတ်မှတ်သည်။ ပြည်နယ်/တိုင်းဒေသကြီးများကြား ကွဲလွဲမှုများ ရှိနိုင်ပါသည်။

၁၂၅ ၂၀၁၉ ဖေဖော်ဝါရီတွင် ပြည်ထောင်စုအဆင့် သတ္တုတွင်းဦးစီးဌာနမှ Myanmar Extractive Industries Transparency Initiative သို့ တင်ပြချက်။

၁၂၆ ပြည်ထောင်စုအဆင့် သတ္တုတွင်းဦးစီးဌာန တာဝန်ရှိသူနှင့် မေးမြန်းချက် ၂၀၁၉ မေ

## ၁.၄။ မြို့နယ်အဆင့် သုံးသပ်မှု

မြို့နယ်အဆင့် စိစစ်မှုအဖွဲ့ စုဖွဲ့မှုသည် ပြည်နယ်/တိုင်းဒေသကြီးများအလိုက် ကွဲပြားနိုင်ပြီး၊ မြို့နယ်တစ်ခုနှင့်တစ်ခုလည်း ကွဲပြားနိုင်သည်။ ပုံမှန်အားဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက ဥက္ကဋ္ဌနေရာယူလေ့ရှိပြီး ရုံဖန်ရုံခါတွင် သတ္တုတွင်းဦးစီးဌာန သို့မဟုတ် အမှတ် ၂ သတ္တုတွင်းလုပ်ငန်းက ၎င်းနေရာယူသည်။ ကော်မတီတွင် သစ်တောဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာန၊ အမှတ် ၁ သတ္တုတွင်းလုပ်ငန်း၊ အမှတ် ၂ သတ္တုတွင်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာန သို့မဟုတ် ပြည်တွင်းအခွန် ဦးစီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်လေ့ရှိသည်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူး၊ ကျေးရွာလူကြီးများ၊ လုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် ရုံဖန်ရုံခါ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လေ့ရှိသည်။

အဖွဲ့ဝင်များသည် လျှောက်ထားသည့် လုပ်ကွက်နေရာကို ကွင်းဆင်းလေ့လာသည်။ ပြည်နယ်/တိုင်းဒေသကြီး စိစစ်ရေး ဘုတ်အဖွဲ့မှ ထပ်နေမှု ရှိမရှိ စိစစ်ပြီး နေရာများကို မြေပြင်ဆင်း စစ်ဆေးခြင်းဖြစ်ပြီး၊ လျှောက်ထားသည့်နေရာတွင် တူးဖော်မှု ပြုလုပ်ရန် သင့်တော်မှု ရှိမရှိ အသေးစိတ် စစ်ဆေးခြင်းဖြစ်သည်။ ဥပမာအားဖြင့် ခွင့်ပြုမိန့် ချထားပေးသည့် နေရာ သို့မဟုတ် ၎င်းအနီးအနားတွင် ရေအရင်းအမြစ်၊ စိုက်ပျိုးမြေ၊ လူနေ ဧရိယာ၊ အခြေခံ အဆောက်အဦး (လမ်းများ၊ လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓတ်အားလိုင်း၊ ပိုက်လိုင်းများ)၊ အပန်းဖြေ နေရာ သို့မဟုတ် ကြိုးဝိုင်း၊ ဘာသာရေးဆိုင်ရာ နယ်မြေများ ရှိမရှိကို စစ်ဆေးသည်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူး၊ ကျေးရွာလူကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ကွင်းဆင်းရာတွင် ပါဝင်ခြင်းသည် ခွင့်ပြုမိန့် ဆုံးဖြတ်ချက်ကို ရပ်ရွာမှ လက်ခံလာစေရန် ဖြစ်သည်။ သို့သော်လည်း ရပ်ရွာနှင့် စနစ်တကျ ဆွေးနွေးမှု မရှိသေးပါ။

# နောက်ဆက်တွဲ ၂။ ။ စာရင်းစာအုပ် ပုံစံ

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ လျှောက်လွှာ လက်ခံပြီးနောက် မှတ်တမ်း ရေးသွင်းသည့် စာရင်းစာအုပ်တွင် အနည်းဆုံးအနေဖြင့် ပါဝင်ရမည့် အချက်အလက်များကို အောက်တွင် ဖော်ပြထားပါသည်။ ပါဝင်ရမည့် အချက်အလက် အမျိုးအစားကို မြန်မာနိုင်ငံ ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ် ပုံဖော်ရာတွင် ဦးဆောင်သည့် နိုင်ငံတကာမှ ကျွမ်းကျင်သူများ ရေးဆွဲသည့် မူကြမ်းပေါ်တွင် အခြေခံပါသည်။[၁၂၇] ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စုအဆင့် အသီးသီးတွင် အသုံးပြုသည့် စာရင်းစာအုပ်များ တစ်ခုတည်း ဖြစ်စေရေးမှာ ကျွမ်းကျင်သူများ၏ အဓိက အကြံပြုချက် ဖြစ်သည်။[၁၂၈] စာတမ်းပြုစုနေစဉ်တွင် မှတ်ပုံတင်စနစ် စီမံကိန်းသည် အစောပိုင်း အဆင့်တွင်ပင် ရှိနေရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် စာရင်းစာအုပ် ပုံစံ အတည်မပြုမီ ပါဝင်ရမည့် အချက်အလက် အမျိုးအစား သတ်မှတ်ချက်ကို ပြည်ထောင်စု သယံဇာတ နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဌာနနှင့် ကြိုတင် အတည်ပြုမှု ရယူရန် အကြံပြုလိုပါသည်။

လက်ခံရရှိသည့် လျှောက်လွှာများ အားလုံးကို မှန်ကန်စွာ မှတ်တမ်းတင်ခြင်းသည် လျှောက်လွှာများ အားလုံးကို တန်းတူညီမျှ ဖြစ်စေပြီး ဦးရာလူ စနစ်ကို အသက်ဝင်စေသည်။ ပြည်နယ်/တိုင်းဒေသကြီးများတွင် လက်ရှိ အသုံးပြုနေသည့် စာရင်းစာအုပ်များသည် အထက်ပါ သတ်မှတ်ချက် အတော်များများနှင့် ကိုက်ညီပြီး ဖြစ်သည်။ သို့သော်လည်း အရေးပါသည့် အချက်အလက်များ ပါဝင်ခြင်းမရှိပါ။ လျှောက်လွှာ လက်ခံရရှိသည့် အချိန် အတိအကျ ထည့်သွင်းရေးသားရန် ဇယားကွက် မပါပါ။ ပြည်နယ်/တိုင်းဒေသကြီးတွင် အသုံးပြုနေသည့် စာရင်းစာအုပ်များကို နိုင်ငံတကာ စံနှုန်းအတိုင်း သတ်မှတ် အသုံးပြုပါက နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်တွင် ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားခြင်း လုပ်ငန်းစဉ်ကို ပေါင်းစပ်ရာတွင် လွယ်ကူစေမည်ဖြစ်သည်။ နိုင်ငံအများစုတွင် လျှောက်လွှာအသစ်အတွက် သီးသန့် စာရင်းစာအုပ်၊ သက်တမ်းတိုးခြင်း၊ လုပ်ကွက်နေရာ တိုးချဲ့ရန် လျှောက်ထားခြင်း၊ လွှဲပြောင်းခြင်းများအတွက် သီးသန့် စာအုပ်များ ခွဲခြားထားသည်ကိုလည်း သတိပြုရန် လိုသည်။

| ခွင့်ပြုမိန့် အမှတ် | လျှောက်ထားသူ အမည် | ခွင့်ပြုမိန့် အမျိုးအစား | ခွင့်ပြုနေရာ အရွယ်အစား | လျှောက်ထားသည့် နေ့စွဲ | | | | | လျှောက်ထားသူ လက်မှတ် | တာဝန်ရှိသူ လက်မှတ် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | ခုနှစ် | လ | နေ့စွဲ | နာရီ | မိနစ် | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

၁၂၇ Ortega, *Myanmar Cadastre Conceptual Design,* 102-103.

၁၂၈ Ibid., 11.

# နောက်ဆက်တွဲ ၃။ ။ ခွင့်ပြုမိန့် စာရင်းမှတ်တမ်း ပုံစံ

ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ လက်ရှိ အသုံးပြုနေသည့် ခွင့်ပြုမိန့် စာရင်းမှတ်တမ်း ရေးသွင်းရာတွင် အနည်းဆုံးအနေဖြင့် ပါဝင်ရမည့် အချက်အလက်များကို အောက်တွင် ဖော်ပြထားပါသည်။ ယင်းသတ်မှတ်ချက်များသည် နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် စနစ်နှင့် ကိုက်ညီမှု ရှိရမည်။[၁၂၉] လက်ရေးဖြင့် ရေးသွင်းခြင်း မဟုတ်ပဲ ခလုတ်နှိပ်ကာ အချက်အလက်များ ဖြည့်သွင်းခြင်းကို ဖြစ်နိုင်သမျှ ဦးစားပေး ဆောင်ရွက်သင့်သည်။ စာရင်းသွင်းသူအမှားကြောင့် ဖြစ်လာနိုင်သည့် လွဲချော်မှုများ၊ မှုမမှန်မှုများကို လျော့ချနိုင်ရန် ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ထောင်စု အစိုးရကြား ညှိနှိုင်းမှုများ နီးနီးစပ်စပ် ပေါ်ပေါက်လာရန် တာဝန်ရှိသူများသည် ခွင့်ပြုမိန့် ကိုဩဒိနိတ်များကို ပုံစံတစ်ခုတည်းဖြင့် မှတ်တမ်းတင်ရန် လိုသည်။ နိုင်ငံအဆင့် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်နှင့် ကိုက်ညီစေရန် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် လုပ်ကွက်စသည့် နေရာ အဆုံးသပ်သည့် နေရာ မှတ်တမ်းတင်ခြင်း အပါအဝင် မှတ်တမ်းကိစ္စများအတွက် Myanmar datum 2000 UTM စနစ် မြေပုံ အသုံးပြုပြီး မှတ်တမ်းတင်သင့်သည်။

| ခွင့်ပြုမိန့် အမှတ် | အမည် | ခွင့်ပြုမိန့် အမျိုးအစား | ခွင့်ပြုသည့်ဧရိယာ အရွယ်အစား | ဓာတ်သတ္တု အမျိုးအစား | ခွင့်ပြုမိန့် အခြေအနေ | လျှောက်ထားသည့် နေ့ | | | ခွင့်ပြုသည့် နေ့ | | | ကုန်ဆုံးမည့် နေ့ | | | ခွင့်ပြုမိန့် ဧရိယာ (အသစ် လျှောက်ထားခြင်း၊ လွှဲပြောင်းခြင်း) | လိပ်စာ/တယ်လီဖုန်းနံပါတ် | ခွင့်ပြုသည့် လုပ်ကွက်နေရာ (ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်/တိုင်းဒေသကြီး) | ခွင့်ပြုမိန့် GIS ကိုဩဒိနိတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | နှစ် | လ | ရက် | နှစ် | လ | ရက် | နှစ် | လ | ရက် | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |
| | | | | | | | | | | | | | | | | | | |

၁၂၉ ဖော်ပြထားသည့် ခေါင်းစဉ်သတ်မှတ်ချက် စံနှုန်းများသည် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင်မြေပုံ အလုပ်အဖွဲ့မှ သတ်မှတ်ချက်များပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။ ယခုစာတမ်း ပြုစုနေစဉ်အချိန်တွင် ဓါတ်သတ္တုလိုင်စင် မှတ်ပုံတင် မြေပုံစနစ်သည် အစောပိုင်းအဆင့်တွင်သာ ရှိနေဆဲ ဖြစ်သောကြောင့် ၎င်းသတ်မှတ်ချက်များ အပြောင်းအလဲ ဖြစ်နိုင်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးများသည် ၎င်းတို့၏ အီလက်ထရောနစ် ခွင့်ပြုမိန့် စာရင်းမှတ်တမ်း နောက်ဆုံး အတည်မပြုမီ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်း အတည်ပြုရန် အကြံပြုလိုပါသည်။

# နောက်ဆက်တွဲ ၄။ ။ လျှောက်လွှာ သုံးသပ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်း

ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများ အသုံးချနိုင်သည့် လျှောက်လွှာသုံးသပ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်းကို တင်ပြထားပါသည်။ စာရင်းပြုစုထားခြင်းဖြင့် ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် ၎င်းတို့၏ သုံးသပ်မှု တာဝန်များကို ထိရောက်စွာ၊ မှန်မှန်ကန်ကန်၊ ဘက်မလိုက်ပဲ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တာဝန်ရှိသူများ ခွင့်ပြုမိန့်ဆိုင်ရာဆုံးဖြတ်ချက်များ ချထားသည့် ပုံစံကို စနစ်တကျ မှတ်တမ်းတင်နိုင်ပြီး အငြင်းပွားမှု ရှိလာပါက ပြန်လည်ကိုးကားနိုင်မည်ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီး တာဝန်ရှိသူများသည် အောက်ဖော်ပြပါ စာရင်းကို နမူနာအဖြစ်သာ ရှုမြင်သင့်သည်။ သုံးသပ်မှု စံနှုန်းများကို ၂၀၁၅ မြန်မာ့သတ္တုတွင်း ဥပဒေတွင် အခြေခံပြီး၊ လျှောက်လွှာပုံစံကို ၂၀၁၈ သတ္တုတွင်း နည်းဥပဒေများတွင် ဖော်ပြထားသည်။ စံနှုန်းများအား ရိုးရိုးရှင်းရှင်း သတ်မှတ်ပြခြင်းဖြင့် တရားဝင် အတည်ပြုသည့် လုပ်ငန်းစဉ်ကို လူအများ စိတ်ဝင်စားလာစေရန် မည်သို့ သတ်မှတ်ဆောင်ရွက်နိုင်ကြောင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် လက်လုပ်လက်စား လျှောက်လွှာတွင် ငွေရင်းနှီး မြှုပ်နှံမှုပမာဏ သို့မဟုတ် ဒေသခံများ ခန့်ထားရေးဆိုင်ရာ သတ်မှတ်ချက်များကို ဖယ်ရှားထားသည်။ စံနှုန်း သတ်မှတ်ချက်သည် အခြားဥပဒေများ နှင့် စည်းမျဉ်းများတွင် ဖော်ပြထားသည့် ဥပဒေ သတ်မှတ်ချက်များနှင့် သက်ဆိုင်မှု မရှိပါ။

ပြုစုထားသည့် စာရင်းများ လက်တွေ့ အသုံးကျရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရသည် သက်ဆိုင်ရာ အစိုးရ ဌာနများနှင့် ပြည်ထောင်စုအဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်တွင် ဆွေးနွေးပြီး ထပ်ဖြည့်ခြင်း၊ ပြင်ဆင်ခြင်းများကို ပြုလုပ်နိုင်သည်။ ဥပမာအားဖြင့် သုံးသပ်မှု ပြုလုပ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်း (နောက်ဆက်တွဲ ၄.၂) တွင် ကြိုးဝိုင်းသစ်တောများနှင့် ထပ်နေမှု မရှိစေရန် သစ်တောဦးစီးဌာနမှ စိစစ်ရန် စံနှုန်းအဖြစ် သတ်မှတ်နိုင်သည်။ လူနေရပ်ဝန်း၊ စိုက်ပျိုးမြေများ၊ ရေလမ်းကြောင်းမှ အနိမ့်ဆုံး ခြားထားရမည့် နေရာ သတ်မှတ်ချက်အတိုင်း ခြားထားမှု ရှိမရှိ ဆန်းစစ်ခြင်း ကဲ့သို့သော ပတ်ဝန်းကျင် ဆိုင်ရာ၊ လူမှုဝန်းကျင် ဆိုင်ရာ အချက်အလက်များကိုလည်း စာရင်းသွင်းနိုင်သည်။ လျှောက်လွှာ စိစစ်ရာတွင် မြို့နယ်အဆင့် အပါအဝင် မတူညီသည့် ဌာနများ အသုံးပြုသည့် စံနှုန်းများကို စစ်ဆေးရမည့် ကိစ္စစာရင်း ပြုစုရာတွင် အတိအကျ မှတ်တမ်းတင်ထားရမည်။

စံနှုန်းများ စစ်ဆေးရန် တာဝန်ရှိသည့် ဌာန အစုအဖွဲ့များကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှ ခန့်အပ် တာဝန်ပေးရမည် ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည့် ပုံစံတွင် ယင်းနှင့်ဆိုင်သည်များကို ကွက်လပ် ချန်ထားပါသည်။

## ၄.၁။ ကနဦး ဆန်းစစ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်း

ကနဦး ဆန်းစစ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်း ဥပမာကို အောက်တွင်ဖော်ပြထားပါသည်။ ကနဦး ဆန်းစစ်ခြင်းသည် လျှင်မြန်ရမည်၊ ရိုးရှင်းရမည်။ လျှောက်လွှာတွင် ပါဝင်သည့် အကြောင်းအရာများကို အသေးစိတ် သုံးသပ်ခြင်း မပြုရပဲ သတ်မှတ်ထားသည့် အချက်အလက်များ တင်ပြထားမှု ရှိမရှိကို စစ်ဆေးနိုင်ရန် အဓိက ထားရမည်။ ကနဦး ဆန်းစစ်ခြင်း အဆင့်သည် လျှောက်လွှာတင်ပြီးသည်နှင့် တပြိုင်နက် လျှောက်လွှာရှင် ရှေ့တွင် ဆောင်ရွက်ရန် အရေးကြီးသည်။

| သုံးသပ်မည့် ကိစ္စ | သုံးသပ်ရာတွင် အသုံးပြုသည့် စံနှုန်း | တာဝန်ယူမည့် ဌာန | ဟုတ် | မဟုတ် |
|---|---|---|---|---|
| **အခြေခံ သတ်မှတ်ချက်များ** | လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | လျှောက်လွှာတွင် ဖော်ပြထားသည့် မှတ်ပုံတင် နံပါတ်သည် လျှောက်ထားသူ၏ မှတ်ပုံတင် နံပါတ်နှင့် တူရမည်။ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | အသေးစား သို့မဟုတ် လက်လုပ်လက်စား လျှောက်ထားခြင်း ဖြစ်ရမည် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | ပြည်နယ်/တိုင်းဒေသကြီးများမှ ခွင့်ပြုပေးနိုင်သည့် ဓာတ်သတ္တု ဖြစ်ရမည် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| **လျှောက်လွှာ ပြည့်စုံမှု** | လျှောက်ထားသည့် ခွင့်ပြုမိန့်အတွက် သတ်မှတ်ထားသည့် ပုံစံ တင်ပြမှု ရှိမရှိ<br>• အသေးစား ဓာတ်သတ္တုထုတ်လုပ်မှု ခွင့်ပြုမိန့်အတွက် ပုံစံ ၃၃<br>• အသေးစား ဓာတ်သတ္တုထုတ်လုပ်မှု သက်တမ်းတိုး ခွင့်ပြုမိန့်အတွက် ပုံစံ ၃၉<br>• လက်လုပ်လက်စား သတ္တုထုတ်လုပ်မှု ခွင့်ပြုမိန့်အတွက် ပုံစံ ၄၀ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | ဖြည့်သွင်းရန် သတ်မှတ်ထားသည့် နေရာအားလုံးတွင် ဖြည့်သွင်းပေးမှု ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | လျှောက်လွှာနှင့်အတူ တင်ပြရန် သတ်မှတ်ထားသည့် စာရွက်စာတမ်းများ စုံလင်မှု ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| **မှတ်တမ်းတင်ခြင်း** | စာရင်းစာအုပ်တွင် မှတ်တမ်းတင်မှု ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | လျှောက်လွှာ လက်ခံရရှိသည့်အချိန် ဖော်ပြထားသည့် လက်ခံဖြတ်ပိုင်း ထုတ်ပြန်ပေးမှု ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |
| | အီလက်ထရောနစ် စနစ်ဖြင့် ခွင့်ပြုမိန့် စုစည်းထားသည့် နေရာတွင် စာရင်းသွင်းမှု ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | | |

## ၄.၂။ လျှောက်လွှာ သုံးသပ်ရာတွင် ပါဝင်ရမည့် ကိစ္စများစာရင်း

ခွင့်ပြုမိန့် ချထားပေးသည့် တာဝန်ရှိသူများ လက်လုပ်လက်စား ထုတ်လုပ်ခွင့် လျှောက်လွှာများ စိစစ်ရာတွင် အသုံးပြုမည့် သုံးသပ်မှုစာရင်း ဥပမာကို အောက်တွင် ဖော်ပြထားပါသည်။ သုံးသပ်ရာတွင် ပါဝင်ရမည့် ကိစ္စများကို စာရင်းပြုစုထားခြင်းဖြင့် တာဝန်ရှိသူများအနေဖြင့် လျှောက်လွှာများကို တသမတ်တည်း၊ ထိထိရောက်ရောက် နှင့် မှန်ကန်စွာ သုံးသပ်နိုင်ရန် အထောက်အကူ ဖြစ်စေပါသည်။

### ပုံစံ ၄၀ စစ်ဆေးရမည့် စာရင်း၊ လက်လုပ်လက်စား ခွင့်ပြုမိန့် လျှောက်ထားခြင်း

| လျှောက်လွှာ ခေါင်းစဉ် | သုံးသပ်မည့် စံနှုန်းများ | တာဝန်ယူမည့် ဌာန | လုပ်ငန်း ဆောင်ရွက်ချက်[၁၃၀] | ရှိ | မရှိ |
|---|---|---|---|---|---|
| **ဓာတ်သတ္တု အမျိုးအစား** | ၁.၁ ပြည်နယ်/တိုင်း ဒေသကြီးမှ ချထားပေးခွင့် ရှိသည့် ဓာတ်သတ္တုအတွက် လျှောက်ထားခြင်း ဟုတ်မဟုတ် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | ပြည်နယ်/တိုင်းဒေသကြီးသည် ပုံစံ ၄၀ တွင် ပါဝင်သည့် ဓာတ်သတ္တုများအတွက် ခွင့်ပြုမိန့် ချထားခွင့် ရှိမရှိ ဆန်းစစ်ပါ၊ အခန်း ၁ | | |

၁၃၀ ဆောင်ရွက်ချက် ခေါင်းစဉ်အောက်မှ အဆင့်များမှာ သရုပ်ပြရန်သာ ဖြစ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အနေဖြင့် လျှောက်လွှာ သုံးသပ်ခြင်း၊ အသေးစိတ် ဆန်းစစ်ခြင်းများအတွက် အထိရောက်ဆုံး၊ အမြန်ဆန်ဆုံး နည်းလမ်းကို ဆုံးဖြတ်ရမည် ဖြစ်သည်။

| လျှောက်လွှာ ခေါင်းစဉ် | သုံးသပ်မည့် စံနှုန်းများ | တာဝန်ယူမည့် ဌာန | လုပ်ငန်း ဆောင်ရွက်ချက်[၁၃၀] | ရှိ | မရှိ |
|---|---|---|---|---|---|
| **လျှောက်ထားသူ ကိုယ်ရေးရာဇဝင်** | ၂.၁ လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | ပုံစံ ၄၀ တွင် ဖော်ပြထားသည့် မှတ်ပုံတင် နံပါတ်နှင့် တိုက်ဆိုင်ကြည့်ရမည်၊ အခန်း ၂ | | |
| | ၂.၁ လျှောက်ထားသူနှင့် ၎င်းမိသားစုဝင်များတွင် အခြား ဓာတ်သတ္တု တူးဖော်ခွင့် ခွင့်ပြုမိန့် လက်ဝယ်ရှိနေခြင်း မဖြစ်စေရ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | လျှောက်လွှာတွင် ထည့်သွင်းဖော်ပြထားသည့် လျှောက်ထားသူ မှတ်ပုံတင် နံပါတ် သို့မဟုတ် မိသားစုဝင်များ၏ မှတ်ပုံတင် နံပါတ်များဖြင့် စာရင်းသွင်းထားမှု ရှိမရှိကို ဌာန၏ ခွင့်ပြုမိန့် အချက်အလက် စုစည်းထားသည့် database တွင် စစ်ဆေးရမည်။ | | |
| | ၂.၂ ဓာတ်သတ္တု တူးဖော်ခွင့် ခွင့်ပြုမိန့် ဆိုင်းငံ့ထား ခံရသူ သို့မဟုတ် ပိတ်ပင်ခံရသူ မဖြစ်စေရ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | လျှောက်ထားသူ၏ မှတ်ပုံတင် နံပါတ်သည် ခွင့်ပြုမိန့်ပါ စည်းကမ်းများ ဖောက်ဖျက်ခြင်းကြောင့် ဆိုင်းငံ့ သို့မဟုတ် ဖျက်သိမ်းထားသည့် ခွင့်ပြုမိန့်များနှင့် ဆက်စပ်မှု ရှိမရှိကို ဌာန၏ ခွင့်ပြုမိန့် အချက်အလက် စုစည်းထားသည့် database တွင် စစ်ဆေးရခြင်း[၁၃၁] | | |
| **ခွင့်ပြုမိန့် အသေးစိတ်** | ၃.၁ အသေးစား သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် လျှောက်ခြင်း ဟုတ်မဟုတ် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | ပုံစံ ၄၀ အပိုဒ် ၃ ခ ကို သုံးသပ်ပြီး လျှောက်ထားသည့် ခွင့်ပြုမိန့် အရွယ်အစား ဆန်းစစ်ခြင်း | | |
| | ၃.၂ ပြည်နယ်/တိုင်း ဒေသကြီးမှ ခွင့်ပြုမိန့် ထုတ်ပေးခွင့် ရှိသည့် နေရာ ဟုတ်မဟုတ် | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | ပုံစံ ၄၀ အပိုဒ် ၃ ဂ ကို သုံးသပ်ပြီး လျှောက်ထားသည့် နေရာသည် ပြည်ထောင်စုမှ ခွင့်ပြုမိန့် ချသည့် ဇုန်နှင့် ထပ်နေမှု ရှိမရှိ အတည်ပြု ဆုံးဖြတ်ပါ | | |
| | ၃.၂ ၎င်းနေရာတွင် စမ်းသပ်ရှာဖွေ သို့မဟုတ် ထုတ်လုပ်မှု ပြုလုပ်နေသည့် သို့မဟုတ် လျှောက်ထားသူ ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားပေးခွင့် ရှိသည့် ဇုန်အတွင်း ကျရောက်ပါက ဌာန၏ ခွင့်ပြုမိန့် အချက်အလက် database တွင် တူးဖော်ဆဲ သို့မဟုတ် လျှောက်ထားမှု ရှိမရှိ ဆန်းစစ်ပေးရမည်။ နေရာ တစ်ခုတည်းသို့ လျှောက်ထားသူ အများအပြား ရှိပါက စာရင်းစာအုပ် အသုံးပြုပြီး ပထမဆုံး လျှောက်ထားသူကို ဖော်ထုတ်ရမည်။<br><br>ပြည်ထောင်စုမှ ချထားပေးခွင့် ရှိသည့် နေရာနှင့် ပြည်နယ်/တိုင်းဒေသကြီး ခွင့်ပြုမိန့် ချထားပေးခွင့် ရှိသည့် နေရာကြား ကျနေပါက ပြည်နယ်/တိုင်းဒေသကြီး၊ ပြည်ထောင်စု database မှ အချက်အလက်များဖြင့် လျှောက်ထားသည့် နေရာတွင် လျှောက်ထားသည့် သို့မဟုတ် တူးဖော်နေမှု ရှိမရှိကို ဆန်းစစ် အတည်ပြုပေးရမည်။ ခွင့်ပြုမိန့်လုပ်ငန်း ဆက်လက် ဆောင်ရွက်ရန် ပြည်ထောင်စုမှ အတည်ပြုမှု ယူရမည်။ နေရာ တစ်ခုတည်းသို့ လျှောက်ထားသူ အများအပြား ရှိပါက စာရင်းစာအုပ် အသုံးပြုပြီး ပထမဆုံး လျှောက်ထားသူကို ဖော်ထုတ်ရမည်။ | | |
| **နည်းပညာပိုင်း သုံးသပ်မှု** | ၃.၃ အသုံးပြုရန် တင်ပြသည့် စက်သည် လက်လုပ်လက်စား ထုတ်လုပ်မှုအတွက် ကန့်သတ်ထားချက်ထက် ကျော်လွန်မှု ရှိမရှိ | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | ပုံစံ ၄၀ အပိုဒ် ၃ ဂ ကို ပြန်လည်သုံးသပ်ပြီး တင်ပြလာသည့် စက်ပစ္စည်းများ၏ မြင်းကောင်ရေသည် ဥပဒေ သတ်မှတ်ချက်ထက် မပိုအောင် ဆောင်ရွက်ရမည်<br><br>ပုံစံ ၄၀ အပိုဒ် ၃ ဂ ကို ပြန်လည်သုံးသပ်ပြီး စက် အရေအတွက်သည် ဥပဒေ သတ်မှတ်ချက်ထက် မပိုအောင် ဆောင်ရွက်ရမည် | | |
| | ထပ်တိုးရမည့် စံနှုန်းများ ဥပမာ ကြိုးဝိုင်း နေရာနှင့် ထပ်နေမှု ရှိမရှိ၊ မြေ အခွင့်အရေး သုံးသပ်ခြင်း | တာဝန်ယူမည့် အစိုးရ ဌာနကို ရေးသွင်းရန် | လိုအပ်သည့် ဆောင်ရွက်ချက် ထည့်ရန် | | |

၁၃၁ ပြည်နယ်/တိုင်းဒေသကြီးသည် သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ခွင့်ပြုမိန့်ပါ စည်းကမ်းများ ဖောက်ဖျက်ခြင်းကြောင့် ဆိုင်းငံ့ခံရ၊ ဖျက်သိမ်းခံရသူများ သို့မဟုတ် ကုမ္ပဏီများကို လျှောက်လွှာသစ် လျှောက်ရန် ပိတ်ပင်ထားသည့် ကာလအတိုင်းအတကြို သတ်မှတ်သင့်သည်။

# နောက်ဆက်တွဲ ၅။ ။ ပုံစံ ၄၀ နမူနာ

လွယ်ကူရှင်းလင်းသည့် ပုံစံ ၄၀ နမူနာကို ယခုအခန်းတွင် ဖော်ပြထားပါသည်။ တရားဝင် လုပ်ငန်းစဉ် ဖြစ်စေရန် ဆောင်ရွက်ခြင်းကို အားပေးသည့် လျှောက်လွှာပုံစံ နမူနာ အဖြစ်နှင့် တင်ပြခြင်း ဖြစ်ပါသည်။ လက်လုပ်လက်စား ခွင့်ပြုမိန့်များအတွက် အလွန်ရိုးရှင်းအောင် ဆောင်ရွက်ထားသည့် နမူနာကို တင်ပြခြင်းဖြစ်ပါသည်။ အသေးစား ထုတ်လုပ်မှုအတွက် ဖြည့်သွင်းရမည့် အချက်အလက်များမှာ ပို၍များသော်လည်း လက်ရှိ အသုံးပြုနေသည့် ပုံစံကို လွယ်ကူအောင် ဆောင်ရွက်လိုက်ပါက အသုံးပြုနိုင်ပါသည်။ နမူနာ အဖြစ်သာ တင်ပြခြင်း ဖြစ်ပြီး ဆွေးနွေးညှိနှိုင်းမှုများ၊ ကျွမ်းကျင်သူ အကြံပေးချက်များ၊ ဥပဒေပိုင်း သုံးသပ်မှုများပေါ်တွင် အခြေခံပြီးမှသာ အတည်ပြုသင့်ပါသည်။

## ပုံစံ ၄၀

သို့

ဥက္ကဋ္ဌ
ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ခွင့်ပြုမိန့်စိစစ်ရေး ဘုတ်အဖွဲ့
ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး အမည်

အကြောင်းအရာ – ဓာတ်သတ္တု လက်လုက်လက်စား ထုတ်လုပ်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်း

သတ္တုတွင်း နည်းဥပဒေ ၉၅ နှင့်အညီ၊ ဓာတ်သတ္တု လက်လုပ်လက်စား ထုတ်လုပ်ခွင့် ပြုရန် အောက်ပါအချက်များ ဖော်ပြ၍ လျှောက်ထားလိုပါသည်

- **ဓတ်သတ္တု အမျိုးအစား**
- **လျှောက်ထားသူနှင့် စပ်လျဉ်း၍**
  (က) အမည်
  (ခ) အမျိုးသား မှတ်ပုံတင်အမှတ်
  (ဂ) အမြဲတမ်း နေရပ်လိပ်စာ
  (ဃ) ဖုန်းနံပါတ်
  (င) အီးမေးလ်လိပ်စာ (ရှိပါက)
- **ခွင့်ပြုမိန့် အသေးစိတ်**
  (က) လုပ်ကွက် တည်နေရာ
  ၁။ ကျေးရွာအုပ်စု ၂။ မြို့နယ် ၃။ ခရိုင် ၄။ ပြည်နယ်/တိုင်းဒေသကြီး
  (ခ) လုပ်ကွက်ဧရိယာ ကိုသြဒိနိတ်
  (ဂ) အသုံးပြုမည့် စက်အရေအတွက်နှင့် စက်တစ်ခုခြင်းစီ၏ မြင်းကောင်ရေ (စက်တစ်ခုသည် မြင်းကောင်ရေ ၂၅ ထက် မကျော်စေဘဲ စုစုပေါင်း မြင်းကောင်ရေ ၅၀ ထက် မပိုရန်)

အထက်ဖော်ပြပါ အချက်အလက်များနှင့် ပူးတွဲပါ အချက်အလက်များ အားလုံး အစစ်အမှန် ဖြစ်ပြီး မှန်ကန်ကြောင်း၊ ဓာတ်သတ္တု ခွင့်ပြုမိန့် ဆိုင်းငံ့ထား ခံရခြင်း သို့မဟုတ် ပိတ်ပင်ထားခံရခြင်း မရှိကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ နှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းခွင်ဆိုင်ရာ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

# နောက်ဆက်တွဲ ၆။ ။ အဂတိလိုက်စားမှုဆိုင်ရာ သတိချပ်ဖွယ်ရာများ

၂၀၁၇ ခုနှစ်တွင် ရေနံ၊ ဓာတ်ငွေ့နှင့် သတ္တုတူးဖော်ခွင့် ခွင့်ပြုမိန့်များ ခွင့်ပြုပေးရာတွင် ပေါ်ပေါက်လေ့ရှိသည့် ကိစ္စများကို NRGI မှ နိုင်ငံတကာအဆင့်တွင် သုံးသပ်ပြီး စာအုပ်ထုတ်ဝေခဲ့သည်။ ပေါ်ပေါက်လေ့ရှိသည့် သတိထားရမည့် ကိစ္စ ၁၂ ရပ်ကို ဖော်ထုတ်ကာ သုံးသပ်မှု ပြုလုပ်ခဲ့သည်။ ကိစ္စရပ်တစ်ခု ရှိနေခြင်းသည် အဂတိလိုက်စားမှု ရှိသည့် အထောက်အထား မဟုတ်ပါ။ ကိစ္စ ၁၂ ခုစလုံး မရှိသည့် ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်သည်လည်း အဂတိလိုက်စားမှု ကင်းစင်သည့် လုပ်ငန်းစဉ် မဟုတ်ပါ။ သို့သော်လည်း ၎င်းကိစ္စများသည် အစိုးရ တာဝန်ရှိသူများ ခွင့်ပြုမိန့် ချပေးသည့် လုပ်ငန်းစဉ်ကို အထောက်အကူ ဖြစ်ရန်၊ လွှတ်တော်အမတ်များ၊ ဂျာနယ်လစ်များ နှင့် ဥပဒေစိုးမိုးရေး တာဝန်ရှိသူများကဲ့သို့ စောင့်ကြည့်ထိန်းကျောင်းရေး လုပ်ငန်းဆောင်ရွက်ရသည့် အစုအဖွဲ့အတွက် အသုံးဝင်သည့် လမ်းညွှန်အဖြစ် အသုံးချနိုင်သည်။ အကြီးစား ရေနံ၊ ဓာတ်ငွေ့ နှင့် သတ္တု တူးဖော်ခွင့် စာချုပ်များနှင့် ပတ်သက်ပြီး အဓိက သုံးသပ်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်သော်လည်း စဉ်းစားချက် အများစုကို မြန်မာနိုင်ငံ၏ အသေးစားနှင့် လက်လုပ်လက်စား ထုတ်လုပ်မှုကဏ္ဍ ဗဟိုချုပ်ကိုင်မှု လျော့ချခြင်း လုပ်ငန်းစဉ်တွင်လည်း အသုံးချနိုင်သည်။

သတိထားရမည့် ကိစ္စများမှာ –

၁။ အရည်အချင်း မပြည့်မီကြောင်း ထင်ရှားနေသည့် ကုမ္ပဏီကို ပါဝင်လျှောက်ထားခွင့် ပေးသည် သို့မဟုတ် လုပ်ကွက်ချပေးသည်။

၂။ မေးခွန်းထုတ်ဖွယ် သို့မဟုတ် ရာဇဝတ်မှု မကင်းသည့် ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်ကို ပါဝင်လျှောက်ထားခွင့် ပေးသည် သို့မဟုတ် လုပ်ကွက်ချပေးသည်။

၃။ ပါဝင်ယှဉ်ပြိုင်သည့် ကုမ္ပဏီ သို့မဟုတ် လုပ်ကွက်ရရှိသည့် ကုမ္ပဏီတွင် နိုင်ငံရေးအရ ဩဇာရှိသူသည် ရှယ်ယာရှင် သို့မဟုတ် အခြားစီးပွားရေး ဆက်နွယ်မှု ပုံစံတမျိုးဖြင့် ပါဝင်နေခြင်း သို့မဟုတ် နိုင်ငံရေး ဩဇာရှိသူ၏ အကျိုးအမြတ် ပါဝင်နေသည့် ကုမ္ပဏီ ဖြစ်နေခြင်း။[၁၃၂]

၄။ ပါဝင်လျှောက်ထားသည့် သို့မဟုတ် လုပ်ကွက်ရရှိသည့် ကုမ္ပဏီတွင် နိုင်ငံရေး ဩဇာရှိသူ အကျိုးခံစားခွင့် ရှိသူအဖြစ် တိတ်တဆိတ် ပါဝင်နေခြင်း။

၅။ ကုမ္ပဏီတစ်ခု အကျိုးအမြတ် ဖြစ်ထွန်းစေရန်အတွက် တာဝန်ရှိသူမှ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် ဝင်ရောက် လွှမ်းမိုးခြင်း။

၆။ ကုမ္ပဏီ တစ်ခုက ရွေးချယ်ရေး လုပ်ငန်းစဉ်အပေါ် ဩဇာရှိသည့် နိုင်ငံရေး ဩဇာရှိသူကို ငွေ၊ လက်ဆောင် သို့မဟုတ် အခွင့်အရေး ပေးခြင်း။

၇။ ရွေးချယ်ရေး လုပ်ငန်းစဉ်ပေါ်တွင် ဩဇာရှိသည့် တာဝန်ရှိသူမှ ကိုယ်ကျိုးရှာခြင်း။

၈။ ခွင့်ပြုမိန့် ချထားပေးသည့် လုပ်ငန်းစဉ်တွင် အပြိုင်အဆိုင် မဖြစ်စေရန် ရည်ရွယ်ချက် ရှိရှိဖြင့် ဆောင်ရွက်ခြင်း။

၉။ ကုမ္ပဏီတစ်ခုသည် ခွင့်ပြုမိန့် ရရှိရန်အတွက် တတိယ အင်အားစုကို အသုံးချခြင်း။

၁၀။ ခွင့်ပြုမိန့် ရသည့် ကုမ္ပဏီမှ ပေးသွင်းမှုများသည် အစိုးရ စာရင်းသို့ မဝင်ပဲ အခြားသို့ ရောက်သွားခြင်း။

၁၁။ ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် စည်းကမ်းများသည် လုပ်ငန်း သို့မဟုတ် ဈေးကွက် စံနှုန်းများနှင့် သိသိသာသာ ကွာဟနေခြင်း။

၁၂။ ခွင့်ပြုမိန့်ရသည့် ကုမ္ပဏီ သို့မဟုတ် ၎င်းပိုင်ရှင်သည် လုပ်ငန်း ကြီးကြီးမားမား ဆောင်ရွက်ပြီးစီးခြင်း မရှိသေးပဲ ခွင့်ပြုမိန့်ကို အမြတ်များများဖြင့် ရောင်းချခြင်း။

၁၃၂ လွှတ်တော်အမတ်၊ အစိုးရ တာဝန်ရှိသူ၊ ဂျူရီအဖွဲ့ဝင် သို့မဟုတ် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်း အကြီးအကဲကဲ့သို့သော အများပြည်သူဆိုင်ရာ အရေးကြီးတာဝန်များ အပ်နှံထားခြင်း ခံရသည့် ပုဂ္ဂိုလ်ကို နိုင်ငံရေးအရ ဩဇာရှိသူဟု သတ်မှတ်သည်။ ၎င်းတို့ ရာထူး သို့မဟုတ် ဩဇာကြောင့် အဂတိလိုက်စားမှုနှင့် မရိုးမသား ဆောင်ရွက်မှုများတွင် ပို၍ သံသယဝင် ခံရသည်။

# ကိုးကားစာရင်း

Asia Foundation. *State and Region Governments in Myanmar.* 2018. asiafoundation. org/publication/state-and-region-governments-in-myanmar-new-edition-2018.

Asia Foundation. *State and Region Governments in Myanmar: Policy Brief.* 2018. asiafoundation.org/wp-content/uploads/2018/10/State-and-Region-Governments-in-Myanmar-2018-Policy-Brief_Eng.pdf

Bauer, Andrew, Lorenzo Delesgues and Paul Shortell. *Sharing the Wealth: A Roadmap for Distributing Myanmar's Natural Resource Revenues.* Natural Resource Governance Institute, 2016. resourcegovernance.org/analysis-tools/publications/sharing-wealth-roadmap-distributing-myanmars-natural-resource-revenues.

Bauer, Andrew, Uyganga Gankhuyag, Sofi Halling, David Manley and Varsha Venugopal. *Natural Resource Revenue Sharing.* Natural Resource Governance Institute and United Nations Development Program, 2016. resourcegovernance.org/analysis-tools/publications/natural-resource-revenue-sharing.

Echavarria, Cristina. *What is Legal: Formalizing Artisanal and Small-Scale Mining in Colombia.* IIED, 2014. www.responsiblemines.org/wp-content/uploads/2017/05/What-is-legal-C-Echavarria.pdf.

Extractive Industries Transparency Initiative, *Guidance Note 3: License Registers.* 2016. eiti.org/sites/default/files/documents/guidance-note-3-license-registers-en_2016.pdf.

Extractive Industries Transparency Initiative, *Guidance Note 21: Coverage of Artisanal and Small-Scale Mining (ASM) in EITI.* 2016. eiti.org/sites/default/files/documents/guidance-note-21-asm.pdf.

Federal Republic of Nigeria-Ministry of Mines and Steel Development, *ASM Handbook for Nigeria (GEUS and MMSD).* 2019.

Intergovernmental Forum on Mining, Minerals, Metals and Sustainable Development (IGF). *Global Trends in Artisanal and Small-scale Mining (ASM): A Review of Key Numbers and Issues, IISD.* 2017. www.iisd.org/library/global-trends-artisanal-and-small-scale-mining-asm-review-key-numbers-and-issues.

Intergovernmental Forum on Mining, Minerals, Metals and Sustainable Development (IGF). *IGF Guidance for Governments: Managing Artisanal and Small-Scale Mining, IISD.* 2017. www.iisd.org/sites/default/files/publications/igf-guidance-for-governments-asm_0.pdf.

International Conference on the Great Lakes Region (ICGLR), *Pilot Study: Advancing Transparency in Artisanal and Small-Scale Mining and Mineral Supply Chains in the Great Lakes Region.* 2015. icglr-rinr.org/images/resources/reports/ICGLR-Report-EITI--et-ASM-EN.pdf.

Iwerks, Rebecca and Varsha Venugopal. *It Takes a Village: Routes to Local-Level Extractives Transparency.* Natural Resource Governance Institute, 2016. resourcegovernance.org/analysis-tools/publications/it-takes-village-routes-local-level-extractives-transparency.

Government of Mongolia-Ministry of Mining, Swiss Agency for Development and Cooperation and the Asia Foundation. *Frugal Rehabilitation Methodology: Field Handbook.* 2016.

*Government of Sierra Leone-Ministry of Mineral Resources, Guidelines for Applying for an Artisanal Mining Licence.* 2009. s3-eu-west-1.amazonaws.com/rdwebsite/slminerals/Schedules/E3%20Guidelines%20Fifth%20Schedule.pdf.

Government of Sierra Leone-National Minerals Agency, *Information for Mineral*

*Right Acquisition: Small-Scale and Large-Scale Mining Licences.* 2015. www.nma.gov.sl/home/wp-content/uploads/2015/07/Small-scale-and-Large-scale-Mining-Licences.pdf.

McFarlane, Dylan and Rebecca Villalobos. *The State of Artisanal Mining in Myanmar.* Pact, 2019.

Mutagwaba, Willison, John Bosco Tindyebwa, Veronica Makanta, Delphinus Kaballega, and Graham Maeda, *Artisanal and Small-Scale Mining in Tanzania – Evidence to Inform an 'Action Dialogue'*. IIED, 2018. pubs.iied.org/pdfs/16641IIED.pdf.

Myanmar Center for Responsible Business (MCRB), *Sector Wide Impact Assessment of Limestone, Gold and Tin Mining in Myanmar*. 2018.

Myanmar Extractive Industries Transparency Initiative (MEITI). *The Fourth Myanmar EITI Report for the Period 1 April 2016 to 31 March 2017.* 2019.

Natural Resource Governance Institute, *Natural Resource Charter: Second Edition.* 2014. resourcegovernance.org/sites/default/files/NRCJ1193_natural_resource_charter_19.6.14.pdf.

Natural Resource Governance Institute, *Primer: Granting Rights to Natural Resources.* 2015. resourcegovernance.org/analysis-tools/publications/primer-granting-rights-natural-resources

Natural Resource Governance Institute. *2017 Resource Governance Index*. 2017. resourcegovernance.org/analysis-tools/publications/2017-resource-governance-index.

Natural Resource Governance Institute and Open Contracting Partnership, *Open Contracting for Oil, Gas and Mineral Rights: Shining a Light on Good Practice.* 2018. resourcegovernance.org/sites/default/files/documents/open-contracting-for-oil-and-gas-mineral-rights.pdf.

Ortega Girones, Enrique, Alexandra Pugachevsky and Gotthard Walser. *Mineral Rights Cadastre: Promoting Transparent Access to Mineral Resources,* World Bank, 2009. documents.worldbank.org/curated/en/574121468159912093/Mineral-rights-cadastre-promoting-transparent-access-to-mineral-resources.

Ortega Girones, Enrique, *Myanmar Mineral and Gemstone Cadastre System Conceptual Design: Final Report,* Myanmar Extractive Industries Transparency Initiative, 2018.

Owen, John, and Deanna Kemp, *A Large-Scale Perspective on Small-Scale Mining,* Centre for Social Responsibility in Mining, Sustainable Minerals Institute, University of Queensland, 2019. csrm.uq.edu.au/publications/ a-large-scale-perspective-on-small-scale-mining.

Philippines Extractive Industries Transparency Initiative. *Volume II of the PH-EITI Country Report 2015.* 2015. eiti.org/sites/default/files/documents/volume-ii_of_the_ph-eiti_country-report_2015_1.pdf.

Prescott, Graham. *Gold, Farms and Forests: Enforcement and Alternative Livelihoods Are Unlikely to Disincentivize Informal Gold Mining – Draft,* Conservation Biology, 2019.

Republic of Ghana-Ministry of Lands and Natural Resources, *Artisanal and Small-Scale Mining Handbook for Ghana,* GEUS and PanAfGeo. 2017. oagsafrica.org/images/training/WP3SUCCESSSTORY/FINAL-Artisanal-Handbook-for-Ghana.pdf.

Republic of the Union of Myanmar. *Constitution of the Republic of the Union of*

*Myanmar.* 2008.

Republic of the Union of Myanmar. *Law Amending the Myanmar Mines Law.* 2015.

Republic of the Union of Myanmar. Ministry of Natural Resources and Environmental Conservation. *Environmental Impact Assessment Procedure.* 2015.

Republic of the Union of Myanmar. Ministry of Natural Resources and Environmental Conservation. *The Myanmar Mines Rules.* 2018.

Republic of the Union of Myanmar-Ministry of Natural Resources and Environmental Conservation. *Notification 11/2018.* 2018.

Republic of Zambia, *Artisanal and Small-Scale Mining Handbook for Zambia,* GEUS and PanAfGeo. 2018.

Sahla, Sebastian, Andrew Bauer and Natalie Kirk. *Natural Resource Federalism: Considerations for Myanmar.* Natural Resource Governance Institute, 2018. resourcegovernance.org/analysis-tools/publications/natural-resource-federalism-considerations-myanmar.

Sahla, Sebastian, Hosana Chay and Rob Pitman, *How and Why the Myanmar Government Should Publish Petroleum and Mining Contracts,* Natural Resource Governance Institute, 2019. resourcegovernance.org/analysis-tools/publications/how-and-why-myanmar-government-should-publish-petroleum-and-mining.

Singo, Patience and Kady Seguin. *Best Practices: Formalization and Due Diligence in Artisanal and Small-Scale Mining,* IMPACT, 2018. www.africaportal.org/publications/best-practices-formalization-and-due-diligence-artisanal-and-small-scale-mining.

Shortell, Paul and Maw Htun Aung. *Mineral and Gemstone Licensing in Myanmar.* Natural Resource Governance Institute, 2016. resourcegovernance.org/analysis-tools/publications/mineral-and-gemstone-licensing-myanmar.

Shortell, Paul. *Losing Luster: Addressing Tax Evasion in Myanmar's Jade and Gemstone Industry.* Natural Resource Governance Institute, 2019. resourcegovernance.org/analysis-tools/publications/losing-luster-addressing-tax-evasion-myanmars-jade-and-gemstone.

Sustainable Artisanal Mining Project, *How to Extract Minerals from Artisanal and Small-Scale Mines,* Swiss Agency for Development and Cooperation and Government of Mongolia-Ministry of Mining. 2015. drive.google.com/file/d/0BzzumgfifIF6bU9LWWRtRnBkRzg/view.

United Nations Industrial Development Organization, *Follow the Money: A Rapid Assessment of Gold and Financial Flows Linked to Artisanal and Small-Scale Gold Mining in Mongolia.* 2017. unido.org/sites/default/files/files/2019-02/Follow%20the%20Money_Mongolia.pdf.

UNITAR and UN Environment. *Handbook for Developing National ASGM Formalization Strategies within National Action Plans.* 2018. unitar.org/cwm/portfolio-projects/artisanal-and-small-scale-gold-mining-asgm.

Venugopal, Varsha. *Assessing Mineral Licensing in a Decentralized Context: The Case of Indonesia.* Natural Resource Governance Institute, 2015. resourcegovernance.org/analysis-tools/publications/assessing-mineral-licensing-decentralized-context-case-indonesia.

Verite, *The Nexus of Illegal Gold Mining and Human Trafficking in Global Supply Chains: Lessons from Latin America.* 2016. verite.org/wp-content/uploads/2016/11/Verite-Report-Illegal_Gold_Mining-2.pdf.

World Bank. *2019 State of the Artisanal and Small-Scale Mining Sector.* 2019. beta.delvedatabase.org/uploads/resources/Delve-2019-State-of-the-Artisanal-and-Small-Scale-Mining-Sector.pdf

ကျေးဇူးတင်လွှာ

ယခုစာတမ်းအတွက် သုတေသန ပြုလုပ်သည့် လုပ်ငန်းများတွင် အကြံပြု ပါဝင်ပေးခဲ့ကြသည့် အစိုးရ၊ လုပ်ငန်းရှင်၊ အရပ်ဘက် လူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ အထူးသဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စတိတ်ဟိုဒါစုံ ပါဝင်သည့် ဆွေးနွေးပွဲများတွင် ဖိတ်ကြားပေးခြင်း၊ သတင်း အချက်အလက်များ၊ အမြင်သဘောထား များကို ပြောပြပေးခဲ့သည့် Myanmar Alliance for Transparency and Accountability ၊ Transparency and Accountability Network of Kachin State နှင့် Myanmar Centre for Responsible Business တို့ကို ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ Richard Batchelor ၊ Audrey Gaughran ၊ Ben Hardman ၊ Benjamin Katz ၊ Chorn Nak ၊ Enrique Ortega Girones ၊ Adam Rolfe ၊ Amir Shafaie ၊ Patience Singo ၊ Carol Sivpey Te နှင့် Charles Young တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ နောက်ဆုံးအနေဖြင့် စာတမ်းပြုစုခြင်း လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်း၊ အချောသတ်ခြင်း ကိစ္စများတွင် အဖိုးမဖြတ်နိုင်သည့် အကူအညီများ ပေးခဲ့သည့် Matthieu Salomon ၊ Nicola Woodroffe နှင့် မော်ထွန်းအောင် တို့ကိုလည်း အထူး ကျေးဇူးတင်ပါသည်။

*Sebastian Sahla သည် NRGI မှ အကြံပေး ဖြစ်သည်။ ယခင်က NRGI မြန်မာနိုင်ငံ ရုံးတွင် တာဝန် ထမ်းဆောင်ခဲ့သည်။*

*Hosana Chay သည် NRGI မြန်မာနိုင်ငံ ရုံးမှ ဝန်ထမ်းတစ်ဦး ဖြစ်သည်။*

This publication was jointly funded the U.K. government. The opinions, findings and conclusions stated herein are those of the authors and do not necessarily reflect those of the U.K. government.

UKaid
from the British people

လွတ်လပ်ပြီး အကျိုးအမြတ် မရှာဖွေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော သဘာဝ သယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေး အဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများ မိမိတိုင်းပြည်မှ ထွက်သော ရေနံ၊ သဘာဝဓါတ်ငွေ့ နှင့် သတ္တုတွင်းထွက်များ ကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်စေရန် လက်တွေ့ အသုံးချ သုတေသနပြုခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာ အကြံဉာဏ်ပေးခြင်း နှင့် စည်းရုံးရေး ပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။
ထပ်မံလေ့လာရန် – www.resourcegovernance.org

Natural Resource Governance Institute
Oil, gas and mining for development